www.burmeseclassic.com



www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | – | ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ် |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | (၅၀၀) ကျပ် |
| ထုတ်ဝေသူ | – | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃) အမှတ်(၃၈)၊ မလွှကုန်းလမ်း ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | – | ဦးသက်လွင် (၀၀၆၅၁) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | – | ပန်းအိဝ် |
| ဖြန့်ချိရေး | – | သစ္စာမွန်စာပေ |
| အတွင်းသရုပ် | – | ကိုအောင်ကျော် |
| စာအုပ်ချုပ် | – | သစ္စာမွန် |

၈၉၅.၈၃

ရွှေဘဝင်

ဤ...ခရီးအဆုံး/ရွှေဘဝင်။-ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၅။

၂၁၄-စာ၊ ၁၂ × ၁၈ စင်တီ။

(၁) ဤ...ခရီးအဆုံး


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်

၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁-၅၄၁၄၂၁

www.burmeseclassic.com

www.burmeseclassic.com

# လှော်တက်လေပါခြင်းမှာဝို့လှော်တက်ခြောက်ကျွဲ

## အခန်း(၁)

"ဒေါင်...ဒေါင်...ဒေါင်"

"ဟူး..."

မီးကောင်းတဲမှခေါက်လိုက်သော ည(၁၂း၀၀)နာရီသံချောင်းခေါက်သံကြောင့် ကျွန်မမေ့းမပျော်သေးတဲ့ အိပ်ရာပေါ်မှ ဆင်းပြီးပြတင်းပေါက်ဘက်သို့လှမ်းပြီးကြည့်တော့လရိပ်ကလေးနုံးမျက်စလေးနဲ့အလင်းရောင်က စမ်းတဝါးဝါး...ကျွန်မတို့ညဏ်အခွင့်အရေးရှိအသုံးချရန် အချိန်ကိုရောက်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဒီအိမ်ကြီးမှာဆက်ပြီးမနေချင်တော့ပေ။ ကျွန်မ မိဘ
တွေတိမ်းပါးပြီးနောက်ပိုင်းကျွန်မကိုစောင့်ရှောက်ခဲ့ကြသော အဒေါ်
ခင်သီတာမှာမေမေ့ညီမအရင်းခေါက်ခေါက်ကြီးဆိုပေမယ့် သူမ
ခင်ပွန်းဦးလွန်းစိုးကိုကြောက်ရသူဆိုတော့ ကျွန်မဘဝကို ကာကွယ်
ပေးနိုင်မှာမဖြစ်နိုင်၊ သူတို့ဆီမှာ နေသည့်ဆိုပေမယ့် သူတို့လင်မယား
နှစ်ယောက်လုံးကျွန်မမိဘများ ကျန်ရစ်ခဲ့သောအိမ်၊ခြံ၊လယ်၊ ကျွဲတွေ
ပေါ်မှာအဆင်သင့်တက်ပြီးအုပ်ချုပ်ကြ၍ တခြားသူများ ရှေ့တွင်ကျွန်မ
ပေါ်မှာဦးလွန်းစိုးသည်သမီးရင်းတစ်ယောက်လိုဟန်ဆောင် ဆက်ဆံ
တတ်ပြီး...နောက်ကွယ်တွင်ကျွန်တစ်ယောက်လိုဆက်ဆံလေသည်။
ယခုဆိုကျွန်မအသက်(၁၈)နှစ်ထဲသို့ရောက်ခဲ့ပြီး (၁၀)တန်းထိသာ
ပညာသင်ခွင့်ရပြီးကျောင်းဆက်မတက်ရတော့ပါ။ အဒေါ်ဖြစ်သူမှာ
လည်းရုတ်တရက်အောက်ပိုင်းအကြောသေရောဂါကြောင့်အိပ်ရာထဲ
လှဲချိန်တွင် ဦးလွန်းစိုးသည် ကျွန်မမိဘပိုင် စီးပွားရေးကို ထင်တိုင်း
ခြယ်လှယ် လုပ်ကိုင်ပေမဲ့... သူ့စိတ်တိုင်းကျရွှေငွေများတော့မရခဲ့ပါ
အကြောင်းမှာ ကျွန်မမိဘများတိမ်းပါးစဉ်ကကျွန်မဟာ (၁၀)နှစ်သမီး
အရွယ်သာရှိသေးသဖြင့် ရပ်ရွာလူကြီးများက ကျွန်မအသက်(၂၀)



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တဲ့အရွယ်ရောက်မှသာ လွှဲပြောင်းပေးကြမည်ဖြစ်သည်ကို အဒေါ်ကသဘောတူခဲ့သော်လည်း ဦးလွန်းစိုးကသဘောမတူခဲ့ပေ။ သူကအဒေါ်နှင့် ပတ်သက်မှ ဦးလေးဖြစ်ရသူမို့ဘာတစ်ခုမှဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရခဲ့ပေ။ လယ်ယာကနှစ်စဉ် ထွက်ရှိသော အကျိုးအမြတ်တွေကိုလည်း တစ်ဝက်ကိုသာ သုံးစွဲပိုင်ခွင့်ရပြီး ကျန်တစ်ဝက်ကိုကျေးရွာလူကြီး တွေက သိမ်းပေးခဲ့လေသည်။

ကျွန်မငယ်ငယ်က အနိုင်ကျင့်ခဲ့သော ဦးလွန်းစိုးသည် ယခုကျွန်မအရွယ်လေးရလာတော့ကျွန်မပေါ်မှာမကောင်းကြံရန်ကြံစည်နေသည်ကိုသတိပြုမိလိုက်သည်။ကျွန်မဒီအိမ်ကြီးမှာဆက်ပြီးမနေရျင်ခြင်းမှာအဒေါ်ဖြစ်သူသည်ကျွန်မဘဝကိုကာကွယ်ပေးနိုင်သည့်အခြေအနေတွင်မရှိတော့ခြင်းကြောင့်ဖြစ်သည်။

"ရှပ်.....ရှပ်.....ရှပ်"

"ဟင်.."

ကျွန်မဒီအိမ်ကြီးကနေ ထွက်သွားရန်ပြင်ဆင်ထားသည့်ခရီးဆောင်အိတ်ကလေးကိုတံခါးကြားတွင်ဝှက်လိုက်ပြီးဖယောင်းတိုင်မီးလေးကိုမှုတ်ကာ(၃)တောင့်တိုးခါတ်မီးကိုဆုပ်ကိုင်ကာခြေကိုဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နားစွင့်နေလိုက်သည်။

"တို့..."

"အယ်..."

ကျွန်မအခန်းတံခါးကိုတွန်းဖွင့်ပြီးခဏမျှ ရပ်ကာနေသော ပုံရိပ်ကြီးကိုလရောင်အောက်တွင်တွေ့နေလိုက်ရပြီး ဘယ်သူဘယ်ဝါ ဆိုတာကိုကျွန်မသိလိုက်သည်။ဦးလွန်းစိုး...

ကျွန်မမျက်နှာတွင်ချွေးစေးလေးတွေပင်ကျလာပြီးကြောက် ရွံ့ထိတ်လန့်နေမိသည်။ ကျွန်မဒူးလေးတွေ တုန်ယင်နေပြီး အစန်း ထောင့်သို့ ရောက်သွားတော့သည်။ကျွန်မရင်တွေတလှပ်လှပ်တုန် လှုပ်လျက်ရှိစဉ်ဦးလွန်းစိုးကျွန်မခြင်ထောင်ကိုဆွဲဖယ်ကာ အနားသို့ ရောက်လာသည် နှင့်အရက်နံ့ တွေကိုဆိုးဆိုးဝါးဝါးရှူရှိုက် မိလိုက် သည်။

"တူ..မ..လေး ဟဲဟဲ ဦးဦးပါကွာ ဘာမှမကြောက်နဲ့၊ တူ မလေးဘဝကိုဦးဦးကတစ်သက်လုံးစောင့်ရှောက်မှာပါ နော်..နော်"

ကျွန်မအနားအတင်းတိုးကပ်လာနေသောကြောင့်မအော် ဟာစ်ဖို့ကြိုးစားရိုန်တွင်...



www.burmeseclassic.com

www.burmeseclassic.com



"အု...ဝု...ဝု..."

ကျွန်မပါးစပ်ကိုအတင်းပိတ်ပြီးလှဲချရန်ကြိုးစားချိန်တွင် ဘျွန်မ မျက်လုံးမှိတ်ပြီးလက်ထဲမှဓါတ်မီးနှင့်ရိုက်ချလိုက်တော့သည်။

"ဖြောင်း..."

"အား...ခွေး...ခွေးမ..ငါ့ကိုရိုက်တယ်"

ကျွန်မအတွက် မထူးတော့ခြင်းကြောင့် သူ့ရင်ဝကိုခြေစုံပစ် ကန်လိုက်တော့သည်။ ဦးလွန်းစိုးနောက်မှန်ရုံနှင့် ထပ်ရိုက်မိကာ လုံးလုံးပြန်ပြီးမထနိုင်တော့ပေ။

"ဟင် သူ သူ သေသွားပြီလား ဘုရား ဘုရား ဘုရား..."

ကျွန်မလက်ထဲမှဓါတ်မီးနှင့်ထိုးကြည့်တော့ ဓါတ်မီးကမီး မလင်းတော့ပေ။ အလင်းရောင်ဖျော့ဖျော့ထဲတွင်ဦးလွန်းစိုးခန္ဓာကိုယ် ကြီးကကျောက်ရုပ်ကြီးပမာ....၊ ကျွန်မဘာလုပ်ရမလဲဆိုတာ တွေဝေ မနေတော့ဘဲ တံခါးကြားထဲကအထုပ်ကိုဆွဲယူပြီး အောက်ထပ်ဆီသို့ ဆင်းလာခဲ့တော့သည်။

"ငါလူသတ်သမားဖြစ်သွားပြီလား"

ကျွန်မအတွေးတွေက ကျွန်မကိုပြန်ပြီးခြောက်လှန့်နေ

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ အိမ်အောက်ထပ်ကိုရောက်တော့ဒုက္ခိတ အခေါ်ဖြစ်သူအခန်းဘက်ကိုလှည့်ပြီးဦးရိုက်ရှိခိုးကာအိမ်ကြီးထဲမှ ကျွန်မထွက်လာခဲ့တော့သည်။

ကျွန်မဘယ်ကိုသွားရမလဲကျွန်မသွားတတ်သောနေရာမှာအိမ်မရှိလှပေ။(၁၀)တန်းကျောင်းသူဘဝကသူငယ်ချင်းတွေနှင့်သွားလာဖူးပေမဲ့ခရီးဝေးတော့တစ်ခါမှမသွားခဲ့ပေ။ ခရီးဝေးဆိုလို့မှတ်မှတ်ရရကျောင်းတက်စဉ်ကကျွန်မနှင့်သိပ်ခင်တဲ့ ညွန့်ညွန့် ဆီကိုကျွန်မလိုက်သွားဖူးသည်။ သူမကကျွန်မတို့မြို့လေးနှင့်တော်တော်ဝေးသောရွာမှကျောင်းလာတက်သူ။ သူမဆီကိုရထားနှင့်သွားရသည်။ ဒါကိုတော့ကျွန်မကောင်းကောင်းမှတ်ထားသည်။ စက်တာကကျွန်မအိမ်ကနေ ရထားဘူတာသို့တစ်နာရီခန့်လမ်းလျှောက်ရသည်။ ရထားက မနက် (၆း၀၀)နာရီမှရောက်မည်ဖြစ်သည်။ ခုလိုညသန်းခေါင်ယံကြီး တွင် ကျွန်မတစ်ဦးတည်းသွားရန်သတ္တိမရှိသော်လည်း ကျွန်မအတွက်ရွေးချယ်စရာမရှိတော့သဖြင့်ကျွန်မနောက်ပြန်ဆုတ်၍မဖြစ်နိုင်တော့ပေ။

လကွေးကွေးလေးအောက်မှမြေနီလမ်းထက်ပေါ်မှာကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ခရီးတစ်ခုကိုမရပ်မနားဖြတ်သန်းနေပြီဖြစ်သည်။

ဒါမှပင် ကျွန်မနောက်မှကပ်ပါလာသောအရိပ်မည်းကြီးနှင့်ဝေးရာကိုရောက်မှာ....



www.burmeseclassic.com

www.burmeseclassic.com

၁

"ဂျက်ဖီးမင်းတာဝန်ကျပြီကွာ…"

"ဝူ…"

သူပြောလိုက်သောစကားကို ဂျက်ဖီးဆိုတဲ့ခွေးဖြူကြီး နားလည်ဟန်ဖြင့်အမြီးလေးကိုလှုပ်ယမ်းပြပြီးအလင်းဖျော့ဖျော့လရောင် အောက်တွင်ကြေကွဲဝမ်းနည်းစွာဖြင့်ကြည့်နေလေသည်။

"ငါ့ကိုယ်စားငါ့ပန်းခြံလေးကို စောင့်ရှောက်၊ ငါဒီအိမ်ကြီးမှာ ဆက်ပြီးနေလို့မရဘူးဂျက်ဖီး ငါဆက်ပြီးနေရင် ဒီမိန်းမကြီးကိုငါ သတ်မိတော့မယ်…ဟင်း…"

သူ့နှုတ်ဖျားကစကားလုံးများနှင့် အတူဒေါသငွေ့က ရင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့နေသည်။ သူ့ဘဝတွင်အမုန်းဆုံးအနာကျင်ဆုံး သူကိုလက်ညှိုးထိုးပြပါဆိုရင်သူ့ဖခင်ဦးခင်အောင်၏နောက်အိမ်ထောင်ဒေါ်သင်းသင်းနိုင်ဖြစ်သည်။ ဒေါ်သင်းသင်းနိုင်မှာလောင်းကစားလောကတွင် ထိပ်တန်းစာရင်းဝင်သောသူတစ်ယောက်...မေမေဆုံးပါးပြီး ကလေးတစ်ယောက်အဖေမုဆိုးဖိုကြီးကိုလောင်းကစားပွဲတွေဆက်တိုက်ရှုံးနေသည့်ဒေါ်သင်းသင်းနိုင်ကပစ် မှတ်ထားပြီးအပိုင်ကြံသွားခဲ့တဲ့ထဲမှာသူကံကြားညှပ်ခဲ့ရသူ... မေမေဆုံးတော့ သူ့အသက် (၁၁)နှစ်သားအရွယ်(၅)တန်းကျောင်းသား ဒေါ်သင်းသင်းနိုင်က အဝင်လေးတော့ကောင်းခဲ့သည်။ ဖေဖေနှင့်အိမ်ထောင်ကျပြီး(၃)နှစ်လောက်ထိအားလုံးအဆင်ပြေခဲ့ပြီး(၃)နှစ်ကျော်ပြီးနောက်ပိုင်းတွင်ဘီလူးဇာတ်ရုပ်မှာထင်ထင်ရှားရှားပေါ်ခဲ့လေသည်။

အိမ်မှုလုပ်ငန်းများခြယ်လှယ်ပိုင်ခွင့်ရသည်နှင့်သူ့ခပါမှာမိထွေးပီပီဇာတ်ရုပ်ပြလာလေသည်။ ဖေဖေက ဒေါ်သင်းသင်းနိုင်ရဲ့ အရုပ်တစ်ရုပ်...သူဆိုတဲ့ကောင်ကငယ်ငယ်လေးတည်းကအနိုင်ကျင့်သာကိုဘာတစ်ခုမှလက်မခံ၊ ဒါကြောင့်ဒေါ်သင်းသင်းနိုင် သူ့ကိုကိုင်တွယ် ဖို့ခက်နေသဖြင့်မုန့်ဖိုးကိုပင်မှန်မှန်မပေးတော့ပေ။ ဖေဖေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူ့အမိတွေကိုသိနေသော်လည်းဘာမှပြောဆိုခြင်းမရှိခဲ့ပေ။

သူတာလည်းဘယ်တော့မှမိထွေးဆီမှာလက်ဖြန့်အညှာမခံခဲ့။ ထွေချိန်သည့်နည်းလမ်းများကိုရှာဖွေခဲ့သည်။ကျောင်းလွှတ်သည်နှင့် အိမ်သို့မပြန်သေးဘဲဘူတာရုံဘက်မှာကူလီဝင်ထမ်းသည်။ ထို့နောက် ဘူတာကကောင်တွေနဲ့ရင်းနှီးလာကာ အံစာလိုမ့်၊ ဖဲရိုက်စသည့် လောင်းကစားများပါတတ်ခဲ့ပြီး လောင်းကစားဘက်မှာပါရမီပါတဲ့သူ လားတော့မသိ၊အံစာသမားဖဲသမားကြီးတွေတောင်လက်ရှောင်ခဲ့ရတဲ့ အဆင့်ကိုရောက်ခဲ့တယ်။သာမန်ကြေးဝိုင်းကလေးကနေ ကြေးကြီး ဝိုင်းထိပါဝင်နွှဲခဲ့ရင်းကျောင်းစာနှင့်တဖြည်းဖြည်းကင်းကွာခဲ့ရတယ်။ မိထွေးဖြစ်သူမှာသူ့ပညာမတတ်လေကောင်းလေပဲပေ့ါ။ဖခင်ဖြစ်သူ မှာလည်း သားပညာရေးထက် သူ့ဇနီးငယ်အရေးသာ သူ့အာရုံထဲမှာ ရှိပြီး...သားဖြစ်သူမှာတကယ့်ကိုမိဘမဲ့တစ်ဦးလိုဖြစ်ခဲ့ရပြီးပျက်စီးခြင်း လမ်းပေါ်သို့ရောက်ခဲ့ရလေသည်။ အိမ်သို့ပြန်ချင်မှပြန်၍မပြန်သော ရက်ကများခဲ့ပြီး၊ တစ်နေ့လောင်းကစားဝိုင်းကိုသက်ဆိုင်ရာမှဝင်ဖြိုး ဖမ်းတော့အဖမ်းခံရ၍ထောင်(၁)နှစ်ကျခဲ့ပြီးမှအိမ်သို့ပြန်ရောက်ခဲ့သည်။ ဒီအချိန်မှာဖခင်ဖြစ်သူမှာလူ့ဖလောကကြီးတွင်မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမိထွေးလုပ်သူကလက်မခံချင်တော့ပေမယ့် နင်ချ၍ မြစ်နိုင်သဖြင့်မကြည်ဖြူဘဲအိမ်မှာလက်ခံခဲ့ရသည်။ သူ့ကိုကြောက်လည်းပါမည်။ သူ့သတင်း၊ သူ့အကြောင်းတွေကိုဒေါ်သင်းသင်းနိုင်ကြားနေမှာပါ။ ဒုစရိုက်လောကတွင်သူက နာမည်ရလူမိုက်စာရင်းဝင်တစ်ဦး...

သူ သတိထားရမှာက ဒေါ်သင်းသင်းနိုင်သည် ယုတ်မာကောက်ကျစ်သည့် နေရာတွင် ပိရိသေသပ်လှတဲ့မိန်းမဖြစ်၍ သူအိမ်မှာနေပေမယ့် တစ်ချက်လေးမှ သတိအလစ်မခံခဲ့ပေ။ ထမင်းဟင်းကိုအိမ်မှာ ဘယ်တော့မှ မစား၊ အပြင်မှာပဲ စားလေသည်။ ဒီလိုအစစအရာရာ သတိထားလျက်မှ...တစ်နေ့တွင်...

"မိုးယံ.."

"ဘာလဲဒေါ်သင်း"

သူအိမ်ရှေ့ဧည့်ခန်းတွင် မီခင်၊ ဖခင်ဓါတ်ပုံကြီးကို ငေးကြည့်နေစဉ်ဒေါ်သင်းသင်းနိုင်လှမ်းပြီးခေါ်ရင်းသူ့ရှေ့တွင်ဝင်ပြီးထိုင်သည်။

"မင်းအပြင်မထွက်တော့ဘူးလား"

"မထွက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပွဲမှမရှိဘူးလား"

"ရှိတယ်စိတ်ထဲမှာဘာမှအရသာမတွေ့လို့မသွားတာ"

"ဒါဆိုအန်တီအပြင်ခဏသွားဦးမယ်"

အရင်ကသူသွားစရာရှိတာကိုသွားပြီးသူမကိုအသိပေးခြင်းမရှိ၊ ထိုနည်းတူစွာပင် ဒေါ်သင်းသင်းစိုင်အပြင်သွားရင်လည်း သူ့ကိုရလိုလာပြီးအသိပေးပြောတာမျိုးမရှိ၊ခုဟာကထူးဆန်းနေသည်၊

"အန်တီ့တူမလေးရောက်လာမယ်၊ဒါကြောင့်မိုးယံကိုမှာထားခဲ့တာပါ.."

"ရပါတယ်"

"နာမည်ကမေသက်သက်ဦးတဲ့သွားမယ်နော်"

သူခေါင်းညိတ်ပြလိုက်ပြီးထမင်းစားခန်းဘက်သို့ဝင်ကာရင်ထဲအေးသွားအောင်ရေခဲသေတ္တာထဲမှရေဘူးကိုထုတ်ယူစဉ်(× × ×)အမျိုးအစားအရက်တစ်လုံးကိုတွေ့လိုက်ရသဖြင့်သောက်ချင်စိတ်ဖြစ်လာသည်နှင့်စားပွဲပေါ်တင်ကာတစ်ယောက်တည်းအမြည်းမပါသောက်နေမိသည်၊

"ဒီး...ဒီး...ဒီး..."



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှလှမ်းခေါ်ဘဲလ်သံကြောင့် အရက်ခွက်ကိုအပြီးသတ်မော့လိုက်ပြီးထွက်လာတော့စပ်ရော်ရော်မိန်းကလေးတစ်ဦးကိုတွေ့လိုက်ရကာ တစ်ခါမှတော့မြင်ဘူးခြင်းမရှိပေ။

"ဒါ..အန်တီသင်းသင်းအိမ်ဟုတ်ပါလားအစ်ကို.."

"ဟုတ်တယ်မင်းဘယ်သူလဲ"

"ကျွန်မကသူ့တူမပါ"

"မေသက်သက်ဦးဆိုတာလား"

"ဟုတ်ပါတယ်အစ်ကို"

"မင်းအဒေါ်ကတော့မရှိဘူး.... အပြင်ကိုခဏသွားတယ်စောင့်လိုက်ပေါ့"

"ဟုတ်ကဲ့"

သူမကိုညှို့ခန်းဘက်ကို သွားနိုင်းပြီးသူသောက်လက်စအရက်ပုလင်းဆီကိုပြန်လာခဲ့တော့သည်။

"ဟား..."

အရက်ကိုသူမသောက်ခဲ့တာကြာပြီ။ အရက်သောက်ပြီးသွားတယ်ဆိုတာသိပ်ပြီးမရှိလှပေ။သူကိုယ်တိုင်ကသတိရကော်လွတ်

www.burmeseclassic.com

www.burmeseclassic.com



ခေါက်၊ ရအရက်ခွက်လေး(၃)ခွက်လောက်သာသောက်ရသေး

သည်၊ ခေါင်းတစ်ခုလုံးမင်းခါလောက်အောင်မူးနေလေပြီ၊ သူသိလိုက်

တာကတော့အရက်ကိုဆက်ပြီးသောက်ရန် မဖြစ်နိုင်တော့ချေ၊ ထိုနေ

ရာမှထပြီးသူ့အိပ်ခန်းဆီသို့အားယူပြီးထွက်လာစဉ်...

"ဝုန်း..."

"အယ်..အစ်ကို"

သူ့ခြေထောက်တွေဟန်ချက်မညီတော့ဘဲ ရှေ့သို့ထိုးကျ

သွားသည်၊ ဒေါ်သင်းသင်းနိုင်၏တူမမေသက်သက်ဦး သူလဲကျနေ

သည့်နေရာဆီသို့အပြေးကလေးလာနေတာတော့သိလိုက်ပေမယ့်သူ

ကိုမတွဲရန်တားမြစ်ဖို့ထိ နှုတ်ဖျားကစကားလုံးတွေထွက်မလာခဲ့ပေ

အသိ အာရုံထဲမှာတော့ သူမကိုငြင်းဆန်နေရင်းနှင့်အစန်းထဲ သို့

ရောက်ခဲ့ပြီး...

"ဘုန်း.."

"အမေ့.."

သူနှင့်အတူသူမ စုတင်ပေါ်သို့ ဖက်ရက်သားလဲကျသွား

သည်၊ သူကသူမကိုမဖက်ထားပေမယ့်သူမလက်တွေသာ သူ့ကိုလုံး



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေး၊

"မင်း . . မင်း . . . သွား . . သွားတော့ .."

သူနှုတ်ဖျားဆီမှဒီစကားကိုပဲပြောနိုင်ပြီး ဘာတွေဆက်ပြီးဖြစ်ခဲ့သလဲဆိုတာကိုသူလုံးလုံးမသိတော့ပါ။ သူ့အာရုံထဲသို့အသိပြန်ပြီး ရောက်ရှိနိုင်တွင်....

"ဟင်.."

သူမသူ့ကိုဖက်လျက်အိပ်ပျော်နေသည်ကိုတွေ့လိုက်သည်။ သူ့အမှားတစ်ခုကိုကျူးလွန်ခဲ့လေပြီလား။ ဘာတွေဖြစ်ခဲ့သလဲ ဆိုတာကိုသူကိုယ်သူမသိနိုင်အောင် ဖြစ်ခဲ့ရတဲ့ပေါ်မှာတော့ စဉ်းစားလို့ မရအောင်ပင်၊ သူ့အရက်ကိုစမှုစပြီးသောက်ခဲ့သူတော့မဟုတ်၊ အရက်သောက်ခဲ့တာကြာခဲ့ပြီဖြစ်သည်။ ခုလိုတစ်ခါမှမကြုံဘူး၊ မဖြစ်ဘူးခဲ့ပေ၊

"ဒေါက်..ဒေါက်..ဒေါက်"

"ဟင်..."

"ဟယ်"

အခန်းတံခါးကိုအပြင်မှခေါက်သံကြောင့် သူမ ပါနိုးလာခဲ့သည်၊



www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဘယ်လိုရှင်းမလဲ အစ်ကို..."

"မင်းကိုငါမေးမယ် မှန်မှန်ဖြေ"

"ဟုတ်ကဲ့...ဖြေပါမယ်"

"မင်းပေါ်မှာငါအမှားပြုခဲ့သလား..."

သူမကမျက်ရည်ဝိုင်းစွာနှင့်သူ့ကိုခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ၊ ငါ့ကိစ္စငါရှင်းမယ်"

သူစုတင်ပေါ်မှထပြီးတံခါးဆီသို့ထွက်လာ၍ ဖွင့်ပေးလိုက်သည်။ တံခါးကိုဖွင့်လိုက်သည်နှင့် ဒေါ်သင်းသင်းနိုင်ကိုမျက်ထောင့်ကြီးဖြင့်တွေ့လိုက်ရသည်။

"မင်း...ဒါဘယ်လိုလုပ်တာလဲ..."

"ဘယ်လိုဖြစ်သွားလဲဆိုတာကို ဘယ်လိုပြောရမှန်းတော့မသိပါဘူး။ ကျုပ်ပြောနိုင်တာတစ်ခုပဲရှိတယ်။ ကျုပ်အရက်အမူးလွန်သွားတယ်...ဒေါ်သင်းသင်းနိုင်တူမပေါ်မှာ မကောင်းကြံလိုတဲ့စိတ်မရှိဘူး..."

"ခုကိစ္စကိုရောမင်းဘယ်လိုရှင်းမလဲ"

"ဒေါ်သင်းသင်းနိုင်ဖြစ်ချင်တဲ့သဘောထားကိုပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ...မင်းငါ့တူမကိုတရားဝင်လက်ထပ်ယူရမယ်"

"ကျုပ်အမှားကိုကျုပ်တာဝန်ယူမှာပါ(၃)ရက်အချိန်ပေးပါ"

"သိပ်ကောင်းတာပေါ့ကွယ်..."

သူ့အတွက်ပြောရမည့်စကား ကုန်သွားပြီဖြစ်သဖြင့် အခန်းထဲကိုပြန်ဝင်လာခဲ့ပြီး...

"မင်းသွားနိုင်ပြီ"

"ရှင်..."

"မင်းနဲ့ငါတရားဝင်လက်မထပ်ရသေးဘဲနဲ့တော့ငါ့ဘက်ကဘာကိုမှထပ်ပြီးအခွင့်အရေးမယူချင်ဘူး၊ မင်းလွတ်လွတ်လပ်လပ်နေနိုင်ပါတယ်"

"ဟုတ်ကဲ့..."

သူမအခန်းပြင်သို့ထွက်သွားသည်နှင့် ခေါင်းထဲမှာ မကြည်လင်တဲ့စိတ်အာရုံတွေကို ကြည်လင်သွားအောင် ရေချိုးခန်းထဲသို့ဝင်လာခဲ့တော့သည်။ သူ့ဘဝတွင်မိန်းကလေးနှင့်ပတ်သက်ရင်အကောင်းဆုံးနေထိုင်ခဲ့သူဖြစ်ခဲ့ပြီးမှ ခုလိုအဖြစ်ဆိုးပေါ်မှာ ကိုယ့်ကိုယ်ကိုမကျေနပ်နိုင်ဆုံးဖြစ်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်(၂၄၀၀)နာရီဟာ ဆုံးဖြတ်ချက်တစ်ခုအတွက် သူပိုင်ဆိုင်ရမည့်နောက်ဆုံးနာရီတွေပင်ဖြစ်တော့သည်။ယောက်ျား ကောင်းတစ်ယောက်အတွက်ကိုယ့်အမှားပေါ်မှာတော့သတ္တိရှိရှိတာဝန် ယူရဲမည်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မနက်ဆိုရင်ဖေသက်သက်ဦးကိုတရားရုံးတွင်လက်မှတ်ထိုးပြီး တရားဝင်ဇနီးအဖြစ်သတ်မှတ်ရတော့မည်။ သူ့စိတ်ထဲတွင်အသိလိုမှ ခံစားချက်မပါသောလက်ထပ်ပွဲတစ်ရပ်ဖြစ်သည်။သူ့စားသောက်ဆိုင်ထဲကိုဝင်ပြီးအရက်ကိုမှာထားပေမယ့်အရက်သောက်ရမှာကိုပင်ကြောက်နေလေပြီ။

ဒီအရက်ကြောင့် သူ့ဘဝမှာတစ်ခါမှမစဉ်းစားခဲ့ဘူးသော မိန်းမတစ်ဦးကိုလက်ထပ်ရတော့မည်။လွန်စွာစိတ်ပျက်ဖွယ်ကောင်းသောကိစ္စကြီးတစ်ရပ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင်ရောက်နေသော အရက်ပုလင်းနှင့်အရက်ခွက်ကိုကြည့်ပြီးသောက်ရန်စိတ်ကူးမရ။

"မိုးကြီး"

"ကြယ်စုံ"

"အရက်ပုလင်းကိုကြည့်ပြီးဘာတွေများတရားမှတ်နေတာလဲကွ"

"အရက်ကိုမှာတုန်းကမှာပြီးသောက်ချင်စိတ်မရှိတာနဲ့ကြည့်နေတာ"

"နေ့ပြောစရာတွေတော့မလုပ်နဲ့၊ မင်းမသောက်ချင်ရင်ငါသောက်မယ်"

"သောက်ကွာ.."

"မင်းမျက်နှာကြည့်ရတာတစ်ခုခုကိုစံစားနေသလိုပဲမိုးကြီး"

"ခံစားရတဲ့အကြောင်းကိုတော့မမေးနဲ့ငါဘယ်လိုဖြေရမယ်တောင်မသိဘူး ဖြေလည်းမဖြေချင်ဘူး"

"မင်းမဖြေချင်ရင်လည်းမမေးပါဘူးကွာ.... မင်းကိုငါတော့ပြောစရာတစ်ခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကြယ်စုံ"

"မင်းနဲ့ငါကအပြင်မှာမဆုံခဲ့ကြပေမယ့်ထောင်ထဲမှာအတူတူနေခဲ့ကြတဲ့သူတွေဆိုတော့ငယ်ပေါင်းတွေလိုသံယောဇဉ်နဲ့ပြောမှာ"

"ပြောမှာသာပြောစမ်းပါကြယ်စုံရာ.."

"ဒီနေ့ နေ့လည်ကမင်းအိမ်ကိုငါလာတော့ မင်းကမရှိဘူး၊ မနက်ထဲကထွက်သွားတယ်လို့မင်းမိထွေးကပြောတယ်၊ မင်းအိမ်မှာ မိန်းကလေးတစ်ယောက်ကိုငါတွေ့ခဲ့တယ်၊ သူ့ကငါ့ကိုမမှတ်မိဘူး၊ နာမည်ကဖူးခိုင်ကြေးစားတစ်ဦး.."

"ဟင်….မိထွေးကသူ့တူမလို့ပြောတယ်"

"မဖြစ်နိုင်ပါဘူးမိုးကြီးရာ မင်းမိထွေးနဲ့ ဖူးခိုင်ကအဝေးကြီးမှအဝေးကြီး၊ ဖူးခိုင်ရာဇဝင်ကိုငါအသိဆုံးကွာ၊ ဒီလောက်ဆိုမင်းသဘောပေါက်"

ကြယ်စုံပြောသည့်စကားများကြောင့် သူ့ခေါင်းထဲအတွေးတစ်ခုဝင်ရောက်သွားတော့သည်၊ သူ့ကိုမိထွေးဖြစ်သူက ထောင်ချောက်ဆင်ပြီး ကြေးစားမနှင့်ဖမ်းသည့်သဘော.. ဟင်း…သူ့အတွေးတဖြစ်နိုင်ခြေအများဆုံးရှိသည့်အတွေး…..



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့အိမ်ကို ညဥ့်နက် မှ ပြန်ဖို့စိတ်ကူးထားပေမယ့် ရှင်းစရာတွေရှင်းဖို့အတွက်အိမ်ကိုပဲ တန်းပြီးပြန်ခဲ့တော့၏။ ခြံဝသို့ ရောက်တော့အိမ်ရှေ့တွင်ဆိုင်ကယ် တစ်စီးရပ်ထားသည်ကို တွေ့ လိုက်ရသောကြောင့်အခြေအနေကိုအကဲ ခတ်လိုက်ရာ ခြံတံခါးနှင့် ခပ်လှမ်းလှမ်းတွင်ငနဲ့တစ်ကောင်က ထိုင်လျက် တွေ့လိုက်ရသည်။ အစောင့်သဘော....

သူခြံဝ့တံခါးကမဝင်တော့ဘဲ ဘေးဘက်အပေါက်ဆီသို့ လျှောက်လာခဲ့သည်။ ခြံကြီး၏လျှို့ဝှက်အပေါက်တွေကို ငယ်ငယ် လေးကတည်းက ရင်းနှီးထားခဲ့သူဖြစ်ပြီးအိမ်ကြီးဆီသို့ ဘယ်လိုဝင်ရ မလဲဆိုတာကိုပါသိနေပြီးသားပင်။

မှောင်ရိပ်ကိုအကာအကွယ်ယူပြီးအိမ်ကြီးနားသို့ကပ်လိုက် သည်။ အိမ်ရှေ့ဧည့်ခန်းတွင်လူအရိပ်အယောင်ပင်မတွေ့ရ ပေမယ့် အခန်းဆီမှစကားသံကိုသဲ့သဲ့ကြားနေရသည်။နောက်ဖေးတံခါးဘက် သို့သွားပြီးတံခါးကိုစမ်းသပ်ကြည့်တော့သူ့အတွက်အသင့်ဖွင့်ပေးထား သလို...

"ဂျီ..."



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးတံခါးကိုဖြည်းညင်းစွာဖွင့်ပြီး အခန်းဘက်ဆီသို့ ခြေသံလုံစွာရှဉ်းကပ်လိုက်သည်။

"မောင်ရာပြန်တော့ကွာတော်ကြာပြန်ရောက်တော့မှာ"

"စကားလေးပါချစ်ရာ ဟိုကောင်ရင်ခွင်ထဲမရောက်ခင်လေး အားပါးတရ ချစ်ချင်လို့လာခဲ့ရတာ"

"သူ့လက်ထဲရောက်လည်း မောင်နဲ့တွေ့ရဖို့ရတဲ့နေရာတွေ အများကြီးရှိပါတယ်၊ဒီလူကဒီဘက်ပိုင်းမှာစိတ်မသန်ဘူး၊သူ့စိတ်သန် တာလောင်းကစားနဲ့ အရက်"

"မောင်ကမသိလို့မေးပါဦးမယ်၊ ရက်ဒီစွမှာချစ်ကဘယ်လိုရ တာလဲ"

"ဒေါ်သင်းသင်းနိုင်ကတော့ဒီလူနဲ့တရားဝင်လက်ထပ်လိုက် ပြီဆိုတာနဲ့ဒီလူပိုင်တဲ့ဥစ္စာပစ္စည်းတွေတစ်ဝက်ကိုဖုးကပိုင်ဆိုင်ပြီလေ၊ ဒီထဲကဖုးနဲ့သူကတစ်ဝက်စီ၊ အင်း...နောက်ပိုင်းဒီလူကိုပါ ရှင်းရင်ရှင်း ပယ်လို့ပြောတာပဲ၊ ရတောင်ဒီလူကဟိုအရက်ကိုမှားပြီး သောက်မိလို့ ပွဲတာစေစေပြီးသွားတာ၊ နို့မို့ဆိုရင်ဖုးက မာယာတွေ ဒီလူကိုပြသော အသာတွေလုပ်ရဦးမှာ၊ အရက်ပုလင်းထဲမှာ အိပ်ဆေးတွေ ကိုထည့်



www.burmeseclassic.com

www.burmeseclassic.com



ထားတော့ဟိုလူဘာမှမသိဘဲအိပ်ပျော်သွားတာ၊ အိပ်သာ မပျော်ရင် မလွယ်ဘူးမောင်ရေ အနားတောင်ပေးကပ်မှာမဟုတ်ဘူး၊ မောင်ပြန် တော့နော်၊နောက်တွေ့ရမယ့်အချိန်တွေရှိပါသေးတယ်..ကဲ လွှတ်ပါ တော့..."

"ဝုန်း ...."

"ဟာ..."

အစန်းတံခါးကိုခြေထောက်ဖြင့်ဆောင့်ကန်ဖွင့်လိုက်ပြီး အခန်းထဲသို့ဝင်လိုက်သည်။

" တယ်လည်းဟုတ်နေကြပါလားကွ၊ မိုးယံဆိုတဲ့ကောင်ကို ခပ်ညှံ့ညှံ့ထဲမှာမင်းတို့ကထည့်ထားတာကိုး ဖူးခိုင်.."

"ရှင်.."

"မင်းဇာတ်လမ်းကိုမင်းသိမှာပေါ့.."

သူမဘာမှမပြောဘဲခေါင်းငုံ့နေသည်။ဒေါသမှငန်ကာထပြီး...

"မင်းကခုမှငါ့ကိုလှဲရျပြီးရှောင်ထွက်တာလား"

"ဘာကွ သိမ်နားတောင်ကောင်းတဲ့စကားပဲ၊ဒါပေမယ့်နားခါး တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စွပ်...အီး..."

သူဘယ်ဝိုက်လက်သီးထိုးချက်ကိုထိုလူရှောင်နိုင်ခြင်းမရှိဘဲ ဗြုန်းပြင်သို့လဲကျသွားသည်။

"မင်းပါးစပ်ပိတ်ပြီးနေ မနေတတ်ရင် ငါကပိတ်ပေးရ လိမ့်မယ်... မိုးယံဆိုတဲ့ကောင်ကမိန်းမနဲ့ပတ်သက်ရင်မင်းမှတ်ထား၊ ဘာမှ စိတ်မဝင်စားဘူး၊ မင်းဟာမကိုကျူးလွန်ဖို့မပြောနဲ့ လက်ဖျားနဲ့တောင် ထိချင်စိတ်မရှိဘူး ၊ အိမ်ရှေ့မှာထွက်ပြီး(၂)ယောက်လုံးထိုင်နေကြ၊ ခုနိုင်..မင်းကိုမေးစရာရှိတယ်"

"ဟုတ်ကဲ့ မေးပါ"

အိမ်ရှေ့ဧည့်ခန်းတွင်ဝင်ထိုင်ကြရင်း....

"မင်းကိုဒေါ်သင်းသင်းနိုင်ကဘယ်လိုပုံစံနဲ့ခေါ်လာတာလဲ"

"သူ..သူကျွန်မကိုခေါ်လာတာအစ်ကို့ဇနီးဖြစ်ခဲ့အောင်လုပ်ပြီး အစ်ကိုပိုင်ဆိုင်တာတွေကို သူအပိုင်ကြံချင်လို့ ကျွန်မနဲ့တစ်ဝက်စီဆို ပြီးသဘောတူခဲ့တာပါ"

"ငါ့ကိုအပြတ်ရှင်းမယ့်ထဲမှာမင်းပါဦးမှာပေါ့"

"ဟင့်အင်း မပါပါဘူးအစ်ကို၊ ကျွန်မအဲဒီလောက်ထိသတ္တိမရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးအစ်ကိုနဲ့တစ်လလောက်ပေါင်းသင်းပြီးတာနဲ့ကွာရှင်းနိုင်အောင် ကြိုးစားပြီးတွန်မြေပြန်ထွက်သွားဖို့တော့စဉ်းစားထားပါတယ်၊ သတ်မှ ထိပေါ်ပါဘူးအစ်ကို"

မြအပြင်ဘက်မှကားသံကြောင့်ဒေါ်သင်းသင်းနိုင်ပြန်ရောက် လာပြီဆိုတာကိုသဘောပေါက်လိုက်သည်။

"မင်းတို့ပုံစံမပျက်ဆက်ပြီးထိုင်နေပါ"

"ဟုတ်ကဲ့"

ဒေါ်သင်းသင်းနိုင်အိမ်ကြီးထဲသို့ဝင်လာပြီး ဧည့်ခန်းတွင် သူတို့(၃)ယောက်ကိုလှမ်းပြီးတွေ့လိုက်သည်နှင့်...

"မောင်ကံလှတောင်ရောက်နေတာကိုး"

"ဟာင်...ဟုတ်ကဲ့"

ဒေါ်သင်းသင်းနိုင်အဖြစ်မှန်ကိုဘာမှမသိဘဲ သူပြောချင်တာ တွေကိုပြောပြီးဝင်ထိုင်လိုက်သည်။

"မောင်မိုးယံတောင် အစောကြီးပြန်ရောက်နေတာကိုး မနက်အတွက် အသိသက်သေလူကြီးတွေဖိတ်ရင်းအိမ်မှာစကား ကျွေးမွေးဖို့ပါစီစဉ်နေတာနဲ့နောက်ကျသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ဒေါ်သင်းသင်းနိုင် စကားတွေဘယ်လောက် ထိပြောမလဲဆိုတာကိုဆုံးတဲ့အထိဆက်ပြီးနားထောင်နေပေးလိုက်သည်။

"ဖြစ်နိုင်ရင်ညဘက်ညှိစံပွဲလေးတစ်ခုလောက် တော့လုပ်ချင်တယ်ကွယ်၊ သမီးလေးရဲ့ ဂုဏ်သိက္ခာလေးလည်းရတာပေါ့ ကောင်းဘူးလားမောင်မိုးယံ.."

"သိပ်ပြီးကောင်းတာပေါ့ နောက်ဘာများလုပ်ချင်သေးလဲ ဒေါ်သင်းသင်းနိုင်.."

"မင်းအမေမင်္ဂလာဆောင်စဉ်က ဝတ်ဆင်ခဲ့တဲ့လက်ဝတ်ရတနာတွေကတခြားတစ်ယောက်ဆီမှာအပ်ထားတာ၊မင်္ဂလာညှိစံပွဲ မရောက်ခင်သွားပြီးယူပေးစေချင်တယ်.."

"ယူပေးရမှာပေါ့"

"ဒါဆိုရင်ပြည့်စုံပါပြီကွယ်၊ သမီးဘက်တဖြစ်စေချင်တာတွေကိုလည်းပြောလေ"

"သူ့ဘက်ကပြောသင့်တာတွေပြောပြီးပါပြီ ဒေါ်သင်းသင်းနိုင်ဘက်ကပြောဖို့ပဲကျန်တော့တာပါ"

"အန်တီ့ဘက်ကစကားကုန်ပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"တချုပ်ကိုသတ်ပြီး ပစ္စည်းတွေအပိုင်ကြံဖို့စကားတွေတ
မကြားရသေးပါလား"

"ဟင်...မင်း..."

"ခင်ဖျားဘာတွေကောက်ကျစ်ခဲ့တယ် ကြံစည်နေတယ်
ဆိုတာကိုတချုပ်အားလုံးသိပြီးပြီ"

"အေး...မင်းသိပြီးပြီဆိုရင်တော့ငါ့သက်ကဆက်ပြီးလုပ်စရာ
တွေဆက်လုပ်ရမှာပေါ့"

ဒေါ်သင်းသင်းနိုင်သူ့ကိုသေနတ်နှင့်ထုတ်ပြီးချိန်လိုက်သည်နှင့်

"ဝေါင်း ...."

"အမလေး..."

"ဂျက်ဖီး"

သူငယ်စဉ်ကတည်းကမွေးခဲ့သော ခွေးဖြူကြီးဂျက်ဖီး
*အနောက်မှပြေးလာပြီး ဒေါ်သင်းသင်းနိုင်လက်ကို ခုန်၍ ကိုက်လိုက်*
သဖြင့်သေနတ်လွတ်ကျပြီးဂျက်ဖီးအောက်တွင်ရောက်သွားသည်။

"ဂျက်ဖီတော်တော့"

"ဂီး..."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သင်းသင်းနိုင် ခင်ဗျားကိုအခွင့်အရေး (၂)ခုပေးမယ်၊ တစ်ခုကခင်ဗျားဒီအိမ်ကထွက်သွားမလား အချုပ်ထဲကိုသွားမလား၊ ကြိုက်တာတစ်ခုကိုရွေးလိုက်"

"ငါထွက်..ထွက်သွားပေးပါ့မယ်"

"ကောင်းပြီမင်းတို့လည်းထွက်သွားကြတော့"

"ဟုတ်ကဲ့"

သူစည့်ခန်းဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး သူ့ဘဝအတွက်စရိုးတစ်ခုကိုစဉ်းစားနေမိလိုက်တော့သည်၊

သူတို့မြို့ကလေးတွင်တော့ ဒေါ်သင်းသင်းနိုင်တစ်ယောက် သူ့ကို မတရားအနိုင်ကျင့်ပြီး အိမ်ပေါ်ကနှင်ချလိုက်သည်ဆိုသော သတင်းကြောင့်တကယ်ကိုခံပြင်းမိတော့သည်၊

မြေခွေးက သူ့ရဲ့ကောက်ကျစ်မှုတွေကို ဖုံးကွယ်ချင်၍ သူ့ အပေါ်မှာလူတွေအထင်အမြင်သေးအောင်သတင်းလွှင့်ခဲ့ခြင်းဖြစ်သည်၊ သူ့ဆိုမိန်းမကြီးကိုဒီတစ်ခါဘယ်လိုမှခွင့်လွှတ်နိုင်မှာမဟုတ်...ဒီတော့ သူပိတ်မြေရာစရိုးတစ်ခုကိုထွက်ရန်ဆုံးဖြတ်ပြီး အိမ်ကြီးနှင့်မြေကြီးနှင့် ခိတ်ချရသောသူနှင့်အပ်နှံပြီးထွက်လာခဲ့ခြင်းဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝအတွက်ကုန်ဆုံးခဲ့သောနေ့ရက်များကိုအစားထိုးနိုင်ရန်အတွက်အနာဂတ်ခရီးသစ်ဆိုလျှင်မမှားပေ။သူဒီမြို့မှာဆက်ပြီးရှိနေရင်ဒေါ်သင်းသင်းနိုင်ကိုသူသတိမိမှာတော့သေချာသည်။

သူထောင်ထဲသို့နောက်တစ်ကြိမ်ပြန်ပြီးမသွားချင်တော့ပေ။သူ့ဘဝကိုအကောင်းဆုံးဖြစ်အောင်ကြိုးစားဖို့ဆုံးဖြတ်ထားခဲ့သော်လည်းဒေါ်သင်းသင်းနိုင်ကြောင့်သူ့ဆုံးဖြတ်ချက်တွေကိုအကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပေ။ဒါကြောင့်စိတ်ပြေရာပြေကြောင်း ခရီးထွက်ခွာပြီးသူ့ထံရိုက်ခတ်လာနေသောဂယက်လှိုင်းတွေငြိမ်သက်တော့မှ သူ့ဘဝကိုစတင်ပြီးအကောင်အထည်ဖော်တော့မှာဖြစ်သည်။

"ဟူး......"

သူလျှောက်လာခဲ့သည့်လမ်းကလေးက ဘူတာရုံဆီသို့ဦးတည်လျက်...



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှအဓိပ္ပါယ်မရှိတဲ့ဘဝကြီးမှာမနေဘူး....သွားမယ်"

အခန်းတွင်းရှိပြတင်းပေါက်ကိုဖွင့်ပြီးကြည့်လိုက်ရာလရောင်အပိုင်းအစကလေးကြောင့်ပတ်ဝန်းကျင်တစ်ခုလုံးအလင်းဖျော့ဖျော့လေးကိုတွေ့နေရသည်။

သူ့အတွက်ချမ်းသာခြင်းတွေအရောင်းသအရံတွေများစွာကြားမှာနေရပေမယ့်သူ့အတွက်အဓိပ္ပာယ်မရှိဟုခံစားခဲ့ရသည်။လွတ်လပ်သည့်ဘဝကိုသူကမက်မောသူ...ကောင်းကင်မှာပျံသန်းနေသောငှက်တွေကိုငေးကြည့်ပြီးအားကျနေမိသူ... သူတို့လိုအတောင်တွေဖြာခင်ကမ္ဘာကြီးအရပ်ကိုပျံသန်းသွားချင်နေသူ...ခုတော့ရှောင်းတက်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြန်တာ သူ့ခြံအားမှာ အစောင့်အရှောက်တွေနဲ့ တကယ်

အသက်ရှုကျပ်စေခဲ့တာအမှန်။ သူ့ဒယ်ဒီနှင့်မာမီတို့မှာ စီးပွားရေ

တလွဲပြီး သားဖြစ်သူပေါ်၌နွေးထွေးစွာဆက်ဆံရန် အားနည်းခဲ့ကြ

သည်။

ရွှေအိမ်ကြီးဆောက်ပြီးထားပေးလည်း သူ့အတွက် မြူ

မှန်မျှပျော်ရွှင်စရာမကောင်း၊ဒယ်ဒီနှင့်မာမီကသူတို့စီးပွားရေးအတွ

ခရီးထွက်သွားကြတာ(၃)ရက်ရှိနေလေပြီ၊ ဒီသုံးရက်အတွင်း

သူဘာလုပ်ရမလဲဆိုတာကိုအကြိမ်ကြိမ်စဉ်းစားပြီး ဆုံးဖြတ်ချက်ချပြီး အိမ်ကြ

ကနေသွားဖို့ပြင်ဆင်လိုက်သည်။

သူ့ခရီးဆောင်အိတ်ကြီးနှင့်အောက်ထပ်ကိုဆင်းလို့တော့

ဖြစ်နိုင်၊ သူ့ကိုဘယ်သူကမှအပြင်သို့ထွက်ခွင့်ပြုမှာမဟုတ်၊သူလို

တာတွေကိုခရီးဆောင်အိတ်ထဲအပြည့်ထည့်ပြီးပြတင်းပေါက်မှအော

ကိုပစ်ချလိုက်သည်။

"ဘုတ်"

ခရီးဆောင်အိတ်အောက်သို့ရောက်မှအောက်သို့

လိုဒီလိုလိုနှင့်ဆင်းလာခဲ့သည်၊အောက်ထပ်တွင်ဘယ်သူမှမရှိပေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တွင်သူ့ကိုစောင့်ပေးနေသောလူနှစ်ယောက်တော့ရှိသည်။ သူတို့နှစ်ယောက်ကသူ့ကိုတစ်ချက်လှမ်းကြည့်ပြီး…

"ကိုဒီ…ဗိုက်ဆာလို့ဆင်းလာတာလား"

"ဟုတ်တယ်"

အရင်(၃)ရက်လောက်ကတည်းကစုလိုဆင်းပြီးမုန့်စားတာကိုလုပ်ပြထားသောကြောင့်ရလည်းသူဗိုက်ဆာလို့မုန့်ဆင်းစားသည်ဟုထင်မှတ်နေကြသည်။ သူထမင်းစားခန်းဆီသို့ရောက်သည် နှင့်မီးဖိုချောင်ဘက်မှတံခါးဆီသို့လျှောက်လာပြီးတံခါးကိုဖွင့်လိုက်သည်။

"ကျွီ……"

တံခါးကိုသေချာစွာပြန်ပြီးပိတ်ကာအိတ်ချထားသည့်နေရာဆီသို့လျှောက်လာပြီး ခရီးဆောင်အိတ်ကိုပခုံးပေါ်သို့တင်လွယ်လိုက်ပြီးသစ်ပင်ကြီးတွေနှင့် အမှောင်ကျသောနေရာဘက်ဆီသို့ အပြေးအလေးထွက်လာပြီး ခြံကြီးနားသို့ကပ်လိုက်သည်။ ဒီနေရာကို သူကြိုတင်ပြီးပြင်ဆင်ထားသောနေရာတစ်ခု… လူတစ်ယောက်ထွက်လောက်အပေါက်တစ်ခုကိုရအောင်လုပ်ပြီးလက်ရာမပျက် ချုံတွေနှင့်ပြန်ပိတ်ထားလိုက်သည်။ ချုံတွေကိုသူဖယ်ရှားပြီးအပြင်ဘက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့တိုးထွက်ရတော့၏။

"ဟင်း…"

မြို့ကြီးအပြင်ကိုရောက်မှ သက်ပြင်းရှည်ကြီးတစ်ခုကိုချ

အိတ်ထဲကခါတ်မီးလေးကိုထုတ်ကာ သူကိုင်ယ်စဉ်ကတည်းက

အကျဉ်းချထားသောအိမ်ကြီးကိုကျောခိုင်းထွက်လာတော့သည်။

"ဝူး……အူး ……အူး…"

ခွေးတစ်ကောင်၏အူသံကြောင့်ကြက်သီးတွေပင်ထမိသွား

သည်။ သူ ဖြတ်ပြီးသွားရမည့်နေရာကာသုသာန်ဘေးမှလမ်းဖြစ်ပြီး

ခါတ်မီးနှင့်ဝှေ့ရမ်းပြီးထိုးကြည့်ပေမယ့်ထူးထူးခြားခြားဘာကိုမှမတွေ့

သူ့အတွက်လွတ်လပ်ခြင်းကို ရယူပိုင်ဆိုင်ရင်း ကြောက်ရွံ့ခြင်းတွေ

ကိုဖယ်ရှားရမှာဖြစ်သည်။ စိတ်ကိုတင်းပြီးသုသာန်ကြီးကို ကျော်ဖြတ်

ခဲ့သည်။

သူလုပ်ရပ် သူ့ဆုံးဖြတ်ချက်တွေကမှားယွင်းနေပြီလား

သွားရင်းပြန်စဉ်းစားမိသည်။အရာရာပြီးပြည့်စုံစွာနေရတဲ့ဘဝကို

ဘာလို့မစင်တွယ်ခဲ့တာလဲ။နောက်ဆုံးအဖြေထုတ်ကြည့်တော့လွတ်

လပ်မှုမရှိခြင်းကြောင့်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်အတွက် ဉစ္စာခနေတွေမှာ မရှိမဖြစ်လိုအပ် သော်လည်းတကယ်စစ်မှန်သည့်ပျော်ရွှင်ခြင်းတွေကိုပေးနိုင်ခြင်းမရှိပါ။ လွတ်လပ်မှုတခဲသောဘဝတစ်ခုကိုသူကပိုင်ဆိုင်ချင်သူ။ လူတွေကြား မှာဘဝတစ်ခုကိုတည်ဆောက်ပြီးပျော်ရွှင်သူ၊ ဒါပေမဲ့သူရောက်နေရ သော ဘဝမှာလူတွေနှင့်ကင်းကွာသည့်သီးခြား ကမ္ဘာတစ်ခုမှာ အထီးကျန်စွာနေခဲ့ရသည်။ ကျောင်းတွင် သူငယ်ချင်းဆိုတာမရှိခဲ့ပေ။ ကျောင်းကိုတက်ခါနီးမှပို့ ပြီးကျောင်းလွှတ်သည် နှင့်ကား ပေါ်သို့ ရောက်ခဲ့ရသူ။ ဒီတော့ သူ့ကိုဘယ်သူကမှနှုတ်ဆက်ရုံကလွဲပြီး ခင်ခင် မင်မင်ပေါင်းသင်းခြင်းမရှိကြပေ။

သူ့ဖခင်အိမ်မှာရှိနေကြသူများမှာလည်း သူ့ကိုသံယောဇဉ်ရှိ၍ နေနေကြတာမဟုတ်။ ငွေကြေးကြောင့်နေပေးနေကြတာ သူတို့ရဲ့ခေါ် ပြောဆက်ဆံရေးက အနှစ်သာရကင်းမဲ့သည့်ဆက်ဆံရေးမျိုး၊ သူ ခေါ်ရင်လာ၍သူခိုင်းရင်လုပ်ပေးကြတယ်။

မိဘ(၂)ပါးကျတော့တစ်လမှာ (၃)ရက်ပြည့်အောင်အိမ်မှာ နေကြ။ သားတစ်ယောက်ကိုပြည့်စုံအောင်ထားပေးရုံကလွဲပြီးမိဘ မေတ္တာဆိုသည်ကိုသူမသိနိုင်တော့ပေ။ ဒီလိုဘဝမှာ သူမပျော်မွေ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]ပေ။

အဝေးဆီမှ မီးရောင်ဖျော့ဖျော့နှင့် ဘူတာရုံလေးကိုလှမ်းမြင်တွေ့နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

"မနက်အတွက်လက်မှတ်ကုန်ပြီ"

"ဟာ"

ရထားဘူတာလက်မှတ်ရုံရှေ့တွင်ရေးထားသောစာတန်းကို ဖတ်လိုက်ပြီးစိတ်ပျက်သွားသည်။ စိတ်ပျက်သွားသည်မှာ သူမ တစ်ယောက်တည်းမဟုတ်၊ သူမဘေး၌ သူမနှင့်ရွယ်တူ အမျိုးသား (၂)ယောက်... တစ်ယောက်နှင့်တစ်ယောက် မရင်းနှီးပေမယ့် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်လိုက်ပြီး...

"မင်းတို့က ရထားလက်မှတ်လာပြီးဝယ်တာလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်မရရင်တော့ပြဿနာပဲကွာ"

"ဘာမှစိတ်ညစ်မနေနဲ့ မင်းတို့မဖြစ်မနေ သွားရမယ်ဆိုရင်တော့ငါစီးသလိုလိုက်ပြီးစီးနိုင်မလား"

"ကျွန်မက တွယ်ပြီးစီးရမှာတော့မဖြစ်ဘူးနော်"

"တွယ်ပြီးတော့မစီးရဘူး ဘီးဖက်ပြီး လိုက်ရမှာ"

"အယ်.."

"ကျုပ်ကစတာပါ..ကဲလာကျုပ်နောက်ကလိုက်ခဲ့"

ထိုလူက ဦးဆောင်ပြီး ခေါ်သွားသည့်နောက်သို့ ကျွန်မနှင့်အတူလိုက်လာသောလူကို သတိထားပြီးကြည့်တော့ လူရည်က သန့်သန့်လေး။

ဝတ်ထားသော အဝတ်အစားကိုတွေ့သည်နှင့် လူချမ်းသာအသိုင်းအဝိုင်းထဲကဆိုတာ သိသာနေသည်။ ရှေ့ကခေါ်သွားသောလူမှာတော့ လူ့လောကကြီးကိုဘာတစ်ခုမှ ဂရုမစိုက်တတ်သည့် ရုပ်ရည်မျိုး ...

"ဟိုမှာတွေ့တဲ့တွဲပဲ"

ဖရဲသီးတွေနှင့် ဆန်အိတ်တွေ တင်ဆောင်ထားတဲ့ ရထား



www.burmeseclassic.com

www.burmeseclassic.com



ခွဲတိုလှမ်းပြီးပြလိုက်သည်။

"လိုက်လို့ရပါ့မလား"

"လိုက်လို့ရအောင်လိုက်ရမယ်...မင်းတို့မလိုက်ရဲရင် နေခဲ့ငါ တစ်တော့ဒီတွဲကနေလိုက်ရမှာပဲ"

"လိုက်မယ်ကွာ"

"မင်းရော..."

"လိုက်ရမှာပေါ့"

"စဉ်းစားဦး"

"ဘာကိုလဲ"

"ငါတို့က ယောက်ျားလေး (၂)ယောက် မင်းက မိန်းကလေး လိုက်ရဲရဲ့လား သေသေချာချာ စဉ်းစားဦး"

"ကျွန်မအတွက် အန္တရာယ် ဆိုတာကိုတွေးပြီး ကြောက်မနေ နိုင်ဘူး၊ ရှင်တို့မကောင်းကြံတာကို ရင်ဆိုင်နိုင်သလောက်ကိုတော့ ရင်ဆိုင်သွားမှာပဲ၊ မတတ်သာတဲ့အဆုံးတော့ကိုယ့်ကိုကိုယ်ပဲ..."

"ဟား...ဟား...ဟား..."

"ရှင် ဘာရယ်တာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားက သိပ်ကိုသဘောကျဖို့ကောင်းတယ်....စိတ်ချ ပြီးသာလိုက်ခဲ့ မင်းကို မွဲတစ်ပေါက်မစွန်းစေရဘူး.. ရထားထွက်ဖို့က စောသေးတယ်၊ မင်းတို့ဘယ်သွားစရာရှိသေးလဲ"

"မရှိပါဘူး"

"တစ်ခုခုသွားစားရင်း နေ့လည်စာကိုပါ ဝယ်ထားကြ ရထား ကညနေ(၃း၀၀)နာရီလောက်မှ ဘူတာတစ်ခုကို ဆိုက်ကပ်မှာ"

"ဒါဆို သွားဝယ်ရအောင်နော်"

"အင်း...."

(၃)ယောက်သားဘူတာ ဆိုင်တန်းဘက်ကိုထွက်လာကြပြီး စားစရာရှိတာကိုစားပြီး ဝယ်စရာရှိတာတွေကို ဝယ်ပြီးပြန်လာခဲ့ကြ သည်။

"ခုကတည်းက အပေါ်ကိုတက်ထားမယ် ရထားထွက်မှဆိုရင် မလွယ်ဘူး"

"လက်မှတ်စစ်တွေ ဘာတွေမလာဘူးလား"

"ဘယ်သူမှမလာဘူး"

ထိုလူက အရင်တက်သွားပြီး အပေါ်ကနေ တစ်ယောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတင်ပေးသည်။

"ရထားကအခေါ်အမိုးမပါတော့ ရှမ်းမှာပဲပေါ့.....ဟိုတာလ တံကြီးအောက်မှာနေကြတာပေါ့"

ရထားတွဲပေါ်သို့တက်ပြီးသိပ်မကြာ ရထားဥသြဆွဲသံ ကြား လိုက်ရသည်။

"ဘော်ဘွား.....ဘော်ဘွား..."

ရထားဘီးကြီးစတင်ပြီး လှိမ့်ရှိန်မှာ ကျွန်မတို့ (၃)ယောက် တစ်ယောက်ကိုတစ်ယောက် စကားမပြောကြဘဲ အတွေးကိုယ်စီနှင့် လိုက်ပါလာခဲ့ကြသည်။

"အေးလာပြီ နော် အနွေးအကျီပါရင်ဝတ်ထားပါလား"

ကျွန်မကို လှမ်းပြီးပြောသဖြင့် ကျွန်မက ခေါင်းကိုခါပြလိုက် သည်။

"နေနေ... ငါ့ဆီမှာ ဆွယ်တာခေါင်းစွပ်ကလေးတစ်ထည် ပါ သယ်၊ အသစ်စက်စက်ပါ၊ မင်းဝတ်ထားလိုက်"

"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးစကားတွေပြောမနေပါနဲ့ကွာ ငါတို့က ခရီးသွားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ လိုအပ်တာကူညီပေးရမှာပေါ့"

ကျွန်မကို သူဖြေသားလိုလူက သူ့ခရီးဆောင်အိတ်ထဲမှ ဆွယ်တာလေးကိုထုတ်ပေးသဖြင့်ဝတ်ထားလိုက်သည်။

ကောင်းကင်ယံတွင် အလင်းရောင် လေးက လင်းရိပ်သန်းလာသလို ဆီးနှင်းလေးတွေက မိုးဖွားကလေးများ အလား တဖေါက်ဖေါက်ကျနေသည်။ ဆန်အိတ်များကို အုပ်ထားသည့် တာလပတ်ကို ရထားခေါင်တွင် ချည်ထားသောကြောင့်အောက်တွင် (၃)ယောက်သားကောင်းကောင်းနေလို့ရသည်။

"ငါတို့ (၃)ယောက်က ရထားတွဲထဲမှာ အတူတူခရီးသွားနေကြပေမယ့်တစ်ယောက်နာမည်တောင်တစ်ယောက်မသိဖြစ်နေတာတော့မကောင်းဘူး"

"ဟုတ်တယ်…ငါ့နာမည်ညီညီဒီလို့ခေါ်တယ်"

"ကျွန်မက သုန်သုန်"

"ငါက မိုးယံဦး"

အလင်းရောင် အပိုင်းစလေးအောက်တွင် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ပြီးပြုံးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုန်သုန်"

"ရှင်.."

"မင်းတစ်ညလုံးမအိပ်ရသေးဘူးမဟုတ်လားအိပ်လိုက်ဦး"

"နင်တို့ရော မအိပ်ဘူးလား"

"ငါတို့က ဆန်အိတ်လေးကို မှီပြီး အိပ်လို့ရတယ် မင်းသာ

တ်လွတ်လပ်လပ်အိပ်ပါ..."

ကျွန်မကိုယ်တိုင်က တစ်ညလုံး မအိပ်ခဲ့ရသေးသဖြင့် အိပ်

စိတ်တွေကပြင်းပြနေသည်။ ဒါကြောင့်စရိုးဆောင်အိတ်ကလေးကို

င်းပြုပြီး စိတ်ရှစ္စာအိပ်ပစ်လိုက်တော့သည်။

သူတို့နှစ်ယောက်လည်းဘေးမှဆန်အိတ်ကိုခေါင်းမှီပြီး လိုက်

ာခဲ့ကြတော့၏။ ရထားကြီးက ဘယ်ဆီကိုသွားနေသည်ကို ကျွန်မ

သလို ကျွန်မ ကိုယ်တိုင်က ဘယ်ဆီကိုသွားပြီး ဘာတွေလုပ်ရမလဲ

ာတွေကိုပင်မသိ။ ကျွန်မ ဘေးမှာရှိနေကြတဲ့ မိုးယံဦး နှင့်ညီညီဒီ

ာရော ဘယ်ခရီးကိုဆက်ကြမှာလဲ.....



www.burmeseclassic.com

www.burmeseclassic.com

"ခေါ်ဘူး.....ခေါ်ဘူး..."

"ဟင်"

ရထားကြီးရဲ့ညည်းညူသံကြောင့်ကျွန်မမျက်လုံးကလေးဖွင့်ပြီး

ကြည့်မိလိုက်သည်။

"သုန်သုန် နိုးပြီလား"

"ဟုတ်ကဲ့"

"မျက်နှာသစ်လိုက်ဦး"

"ခုဘယ်ဘူတာကိုရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘူတာမှရောက်တာမဟုတ်ဘူး လိုက်ခေါင်းထဲဝင်မှာ အချက်ပေးဥသြဆွဲတာ"

ကျွန်မ ဒေါ်ဘောက်ကို သတိထားပြီး ကြည့်တော့ နေ့ခင်း ဘောင် ရောက်နေလေပြီ။ ကျွန်မတော်တော်ကို နစ်မြှုက်စွာ အိပ်ပျော် သွားဟန် ရှိသည်။ ရထား လိုက်ခေါင်း ကြီးထဲ စတင်ဝင်ရောက်နေပြီ ဖြစ်သောကြောင့် အမှောင်ထုထဲကို ရောက်ရှိသွားတော့သည်။ မိနစ်ပိုင်းလောက်သာကြာမြင့်ကာ လိုက်ခေါင်းတစ်ဖက်ကိုရထားကြီး ပြန်လည်ထွက်လာခဲ့တော့သည်။

"ငါတို့(၂)ယောက်ကတော့ စားပြီးပြီ မင်းစားဖို့ပဲ ကျန်တော့ သာစားလိုက်ဦး"

ဘူတာမှဝယ်လာသော ထမင်းကြော်ထုပ်လေးကို ကျွန်မ ယူလိုက်ပြီး ဆာဆာနှင့်စားလိုက်မိသည်။ သူတို့ (၂)ယောက် ကတော့ ရထားဘောင်ပေါ်တွင်ထိုင်လျက် စကားပြောနေကြသည်။

ကျွန်မ စားသောက်ပြီးလို့ လက်ဆေးကြောကာ သူတို့ (၂) ယောက်နားကိုသွားမိလိုက်သည်။

"သုန်စုန်...မင်းကဘယ်ကိုသွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အဲ.."

ကျွန်မအတွက် ဘယ်လိုမှ ဖြေလို့မရနိုင်သော စကားကိုမေ

လိုက်ခြင်းဖြစ်နေလေသည်။

"သုန်သုန် ငါ့မေးတာကိုတော့ ဖြေမှာပါ"

"ဟုတ်ကဲ့ ...ဖြေပါတယ် ကျွန်မအတွက် ဒီအမေးစကားကို

ဖြေဖို့အတွက်တော့ အရမ်းကိုခက်နေတယ်"

"ဘာလို့လဲ သုန်သုန်"

"ကျွန်မ ဘယ်ကိုသွားရမယ်ဆိုတာ မသိလို့"

"ဟော....."

"ဟာ....."

ကျွန်မကို အံ့ဩစွာဖြင့် (၂)ယောက်လုံး ကြည့်နေကြတော

သည်။ ပြီးတော့မှ မိုးယံဦးက ....

"တကယ့်ကိုတိုက်ဆိုင်မှုကြီး တစ်ခုပဲဟေ့"

"ဘာတိုက်ဆိုင်တာလဲဟင်"

"ငါတို့(၂)ယောက်ကလည်း မင်းလိုပဲ ဦးတည်ရာမဲ့ ခရီးတစ်

ကိုထွက်လာကြတဲ့သူတွေ ဖြစ်နေကြလို့လေ...."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်..."

ကျွန်မ တစ်ယောက်တည်းက ဘာမှန်းမသိသည့် ခရီးကို ထွက်လာသည်ဟုမှတ်ခဲ့ပေမယ့်စတော့အားငယ်စရာမလိုတော့ပေ။ ကျွန်မလိုပင်(၂)ယောက်တောင်ရှိနေပြီ။

"မင်းနောက်ကြောင်းကိုပြောပြလို့ရမလား"

"ရပါတယ်"

"တစ်ခုတော့ပြောထားမယ် ငါတို့(၃)ယောက်ဟာ အတူတူ နေသွားကြမယ်ဆိုရင်တစ်ယောက်ပေါ်တစ်ယောက်ရိုးသားပွင့်လင်း တဲ့စိတ်ခာတ်တော့ရှိရမယ်"

"စိတ်ချပါ ....ကျွန်မ ဘာကြောင့်အိမ်က ထွက်ပြေးခဲ့ရသလဲ ဆိုရင် × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×"

ကျွန်မနောက်ကြောင်းလေးကိုမထိန်မချန်ဘဲပြောပြလိုက် တော့သည်။

"ငါတို့(၃)ယောက်မှာ မင်းက အဆိုးဆုံးလူသားပဲ ပြီးတော့ နိန်းကလေးဆိုတော့ .... ဒီနေ့ကစပြီး ငါတို့(၂)ယောက်ရဲ့ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်နဲ့သာနေပေတော့..."

"ကျွန်မကို မွေးစားလိုက်ပြီပေါ့"

"သိပ်ပြီး သေချာတာပေါ့"

"တစ်ခုတော့ ကြိုပြီးပြောထားမယ်"

"ဘာများလဲဟင်"

"အစ်ကိုတွေက စိတ်တိုလွယ်တယ်နော်၊ မကြိုက်တာတွေ ကတော့ မလွယ်ဘူးမှတ်"

"အစ်ကိုတွေ ဆုံးမတာပဲ ခံရမှာပေါ့"

"ကိုမိုး..."

"ဘာလဲ ဒီ"

"ခုရထားက ဘယ်ဘက်ကို သွားနေတာလဲ"

"ငါလည်း မသိဘူး၊ ငါသိတာ ခုရပ်မယ့် ဘူတာကိုပဲ ..အင်း

ကြားဖူးတာတော့ ရထားကြီးခရီးဆုံးသွားရင် မြစ်တစ်ခုကို ဖြတ်

လိုက်တာနဲ့ နယ်စပ်ဒေသ တစ်ခုကို ရောက်တယ်လို့ပြောတာပဲ၊ ငါ

အတွက်တော့ ဘယ်အရပ်ကိုရောက်ရောက် ခြေကုတ်တစ်ခုရယူ

ဖို့တော့ အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုး...ငါ့မှာ ပိုက်ဆံတွေ တော်တော်များများပါတယ်၊ ပြီးတော့ ရွှေဆွဲကြိုးလက်စွပ်တွေလည်းပါတယ်"

"သုန့်ဆီမှာလည်းငွေနည်းနည်းတော့ပါတယ်"

"ကိုယ့်မှာရှိတဲ့ ပစ္စည်းတွေနဲ့ ငွေတွေကို လိုအပ်မှသုံးမယ်၊ သိမ်းထားကြ နောက်နှစ်နာရီလောက်ဆို ဘူတာတစ်ခုကိုရထားဆိုက်ပြီ အဲဒီမှာ တစ်ခါလေ ညအိပ်တယ်၊ မအိပ်ချင်လည်း မအိပ်ဘူး .... ရောက်တော့မှ သိရမှာပဲ"

"နောက်နှစ်နာရီလောက်မှရောက်မှာဆိုတော့ညနေ စောင်းနေပြီပေါ့"

"ဟုတ်တယ်...ဘူတာရောက်မှပဲထမင်းစားကြတာပေါ့"

သုန်သုန်ကို ညီညီဒီက သူအိမ်ကနေထွက်လာရသည့် အကြောင်းလေးကိုပြောပြနေသည်။

"ဒို့မိဘတွေစိတ်ပူမှာပေါ့"

"ပူမှာမဟုတ်ပါဘူး သူတို့ခေါင်းထဲမှာ ငွေတွေပဲရှိကြတာ သားပေါ်မှာထားရမယ့်မေတ္တာတရားရှိတောင်ရှိရဲ့လားမသိဘူး"

"ဒီလိုတော့ ပုံသေကြီးမတွက်ပါနဲ့ကွာ၊ သူတို့ရှာဖွေနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကမင်းအတွက်မဟုတ်လား....သူတို့မှာသားတစ်ယောက်တည်း ရှိတာပဲကွာ၊ မင်းမပြန်ချင်တောင် မင်းလူ့လောကကြီးမှာ အသက်ရှင် လျက်ရှိနေတယ်ဆိုတာတော့အသိပေးရမယ်ဒီ"

"ဒွေးပါကွာ၊ နောက်တော့တစ်မျိုး စဉ်းစားတာပေါ့၊ ခု တော့ငါ့ရင်ထဲမှာမိဘတွေပေါ်မှာ စံစားချက်ကခါးသက်နေတယ်၊ ငါ့ကို ကျတော့ပြောပြီးမင်းတို့ကျတော့ရော....ကိုယ့်အိမ် ကိုယ့်ခြံ ကိုယ့်စီးပွား ရေးနဲ့မနေဘဲ ဘာလို့ထွက်လာခဲ့ရတာလဲ"

"ငါ့ပတ်ဝန်းကျင်မှာ ငါ့ဘဝကို မကောင်းကြံနေမှာကိုသိ နေ တယ်၊ ဒါကြောင့်ရှောင်ထွက်လာခဲ့တာပဲ"

"တစ်နေ့နေ့တော့ပြန်မယ်ပေါ့"

"စရိုးဆုံးသွားတဲ့အခါ ဆက်စရာ စရိုးမရှိတော့တဲ့အခါ ပြန် လှည့်သင့်ပြီလို့ထင်တဲ့အခါကျရင်တော့ အိမ်ကိုပြန်ပြီးရောက်မှာပေါ့ ကွ"

"ခက်နေတာက သုန်"

"ဟုတ်တယ်... သူကပြန်လမ်းမဲ့ ခရီးသည်ဖြစ်နေပြီ၊ ဒီ အတွက် သုန် ဘာမှစိတ်မပူနဲ့ ငါ့ဘဝက တစ်ယောက်တည်း၊ မင်း

www.burmeseclassic.com



အိမ်ထောင်မပြုမချင်းငါ့ဆီမှာနေလို့ရတယ်"

"အိမ်ထောင်ပြုရင် ဆက်ပြီးလက်မခံဘူးပေါ့"

"သိပ်သေချာတာပေါ့၊ ငါသံယောဇဉ်ရှိတာ တစ်ယောက်ပဲ နောက်တစ်ယောက်အပိုတော့လက်မခံနိုင်ဘူး"

"သုန် ကလည်းတစ်သက်လုံးအပျိုကြီးပဲလုပ်မှာပါ"

"ကဲ...ကဲ...စရိုးကဖြင့်ရှေ့ကိုမရောက်သေးဘူး နောက်ကြောင်း ကိစ္စတွေပြောမနေနဲ့တော့ နောက်ကြုံလာရမယ့်အရေးတွေကိုနောက်မှပဲ ဆုံးဖြတ်ကြမယ် စုအရေးကြီးတာက ငါတို့(၃)ယောက် အင်အားသစ်တွေနဲ့ခြေလှမ်း...."

"ဘော်ဘူး.....ဘော်ဘူး..."

ရထားကြီးဥဩဆွဲသံနှင့်အတူ ဘူတာရုံလေးကို လှမ်းပြီးမြင်တွေလိုက်ရသည်။ ကြားဘူတာလေးဖြစ်ပေမယ့် လူစည်ကားနေသည်ကိုတွေ့မြင်နေရသည်။ရထားပေါ်က ဆင်းသည်နှင့်...

"သုန်...ဒီနဲ့ကပ်ပြီးလိုက်ခဲ့ဒီနယ်မြေက အရှောင်သမားတွေ ကြမ်းတယ်၊ ငါနောက်ကကပ်ပြီးလိုက်မယ်"

"အင်း.."



www.burmeseclassic.com

www.burmeseclassic.com



ဘူတာရုံအပြင်ဘက်သို့လူတွေကြားမှတိုးဝှေ့ပြီးထွက်ခဲ့စဉ်

"အို…"

"ဟာ…"

လူတစ်ယောက်က သုန်သုန်လက်ထဲက အိတ်ကိုအနီးကပ်ဆွဲပြီး လုယူကာ ပြေးထွက်ပေမယ့် အနောက်မှ မိုးယံနှင့် မျက်နှာချင်းဆိုင်တွေ့ပြီး…

"ဖြောင်း…ခွပ်…အီး…အား…"

မိုးယံ၏ လက်သီး(၂) ဆင့်အောက်တွင် ငနဲသား ဖင်ထိုင်ကျသွားသည်နှင့်ညီညီဒီက သုန်သုန့်အိတ်ကိုကောက်ယူပြီးမျက်နှာကန်မည့်အပြု…

"ဒီမလုပ်နဲ့ ဒီလောက်ဆိုရပါပြီ ဟော့ကောင် သွားတော့"

"ဟုတ်…ဟုတ်ကဲ့"

"တကယ်အတင့်ရဲလိုက်တာနော်"

"ဒါ စပ်နနလေးပဲ ရှိသေးတာ ဒီနယ်ဘက်က စရိုက်တွေကကြမ်းတယ်၊ ကြားဘူတာဆိုပေမယ့် မှောင်ခိုဘူတာ တစ်ခုဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး….ကြောက်ဖို့ကောင်းလိုက်တာနော်"

"သုန်သုန်ရေ အပြင်လောကကြီးကို ရင်ဆိုင်တော့မယ်ဆိုရင် စုလိုကြောက်စရာအများကြီးကိုရင်ဆိုင်ရမယ်ဆိုတာကိုစုကတည်းက ကြိုပြီးတွေးထားပေတော့၊ ငါတို့ကိုအားကိုးသလို ကိုယ်ကိုယ်တိုင် ကလည်းသတ္တိတွေရှိအောင်လုပ်ရမယ်"

"ဟုတ်ကဲ့ပါ…"

"ရှေ့နားက ထမင်းဆိုင်လေးမှာ ဝင်ပြီးစားကြတာပေါ့"

ဘုတ်ဘာရုံနှင့်ခပ်လှမ်းလှမ်း ထမင်းဆိုင်လေးထဲသို့ဝင်လာကြ တော့သည်။

ဆိုင်လေးထဲသို့ဝင်လိုက်သည်နှင့်….

"ဆရာတို့ထမင်းသက်သက်ပဲလား တခြားဘာမှာဦးမလဲ"

"ထမင်းသက်သက်ပဲကွာ"

"ဟုတ်ကဲ့"

သုန်သုန်တို့ စားချင်သည့် ဟင်းတွေနှင့်မှာပြီး စားသောက် ကာ အပြင်ကိုထွက်တော့ ညနေက အစောတ်လေးကိုစောင်းနေလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရထားကဘာပြောလဲ"

"ဒီည (၁၁း၀၀) နာရီလောက်မှထွက်မယ်တဲ့"

"ဒါဆို အချိန်တွေအများကြီးရတာပေါ့"

"အချိန်တွေ ရလည်းသိပ်အဝေးကြီးကို မသွားနဲ့၊ ဒီနယ်မြေက မှောင်လာလေလေ အန္တရာယ်များလေလေပဲ.... ဘူတာရုံနားမှာလက်ဖက်ရည်ဆိုင်ကလေးရှိတယ် ...လက်ဖက်ရည်တော့ မရဘူး ကော်ဖီမစ်၊တီးမစ် လောက်တော့ရတယ်၊ မှာပြီးထိုင်ရင်း စောင့်ကြတာပေါ့"

"ဟော့ကောင်တွေ ရပ်စမ်း"

"ဟင်"

"ဟာ"

သုန်သုန်တို့နောက်တွင် လူ(၅)ယောက် လက်ထဲမှာ တုတ်ခါးမြှောင်ကိုယ်စီနှင့်လျှောက်လာကြသည်။

"ဒီ...သုန့်ကိုခေါ်ထား"

"အင်း"

ညီညီဒီ...သုန်သုန်ကိုလက်ဆွဲပြီး မိုးယံဦး ရှေ့တွင်ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဘာကိစ္စလဲ"

"မင်းနဲ့ စာရင်းရှင်းချင်လို့"

"ဒီနယ်မှာ ငါစာရင်းအရှုပ်အထွေး ဘာမှမရှိဘူး"

"သိပ်ရှိတာပေါ့ကွာ မင်းက ငါ့ကောင်ကို ဆော်လွှတ်လိုက်တာလေ"

"ဒါလား.... ကိုယ့်ဆီက ပစ္စည်းကိုဝင်ပြီး လုတာကိုး၊ ဘာလဲ ဒါတို့က ရပ်ပြီးကြည့်နေရမှာလား ဒီလိုမှန်းသိရင် ဒီထက်မက ဆုံးမပြီး လွှတ်လိုက်တယ်"

"မင်းကိုယ်မင်း လူစွမ်းကောင်းကြီးပေါ့"

"မင်းထင်ချင်သလိုထင်လို့ရတယ်...အေး တစ်ခုတော့မင်းနဲ့ ပြောချင်တယ်မင်းတို့(၅)ယောက်လုံးငါနဲ့ရှင်းလို့ရတယ်ငါ့ညီနဲ့ငါ့ညီမ တို့မပတ်သက်နဲ့"

"ဒါဆို လွယ်ပါတယ်... သူတို့နဲ့ မပတ်သက်ချင်ရင် ငွေပေးခဲ့ လေ"

"ဘာကွ...မင်းတို့လုပ်ရပ်တွေကမင်းမှဲ့စရိုက်နယ်မြေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီနော် ၊ဒါ...အမဲရောင်နယ်မြေ မဟုတ်ဘူး၊ မင်းတို့ ထင်တိုင်းလုပ်လို့ ရမယ်များမှတ်နေလား"

"ဒါဆိုရင်တော့ ငါတို့က ရှင်းရမှာပဲ"

"ဒီ သတိထား"

"စိတ်ချ"

သုန်သုန်ရှေ့မှာ (၂)ယောက်သားပိတ်ကာထားလိုက်ပြီး တဖက် အခြေအနေနှင့် ရင်ဆိုင်ဖို့က မလွယ်ကူနိုင်ပေ၊ အထူးသဖြင့် သုန်သုန် ပါနေသောကြောင့်အခက်တွေ့နေသည်၊

"ဟော့ကောင့်တွေ ကြာတယ်အပြတ်ရှင်းကွာ"

"ဝိုး......ဒုတ် အား..."

သုန်သုန်ဆီကိုပြေးဝင်လာသူ (၅)ယောက်ထဲမှ ရှေ့ဆုံးမှ ခေါင်းဆောင်လုပ်သည့် လူ့ဖေါင်ဆီသို့ ခါးမြှောင်တစ်ချောင်း စိုက်ဝင်သွားသည်နှင့် ကျန်လူများခြေလှမ်းတွေ ရပ်တန့်သွားတော့သည်၊

"ကို မင်းဇေ"

"မင်းတို့ ပထွေးကို မှတ်မိသားပဲ၊ ခွေးမသားတွေ မင်းတို့ကို ဘူတာရုံနားမှာ မကျက်စားပါနဲ့လို့ ပြောထားတာကို ဂရုမစိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောလား...ပြောစမ်း...ကျီးကန်း"

"မ...မဟုတ်ရပါဘူး ....ကိုမင်းဇေရယ် ဒီကောင်တွေက စွက်ဖက်ချင်လို့ထုံးမနေတာပါ"

"ဘာကွ...ဖြောင်း...အီး...."

မင်းဇေဆိုတဲ့ လူက ကျီးကန်းမျက်နှာကို ဖြေဖြင့်ကန်လိုက်သည်။

"ဒါနဲ့များ လူမိုက်လုပ်စားနေသေးတယ်၊ ဘူတာရုံမှာ ဘာတွေဖြစ်သလဲ ဆိုတာကို ငါအကုန်သိတယ်၊ ရွေးမသားမင်းကိုအရှင် မထားအားပဲကောင်းမယ်"

"မ....မလုပ်ပါနဲ့ ကိုမင်းဇေရယ်....နောက်ဒါမျိုး မဖြစ်စေရပါဘူး ရှိကြီးခိုးပါတယ်ဗျာ"

"ခွေးကောင်တွေ .....ဒီကောင်ကို ဆွဲခေါ်သွားတော့ ကြာရင်သတ်မိမယ်"

"ဟုတ်....ဟုတ်ကဲ့"

သုန်သုန်တို့(၃)ယောက်ကတော့ ရပ်ပြီး ကြည့်နေကြတော့သည်။ ကိုမင်းဇေအနားသို့လျှောက်လာပြီး....



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်နယ်မြေမှာ ခုလို ရမ်းကားခံရတာကို တောင်းပန်ပါ
တယ်၊ ငါ့ညီနဲ့ ငါ့ညီမ"

"ရပါတယ် အစ်ကို"

"မင်းတို့ရထားနဲ့ပြန်ကြမှာမဟုတ်လား"

"ဟုတ်ပါတယ်အစ်ကိုခုလိုဝင်ပြီးကူညီတာကိုလည်းအရမ်း
ကျေးဇူးတင်ပါတယ်"

"အစ်ကို ကူညီတယ် ဆိုတာ အစ်ကို့တာဝန်လေ၊ အစ်ကိုက
ဒီနယ်မြေကိုလုံခြုံရေး တာဝန်ယူထားရတဲ့ ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်
တစ်ဦးပါ၊ မင်းဇေ လို့ခေါ်တယ် မှတ်ထားပေါ့ လိုအပ်တာရှိပြောပါ"

"မရှိသေးပါဘူး အစ်ကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ဘူတာရုံလေးဘက်ဆီသို့ ခပ်သွက်သွက်လေး ထွက်လာခဲ့
ကြတော့သည်။ သုန်သုန် လက်ဖျားခြေဖျား ပင် အေးစက်လျက် သူမ
ဘဝမှာ ခုလိုမြင်ကွင်းမျိုးကို တွေ့ဖူးတာ ပထမ ဦးဆုံးပင်ဖြစ်သည်။

ဘူတာရုံရှေ့၌ဖွင့် ထားသော လက်ဖက်ရည်ဆိုင်လေးတွင်
(၃)ယောက်သားဝင်ထိုင်ရင်းရထားထွက်ချိန်ကိုစောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူ့လောကအမြင်ဘက်ကြီးက ပျော်စရာကောင်းသလိုပဲ
တ်လပ်ခြင်းရဲ့အရသာဆိုတာဒါပဲဖြစ်မယ်"

"မင်းဘဝက လှောင်အိမ်စံ မင်းသားဆိုတော့ ခုလိုအခြေ
နေမျိုးကိုဒီလိုပဲပြောမှာပေါ့ကွာ၊ တစ်ခုတော့မင်းသိထား "ဒီ"၊ လွတ်
ပ်ခြင်းတွေရဲ့နောက်ကွယ်မှာ အန္တရာယ်တွေက ကပ်လျက်ရှိတယ်၊
တွေဟာ ခင်တွယ်စရာကောင်းသလောက် ကြောက်စရာလည်း
ာင်းတယ်၊ ဒါတွေကိုမင်းတို့ငါတို့တွေ့လာရမှာပါ"

"မိုးယံ မင်းက တို့(၃) ယောက်ထဲမှာ လောကအတွေ့အကြုံ
တွေအများကြီးရထားတဲ့သူ ဆိုတော့ ငါတို့ရဲ့အစ်ကိုကြီးပေါ့ကွာ"

"ဟုတ်တယ်…ကိုမိုးယံဦးက သုန်တို့ရဲ့အစ်ကိုအကြီးဆုံး"

"ငါ့ရင်ထဲမှာလည်းဆုံးဖြတ်ထားပါတယ်၊ မင်းတို့(၂)ယောက်
ဖြတ်သက်ပြီး အစ်ကိုရင်းတစ်ယောက်လို စောင့်ရှောက်သွားမှာပါ
ကွာ"

"သုန်ကတော့အရမ်းကိုကံကောင်းတယ်"

"ဘာလို့"

"ယုတ်မာကောက်ကျစ်တဲ့လူဆိုက လောကအမြင်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်းမသိဘဲထွက်လာရျိန်မှာဒီကအစ်ကို(၂)ယောက်နဲ့တွေ့ရ

ပေါ့"

"ငါလည်းနင့်လိုပဲသုန်း၊မိုးယံဦးဆိုတဲ့အစ်ကိုတစ်ယောက်

မိုးကောင်းကင်ကြီးကနေပစ်ချပေးလိုက်သလိုပါပဲဟာ"

"ပစ်ချတာနောက်ထားရထားထွက်တော့မယ်"

ဆိုင်ကလေးထဲမှရထားဆီသို့ထွက်လာခဲ့ကြသည်၊ရထား

ပေါ်သို့ရောက်သည်နှင့်....

"ငါတို့...တစ်ရမှေခဲ့ပြီ"

"ဘာကိုလဲ မိုးယံ"

"ဒီဘူတာကနေ ထွက်သွားပြီ ဆိုရင် ရထားက တစ်ည

ရက်ခရီးကိုမရပ်ဘဲမောင်းတာလို့ကြားတယ်၊ငါတို့လမ်းမှာစားဖို့ရိ

လိုအပ်တယ်....မင်းတို့ဒီမှာပဲနေကြငါဆင်းပြီးသွားဝယ်လိုက်မယ်"

"ကိုမိုး...သိပ်မကြာနဲ့နော်"

"အေးပါဟာ"

မိုးယံဦးရထားပေါ်မှခုန်ဆင်းပြီးဘူတာရုံဘက်ဆီသို့အ

ကလေးထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်သူ.....ခေါ်သူ......."

"ဟင်"

"ဟယ်"

ရထားကြီးထွက်ဖို့ အချက်ပေး ဥသြဆွဲသံကြောင့် ပြန်ရောက်လာ သေးသည့်မိုးယံဦးအတွက်စိတ်ပူမိသွားသည်။

"ဂျုံး.....ဂျုံး......ဂျုံး..."

ရထားကြီးမှာ စတင်ပြီး ဘူတာမှ ထွက်ခွာနေပြီ ဖြစ်ပေမယ့် ယံဦး အရိပ်အယောင်ကိုပင် မတွေ့ရသေးပေ။

"ဒီဘယ်လိုလုပ်မလဲ"

"မိုးယံ မီအောင်လိုက်လာမှာပါဟာ စိတ်မပူပါနဲ့"

သုန် ဒေါ်ဘက်တွေကို မျက်လုံးကစားလေး ဝေ့ကာ ကြည့်မေသည့်မိုးယံကိုလုံးလုံးမတွေ့ရပေ။ ရထားကြီးမှာအရှိန်ပြင်းစွာ ခုတ် မောင်းနေလေတော့သည်။

"မိုးယံ ကျန်ခဲ့ပြီနဲ့ တူပါတယ်ဟာ"

"ငါကတော့ မထင်ဘူး မိုးယံ ငါတို့နောက်ကို လိုက်ကို လိုက်သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်နဲ့တစ်ယောက်ဘယ်မှာပြန်ပြီး ဆုံမယ်ဆို
ကို ချိန်းဆိုထားတာမှ မဟုတ်တာဘဲဟာ၊ ဘယ်လိုလုပ်ပြီး ပြန်ဆုံ
တော့မှာလဲ"

"သုန်ရယ်... ခေါင်းအေးအေးထားပါ ဟာ.....ငါလည်း စိတ်
နေတာပဲ၊ စက်တာက ဘယ်လိုမှ လိုက်ပြီး ရှာလို့မရတဲ့အခြေအနေ
ရောက်နေတာ ဆိုတော့ ကံတရားဖေ့ါဟာ"

(၂)ယောက်သားစိတ်ပျက်လက်ပျက်နှင့်ဆန်အိတ်ဖွေ
သို့ထိုင်ချလိုက်ကြတော့သည်။

"ဘုရားရှင် တပည့်တော်တို့ (၃)ယောက်ကို စရိုန်မှာ မခွဲ
ပါနဲ့ဦး ...ပြန်ပြီး ဆုံစည်းပါရစေ..."

သုန်မျက်လုံးကလေးကိုမှိတ်ပြီး ဆုတောင်းနေမိတော့သည်
သူတတ်နိုင်တာဒီတစ်ခုပဲရှိလေသည်။ ညီညီဒီကတော့ သုန် စိတ်
ကျမှာစိုး သဖြင့် အားငယ်စိတ်ကိုဖျောက်ပြီး နေပေးနေသည်။

"ဟော့...သုန် နဲ့ဒီ......အိတ်တွေလာယူဦး"

"ဟာ.....မိုးယံ"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ရထားတွဲမှသုန်တို့တွဲဆီကိုကူးလာသောမိုးယံ
ဦးတွေ့လိုက်ရမှရင်ထဲကမွန်းကျပ်မှုတွေပြေလျော့သွားသည်။ညှို့ညှိဒီ
က မိုးယံဦး လက်ထဲမှ အထုပ်တွေနှင့် အိတ်တွေကို လှမ်းပြီးယူလိုက်
သည်။

"ဟူး....စိုးရိမ်လိုက်ရတာကွာ"

"ငါလည်း ဝယ်ပြီးတာနဲ့ အားရှင်းပြေးခဲ့ရတာ၊ ကံကောင်းလို့
နောက်ဆုံးတွဲကို ကပ်ပြီး မီလိုက်တာ၊ သုန် ဒီစားစရာတွေကို လုံလုံခြုံ
ခြုံထားဦး"

"အင်းပါ....ကိုမိုး သုန့်ဖြင့်ပြန်ပြီးမဆုံတော့ဘူးလို့တောင်ထင်
နေမိတာ"

"ဒီရထားမမီလည်း သုန်တို့ နောက်ကို ငါရောက်အောင်
လိုက်ခဲ့မယ်ဆိုတာတော့ယုံ"

"ငါမပြောဘူးလား မိုးယံက ငါတို့နောက်ကိုရောက်အောင်
လိုက်မှာပါလို့"

"လပြည့်ဖို့ ရက်တောင်နီးလာပြီ ပဲ၊ ကောင်းကင်တိမ်တိုက်
တွေကြားမှာ လမင်းကြီးကပြည့်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဓာတ်စရာတွေကို မေ့ထားပြီး ခုလို လရိပ်အောက်မှာ ကြည်နူးစရာလေးတွေကိုအရသာခံကြရအောင်"

"မင်းတစ်ယောက်တည်းပဲအရသာခံတော့ငါနဲ့သုန်ကတော့ အိပ်ရေးပျက် မခံနိုင်ဘူး အိပ်မယ်"

"အိပ်ကြစေဗျာ.."

ညီညီဒီ ဆန်အိတ်တွေပေါ်တွင် ပက်လက်လှန်ပြီး သီချင်း အော်ဟစ်ဆိုနေလေတော့သည်။

"ဒီ..."

"ဘာလဲကွာ"

"မင်းအရသာခံတာ ဘေးကလူတွေကိုဒုက္ခမပေးနဲ့ကွာ အသံ ဆိုးကြီးနဲ့ကြားရတာ စိတ်မရှမ်းသာဘူး"

"ဒီလောက်ကောင်းတဲ့ အသံကိုများ မင်းက ပြောရတယ်လို့ သုန်...ကောင်းတယ် မဟုတ်လား"

"မကောင်းဘူး"

"မင်းတို့မောင်နှမ နှစ်ယောက်က ညီညွတ်နေတယ်။ နှစ် ယောက်တစ်ယောက်ဆိုတော့ မဆိုတော့ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရယ်...ငါတို့က စတာပါ မင်းသီချင်းသံလေးကိုကြားရတာ အတယ်ကိုလွမ်းလောက်ပါတယ်"

"ဟုတ်တယ်ဒီ...သုန်ကသီချင်းသီပ်ကြိုက်တာမဟုတ်ဘူး၊ ရှ ဒီဆိုတာလေးကိုနားထောင်လို့ကောင်းနေတာ"

"အလို့... တယ်ပြီးဟုတ်နေပါလား ဒါဆိုရင်တော့ ထပ်ပြီးဟဲ့ ဘိုက်တာပေါ့"

"ကြည့်လည်းဟဲ့၊ တော်ကြာ ရထားဂါတ်ဗိုတွဲက ကြားသွားပြီး သတ်မှတ်လာစစ်မှ ဟုတ်ပေမှဖြစ်နေမယ်"

ပျော်ရွှင်ကြည်နူးခြင်း ညကလေးတစ်ညကို ရထားကြီးပေါ် ဘွင်မျှဝေခံစားလျက်......။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

"ဂျိုင်း..."

"ဟင်"

"ဟာ"

ရထားတွဲ တစ်ခုလုံး တုန်ခါသွားပြီး ဘေးသို့ယိမ်းသလို ဖြစ်သွားသောကြောင့်သုန်...မိုးယံကိုလှမ်းပြီး ဆွဲထားလိုက်ရသည်။ ရထားတွဲကြီးမှာမှောက်သွားခြင်းတော့ မရှိပေမယ့် ဘေးသို့ယိမ်းပြီး ကျနေလေသည်။

"ဘာဖြစ်တာလဲမိုးယံ"

"ငါ့စိတ်ထင်တော့သောင်းကျန်းသူတွေမိုင်းထောင်ပြီးရထား

www.burmeseclassic.com

www.burmeseclassic.com



ဘိုခါးပြတိုက်မယ့်ပုံပဲကွ"

"ဟာ"

"ဟယ်"

"ခဏနေဦး ငါ အခြေအနေကို အကဲခတ်လိုက်ဦးမယ်"

မိုးယံဦး ရထားတွဲဘေးသို့ဆင်းပြီးကြည့်တော့ သောင်းကျန်း

သူခါးပြတွေကိုတွေ့လိုက်ရသည်။ ချက်ချင်း ရထားတွဲပေါ်ပြန်ပြီးတက်

လာကာ...

"အောက်ကိုအမြန်ဆင်းကြ ငါတို့တွဲဘက်ဆီကိုပါလာနေပြီ

သောင်းကျန်းသူတွေ ရိက္ခာတွေပါယူမယ့်အနေအထားရှိတယ်"

သုန်တို့ ရထားတွဲပေါ်မှ ဆင်းခဲ့ကြပြီး ဘေးဘက် တောတန်း

ဆီသို့ပြေးထွက်ရှိန်တွင်....

"ဒိုင်း .... ဒိုင်း ....ဒိုင်း ..."

"အမေ့"

အဝေးမှသေနတ်ဖြင့်လှမ်းပြီး ပစ်သောကြောင့် မြေပြင်တွင်

ဝပ်လိုက်ကြရသည်။ ခဏနေပြီးမှ သုန့်လက်ကိုမိုးယံဦး ဆွဲပြီးပြေးသွား

သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

သေနတ်နှင့်လှမ်းပြီးပစ်ပေမယ့်ထိရောက်မှုတော့မရှိလှပေ

ဒါပေမဲ့ သူတို့နောက်ကို (၂)ယောက် ကတော့အတင်းပြေးလိုက်နေ

သည်။

"ဒီနဲ့သုန်မင်းတို့ကဒီဘက်မှာနေ ငါနောက်ဘက်သစ်ပင်တ

နေဒီကောင်(၂)ကောင်ကိုဆော်မယ်"

"မိုးယံဒီကောင်တွေလက်ထဲမှာသေနတ်နဲ့နော်"

"အေးပါကွာ"

မိုးယံဦး နှင့်လမ်းခွဲပြီး သုန်နှင့်ဒီက သစ်ပင်ကြီးသေးတွင် ဝ

ကာနေလိုက်ကြသည်။

"ဒီနားတင် ပျောက်သွားတာကွ"

"တွေ့လို့ကတော့မလွယ်ဘူးမှတ်"

"ဆင်ကြီး အရေးမပါရင် ရှာမနေနဲ့ကွာပြန်လှည့်မယ်"

"ဗိုလ်မဲလုံးက ရအောင်ခေါ်ခဲ့လို့ ပြောတာမကြားဘူးလ

အားလုံးဖမ်းပြီး ဓါးစာခံလုပ်မလို့ကွ၊ ပြီးရင် အစိုးရနဲ့ အပေးအယူ လု

မလို့ပြင်ဆင်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှာကွာ"

"ဖျောက်"

"ဟာ... ဟိုဘက်မှာ ခြေသံကြားတယ် မင်းသွားကြည့်၊ ငါ ဒီ ဘက်ကိုရှာမယ်"

"ဒအေး"

တစ်ယောက်က ဒီ တို့နားကို လျှောက်လာစဉ် ဒီက သုန်ကို သစ်ပင်ခြေရင်းတွင်ထားပြီး သစ်ပင်ဘေးသို့ ကပ်လိုက်သည်၊ လက် ထဲမှာသစ်ကိုင်းခြောက်တစ်ခုကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထား လျက်...

"ဟော့ ...ထစမ်း"

"ကျွန်....ကျွန်မ"

သုန်က ရှေ့ကနေ ကြောက်သလိုလို လုပ်ပြပြီး နေရိုက်တွင် ဦးညီဒီမှ သစ်ကိုင်းခြောက်နှင့် ခေါင်းကိုရိုက်ချလိုက်သည်၊

"ဖြောင်း ......အား..."

တစ်ချက်တည်းနှင့်ပြန်ပြီးမထနိုင်သောကြောင့်နောက်အခါ် တစ်ယောက်ကိုပင်ဆက်ပြီးမရိုက်လိုက်ရ၊ ထို့အတူမိုးယံဦးဘက်ကိုသွားသော



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သမားကိုလည်း မိုးယံဦးက ဝါးပိုင်းနှင့် မြေပြင်တွင် သိပ်ထား လိုက်လေသည်။

"ဒီ...သုန်"

"မိုးယံ"

(၃)ယောက်သားပြန်ဆုံကြပြီး သူတို့ဆီက သေနတ်များနှင့် ကျည်ကာတ်တွေကိုယူခဲ့ကြသည်။

"သေနတ်ကြီးကိုင်ပြီး သေနတ်မှ မပစ်တတ်တာ ဘယ်လို လုပ်မလဲ မိုးယံ"

"ငါသင်ပေးပါ့မယ်၊ လောလောဆယ် ရထားက လူတွေကို ကယ်ဖို့က ငါတို့(၃)ယောက်တည်းနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ ဒီအတိုင်းပဲ ကြည့်နေမှာလား"

"ရထားနားကိုသွားပြီး တစ်ခုခုတော့ ကြံကြတာပေါ့"

ရထားတွဲ တစ်ခုပေါ်သို့ ခရီးသည်တချို့နှင့် ရထားဝန်ထမ်း တွေကို တက်ခိုင်းနေသည်ကို တွေ့မြင်နေရသည်။

"မိုးယံ ဒီကောင်တွေ အဖွဲ့က လူမနည်းဘူး၊ အနည်းဆုံး အယောက်(၂၀)လောက်ရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သုန်...မင်းလက်ထဲကဆွဲလာတာ ဘာကြီးလဲ"

"မသိဘူးဟိုလူဆိုးသေးကအိတ်ကိုဆွဲယူလာတာ"

မိုးယံ...သုန် ဆွဲယူလာသည့်အိတ်ကိုလှမ်းယူပြီးကြည့်လိုက်ရာ အသံတိတ်ကိရိယာတစ်ခု၊ အဝေးကြည့်မှန်ပြောင်းနှင့် လက်ပစ်ဗုံး(၃) လုံးကိုတွေ့လိုက်သဖြင့်...

"သုန် ရေ တကာယ်ကို အဆင်ပြေသွားပြီ၊ ဒီ မင်းလက်ထဲက သေနတ်ငါ့ကိုပေး"

"ရော့"

မိုးယံဦး...ညီညီဒီ လက်ထဲက သေနတ်ကိုလှမ်းယူပြီး သေနတ်ပြောင်းတွင်အသံတိတ်ကိရိယာနှင့်ပြောင်းပေါ်တွင် အဝေးကြည့် မှန်ပြောင်းကိုတပ်ဆင်လိုက်လေသည်။

"ဂျောက်"

မိုးယံဦးတစ်ယောက်ချင်းကိုပစ်ခတ်ရန် မောင်းတင်၍ ချိန်မှတ်ကိုစတင်ရှာဖွေလေသည်။ ခရီးသည်များကိုဖမ်းဆီးထားသည့် တွဲပေါက်ဝတွင်စောင့်နေသောလူဆိုးကိုပထမဦးဆုံးကျည်ဆံပစ်သွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်.......အား...."

"သုန်နဲ့ဒီ...ဟိုဘက်ကိုသွားမယ်မြန်မြန်လာ"

မီးရောင်ပွင့်သွားသည့်နေရာဆီကို တစ်ဖက်မှသေနတ်
ကျည်ဆံတွေ စုပုံရောက်လာကြသည်။ နောက်ပစ်မှတ်တစ်ခု
ရထားခေါင်းတွဲတွင် ခါးထောက်ပြီးရပ်နေသော ခေါင်းဆောင်ဆီ
ဖြစ်သည်။

"ကဲကွာ...."

"ဒုတ်....အီး...."

ခေါင်းဆောင်လုပ်သူ သေနတ်ထိမှန်သွားသည်နှင့် ကျန်
များတွန့်ဆုတ်ကုန်သွားကြသည်။ မိုးယံဦး လက်ပစ်ဗုံးတစ်လုံး
ထပ်ပြီး ထုတ်ယူကာ ရထားနှင့်မနီးမဝေးဆီသို့ပစ်ချလိုက်သည်။

"ဝုန်း...."

"ဟာ စစ်တပ်လာပြီ...ဆုတ်...ဆုတ်..."

မိုးယံဦးပြထားသည့် အတိုင်း ညီညီဒီက မျက်လုံးစုံမှိတ်
ပစ်ခတ်လေသည်။ တစ်ဖက်မှသူပုန်များမှာတပ်မတော်စစ်ကြောင်း
ရောက်ပြီထင်မှတ်ကာ ပြန်ပြီးဆုတ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ....ရဗြိုမင်းပစ်တာအကုန်နီးပါး ကျကုန်ပြီကွ"

"ဟာ...တကယ်"

"သူ့ပုန်တွေတော့ မဟုတ်ဘူး သစ်ပင်ပေါ်က ငှက်တွေ၊ မင်းပစ်တာအပေါ်ဆိုတော့ ငှက်ပဲထိမှာပေါ့ကွ၊ တစ်ခုတော့ကောင်းတယ် ဒီကောင်တွေက စစ်တပ်က ပစ်ခတ်နေတယ်လို့ထင်ပြီးပြန်ဆုတ်သွားကြပြီ၊ သုန်ရေ သွားကြရအောင်"

"အင်း"

တောတန်းကုန်းမြင့်လေးပေါ်မှ (၃)ယောက်သား ဆင်းလာခဲ့ကြတော့သည်။

"မင်းတို့ (၃)ယောက်တည်းနဲ့ ဆော်ပစ်တာ"

"ဟုတ်တယ် ....ဟိုကောင်တွေ အကြောက်လွန်ပြီးပြေးလို့ပဲ့ဆိုရင် မလွယ်ဘူးနော်"

"ဟူး...တော်ပါသေးရဲ့ကွယ် မင်းတို့(၃) ယောက်ဝင်ပြီးကယ်သို့ပဲ နို့မို့ဆိုမလွယ်လှဘူး"

"ရထားက ဆက်ပြီးသွားလို့မရတော့ဘူးလား"

"သွားလို့ရပါတယ် ဘေးကိုယိမ်းသလို ဖြစ်နေတဲ့တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြီးတွန်းလိုက်ရင်ရပါပြီ၊ ခွေးကောင်တွေထောင်တဲ့ပုံးကအညံ့

ပုံးမို့လို့ပေါ့ကွာ၊ နို့မို့ဆိုရင် သံလမ်းပါပြတ်ထွက်သွားမှာ ရဟာကဖလိ

တုံးပဲရွှေ့သွားတယ်"

"ဒီကောင်တွေက ကြိုးပြီးထွက်တားတာလား"

"ဟုတ်တယ် မီးရောင်ပြပြီး ရထားကို ရပ်ခိုင်းတာနဲ့ ငါလည်

ရပ်ပေးလိုက်တာ၊ မိုင်းနေရာနဲ့က သိပ်တော့မကွာဘူး သူကအပေါ်

ရထားကအရပ်နဲ့ နောက်တွဲတွေဘေးကိုယိမ်းကျသွားတာ"

"ဒါဆိုလည်းအရှိန်ရှိတုန်း တွဲတွေကိုဝိုင်းပြီးတွန်းကြတာပေ

"မောင်ကိုကိုရေကြိုးတွေပါယူခဲ့ကွာ တစ်ဖက်ကကြိုးနဲ့ဆွဲ

မယ်"

"ဟုတ်...ဟုတ်ကဲ့ဆရာ"

မိုးယံဦး...ညီညီဒီတို့ပါခရီးသည်တွေနဲ့အတူ ဝိုင်းပြီးလုပ်ကို

ကြသဖြင့် (၂၀၀) နာရီလောက်မှာအားလုံးပြီးဆုံးခဲ့ကြသည်။

"မင်းတို့ (၃) ယောက်က ခုံမဲ့ လိုက်လာကြတာလား"

"ခုံမဲ့တင်မကဘူး လက်မှတ်ပါမဝယ်ခဲ့ရပါဘူး၊ ဒင်ရိုက်မယ်

ဆိုရင် ရိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့(၃)ယောက်ကို ဒဏ်ရိုက်ရင် ငါတို့ ကျေးဇူးမသိ
ဘောင်တွေဖြစ်သွားမှာပေါ့ကွာ၊ ဆန်တွဲက အမိုးမရှိဘူး ငါတို့ခေါင်း
ရဲ့နောက်က အခန်းကနေလိုက်ခဲ့ကြ၊ လမ်းမှာစားသောက်ဖို့ပါ မပူနဲ့
ကျေးဇူးရှင်တွေကို ကျေးဇူးပြန်ပြီးဆပ်ရတာပေါ့၊ ဟော့....သွားကြမယ်
တော့"

"ခေါ်ဘူး....."

ရထားကြီးမှာ ဆက်၍ထွက်ခွာခဲ့တော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

မီးရထားကြီး၏ခရီးအဆုံးကိုရောက်ရှိခဲ့ကြပြီဖြစ်သည်။

သုန်တို့(၃)ယောက်ကိုမီးရထားတာဝန်ရှိသူများကဂုဏ်ပြုပွဲကလေးလုပ်ဖို့ ပြောကြပေမယ့် လက်မခံဘဲ ခရီးဆက်ခဲ့ကြသည်။ ဘူတာရုံကြီးထဲမှထွက်တော့ညနေစောင်းလုလု........

"မိုးယံ...တို့ဘယ်ကိုခရီးဆက်မလဲ"

"ငါက ဒီနယ်မြေကို တစ်ခါမှ ရောက်ဖူးတာမဟုတ်ဘူး ကြားဖူးရုံ လောက်ပဲရှိတာကွ၊ ဒီကနေ မြစ်တစ်ခုကိုကူးရင် နယ်စပ် တိုင်းရင်းသား ရွာလေးတစ်ရွာကိုရောက်မယ်တဲ့၊ ဒီရွာကလေးမှာ စီးပွားရေးအခြေချဖို့ နေရာကောင်းတစ်ခုလို့တော့ ပြောကြတယ် ရောက်မှပဲအခြေအနေကိုသိရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဒီဘက်မှာညအိပ်မလားတစ်ခါတည်းဟိုဘက်ကိုကူး သွား"

"ညနေ စောင်းနေပြီဆိုတော့ ငါတော့မကူးချင်ဘူးကွာ၊ ဟို ဘက်ကိုရောက်ရင် မိုးချုပ်နေမှာ ကိုယ်သိကျွမ်းတဲ့သူ ရှိတာမဟုတ် တော့ အခက်အခဲတွေရှိနိုင်တယ်၊ ဒီဘက်မှာပဲ ညအိပ်ပြီး မှ မနက်ကူး ကြတာပေါ့"

"အဲ့ဒါလဲ ကောင်းတာပဲ၊ ညအိပ်ဖို့အခက်အခဲရှိရင် ဘုတာရုံ မှာအိပ်ပြီး အကူအညီတောင်းတာပေါ့"

"နောက်ဆုံး နေရာရှာမတွေ့ရင်တော့ ဘူတာရုံကိုပဲ အကူ အညီတောင်းတာပေါ့ကွာ"

"ကိုမိုး"

"ဘာလဲသုန်"

"ဒီနယ်မြေကလူတွေကတစ်မျိုးပဲနော်"

"သုန်ကဘာကိုဆိုလိုပြီးပြောတာလဲ"

"သုန်တို့ကိုကြည့်နေတဲ့မျက်လုံးတွေကကြောက်စရာကြီး တော့ဝါးတော့မလိုဘဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်သုန် ဒီနယ်မြေထဲကို လူစိမ်းဝင်ခဲ့တယ်၊ ဒ
ကြောင့် လူစိမ်းဝင်ပြီဆိုရင် သူတို့ကို ရန်မူမယ့်သူလို့ ထင်နေတာမျိုး
ဖြစ်မှာပေါ့လေ၊ ငါတို့ ခုရောက်နေတဲ့နေရာနဲ့ ဆက်ပြီးသွားရမယ့်
နေရာတွေက အန္တရာယ်ကိုစိန်ခေါ်ပြီး သွားရမယ့်နေရာတွေပဲသုန်ရေ"

"ဒီနယ်မြေတွေကို အစိုးရအုပ်ချုပ်ရေး မရှိဘူးလား"

"ရှိပါတယ် ဒါပေမယ့် မြို့တွေနဲ့ အရမ်းဝေးတာရယ် နယ်စပ်
ဘက်ကို ကပ်နေတာရယ်ကြောင့် ဒုစရိုက်ကောင်တွေ အစွင့်အရေး
ရနေတာပေါ့"

သုံးယောက်သား စကားပြောကာလျှောက် လာကြသည်၊

"ဟင်"

လူတစ်ယောက်ကို ဆိုင်ကယ်တစ်စီးက ဒေါးရှင်းပွတ်ဆွဲ
လှည့်ပင်မကြည့်ဘဲ နောက်တစ်ကြိမ်ပြန်ပြီး ကွေ့လာကာ လမ်းပေါ်တွင်
လဲကျနေသော လူကို ဆိုင်ကယ်ပေါ်မှ (၃) ယောက်ခြေစုံ ရပ်ပြီး ထ
ယောက်တစ်ချက် ကန်နေသည့်ကြားမှ လဲကျနေသူက (၃)ယော
ထဲမှ တစ်ယောက်ကို ခေါင်းနှင့်ပြေးဆောင့်ပြီး ပြေးထွက်လာသည်
ထိုလူပြေးထွက်လာသည့်နေရာက သုန် တို့လျှောက်ပြီးလာနေသော



www.burmeseclassic.com

www.burmeseclassic.com



နေရာဆီ....

"အစ်ကို....ကျွန်တော့်ကို...ကယ်ပါ"

ထိုလူငယ်မှာ အသက်က ၈ပ်ငယ်ငယ်အရွယ်သာ ရှိသေး သည်။ သုန်တို့ (၃)ယောက်နောက်တွင်ဝင်ရပ်ပြီး အကူအညီတောင်း နေတာက သနားစရာ သုန်တို့(၃)ယောက်တွင် ဆုံးဖြတ်ချက်ပေး သူက မိုးယံဦးဖြစ်သဖြင့် သူ့ဆုံးဖြတ်ချက်ကိုပဲနားစွင့်နေလိုက်သည်။

"ဟော့ကောင်တွေ မင်းတို့ ဖယ်စမ်း .... မဖယ်ရင်မင်းတို့ပါ အဆစ်ပါသွားမယ်"

"ကိုပေါက် မင်းစကားပြောရင် ဆင်ဆင်ခြင်ခြင်ပြောစမ်း၊ သူတို့ဆီမှာ မဒီရောကလေးပါတယ်၊ ကိုယ်တို့အတွက် အဆင်ပြေနိုင် တယ်၊ ရွှေမသားကိစ္စက နောက်မှရှင်းတောင်ရတယ်"

"မင်းသိပ်ကိုတော်တဲ့ကောင်ပဲ ....ဟဲဟဲ ကဲ ငါ့လူတို့ မင်းတို့ ဘတ်ထဲကာပစ္စည်းလေးကိုရှေးကောင်းပေးမယ် ဘယ်လိုလဲ"

"သိပ်ကိုရတာပေါ့....ဘယ်လောက်ပေးနိုင်မလဲပြော"

သုန်ကတော့ကြားကနေရင်တွေတုန်လှုပ်ချောက်ချားနေ၏။

"မင်းပြောကြည့်လေ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါတောင်းရှင်တဲ့ဈေးကဒီလောက်"

"ဖြောင်း……ခွပ်……ဒုတ်"

ညီညီဒီကမိုးယံဦးနှင့်အတူလက်ခြေတွေကိုခပ်သွက်သွ

လေးလှုပ်ရှားတတ်နေလေပြီ။မိုးယံဦးစပြီးတိုက်ခိုက်သည်နှင့်ညီညီ

ကအဘေးကကောင်ကိုဝင်ပြီးဆော်တော့သည်။ပွဲကသိပ်ပြီးမကြာလ

နဲ(၃) ယောက်လုံးမှောက်သွားပေမယ့် တစ်ယောက်က ထပြီး

သည်ကိုမိုးယံဦးကုတ်ကိုဆွဲပြီး….

"သုန်"

"ရှင်"

"မင်းရှေ့ကတုတ်နဲ့တစ်ချက်လောက်ရိုက်လိုက်စမ်း"

"ဟင်"

သုန်…တုတ်ကိုကောက်ယူပြီး ဘာမှမစဉ်းစားတော့ဘဲ

ခေါင်းကိုရိုက်ချလိုက်သည်။

"ဖြောင်း… အား ….ဒသံပါပြီ"

ရိုက်ချက်ကအားပါပေမယ့်ရိုက်သည့်တုတ်ကလွဲသွားနေ

ကြောင့်ငနဲသားခေါင်းမကွဲပေမယ့်မြေပြင်မှာစိုက်ကျသွားတော့သ

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးညီမကဟုတ်သားပဲကွ ဘုတာရုံဘက်ကိုပြန်ပြီး လှည့်တာဖဲကောင်းမယ်"

"ကောင်းတယ်မိုးယံ"

သုန် တို့ပြန်မည်အပြု...

"နေပါဦး အစ်ကိုတို့ရယ်"

"မင်းအတွက် အန္တရာယ်တွေက ရှင်းသွားပြီလေ"

"ကျေးဇူးတင်စကားဆိုပြောမနေနဲ့ ကြုံကြိုက်လို့ ကူညီတာလို့သဘောထားလိုက်"

"ကျွန်တော့်ကို ဆက်ပြီး ကူညီပါဦး"

"ဟော"

"ဖါတို့က ဘာဆက်ပြီးကူညီရမှာလဲ၊ မင်းသိအောင်တော့ပြောထားရမယ်၊ ငါတို့က ဒီနယ်သားမဟုတ်ဘူးနော်"

"အစ်ကို တို့ ဒီနယ်သားမဟုတ်ဘူးဆိုတာကိုကျွန်တော်သိပါတယ်"

"သိရင်ဘာအကူအညီတောင်းဦးမှာလဲ"

"အစ်ကိုတို့နဲ့ ဒီညတစ်ည လောက်အတူနေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်စကားကိုမိုးယံဦးက နားထောင်ပြီး

"မင်းငါတို့နဲ့ အတူနေတာပြဿနာ မရှိပါဘူး ဒါပေမယ့် မ

ကိုငါတို့ကဘယ်လိုယုံကြည်ရမှာလဲ၊ဥပမာကွာမင်းကဥပဒေနဲ့မလွ

ကင်းတာတွေကိုလုပ်လာပြီးငါတို့ကိုအသုံးချမယ်ဆိုရင်မစက်ဘူးလား

"ကျွန်တော့် မှာဒီလိုမျိုး မကောင်းတဲ့ စိတ်မျိုးမရှိပါဘူး

ကျွန်တော် အစ်ကိုတို့နဲ့ နေဖို့ အကူအညီတောင်းရတာ ခုနက ကော

တွေ့ရန်ကြောင့်ပါ"

"မင်းကဒီနယ်သားမဟုတ်ဘူးလား"

"မဟုတ်ပါဘူးကျွန်တော်ကဟိုဘက်ကမ်းကပါ"

"ကောင်းပြီမင်းဘက်ကမကောင်းတဲ့စိတ်မရှိဘူးဆိုရင်ငါ

နဲ့လိုက်ခဲ့လို့ရတယ်"

"ကျေးဇူးတင်ပါတယ်အစ်ကိုတို့ရယ်"

"မင်းနာမည်"

"စောထူးသာ"

မီးရထား ဘူတာရုံဆီသို့ ပြန်ရောက်ပြီး ရုံပိုင်ကြီးဆီ အ

အညီတောင်းသဖြင့်... သုန်တို့(၄)ယောက်ကို သီးသန့်အိပ်ခန်းလေ



www.burmeseclassic.com

www.burmeseclassic.com



အစ်ခုကိုစီစဉ်ပေးလေသည်။

"ကဲ...စောထူးသာစိတ်ချလက်ချအိပ်တော့မင်းကောင်တွေ ဘူတာရုံထဲထိဝင်လာပြီးမကြွမ်းရဲပါဘူး"

"သေချာတာပေါ့အစ်ကိုရယ်ဝင်ကြွမ်းတာနဲ့သူ့ပစ္စေးတွေက အကောင်းကောင်းဆုံးမှာပေါ့"

မီးရထားဘူတာရုံတွင်စစ်တပ်နှင့်ပြည်သူ့စစ်တွေကအလှည့် အတာဝန်ယူပြီးလုံခြုံရေးတာဝန်ကိုယူထားကြသည်။

"စကားမစပ်အစ်ကိုတို့ကဘယ်ကိုသွားကြမှာလဲ"

"ဟိုဘက်ကမ်းကိုကူးမလို့"

"ဟာ"

ညီညီဒီစကားကြောင့်စောထူးသာအံ့အားသင့်စွာနှင့်သုန်တို့ (၁)ယောက်လုံးကိုကြည့်နေလေသည်။

"ဘယ်လိုဖြစ်တာလဲကွဟိုဘက်ကမ်းကိုကူးတာရေဲပြည်ကို သွားရတာကျနေတာပဲ"

"အစ်ကိုရေ ရဲပြည်ကမှသက်သက်သာသာရှိဦးမယ်၊ အကယ်ဆိုးဝါးတဲ့နေရာ တစ်ခုပါဗျာ၊ အရင်အဲ့ဒီဘက်ကမ်းက ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်မဆိုးဘူး ခုတလောတော့မှ အခြေအနေအရမ်းကို ဆိုးဝါးနေတယ်

"ဦးပဒေမဲ့ နေရာပေါ့"

"ဦးပဒေတော့ ရှိတယ်၊ ငွေနဲ့ လုပ်ကိုင်နေကြတာ၊ အစ်ကိုတို့

ဘာသွားပြီး လုပ်ကြမှာလဲ"

"စီးပွားရေးတစ်ခုခု လုပ်မလို့"

"ဟိုမှာလုပ်ကိုင်တဲ့ စီးပွားရေးက မှောင်ခိုလိုင်းနဲ့ လော

ကစားလိုင်းပဲရှိတာ၊ ရိုးရိုးသားသားလုပ်ကိုင်စားသောက်ဖို့တော့ သိ

မဖြစ်နိုင်ဘူး"

"လူမိုက်တွေပေါ်တယ်ဆိုဟုတ်လား"

"အလကားကောင်တွေပါ အစ်ကိုရာ၊ ပုလိပ်တွေနဲ့ ပေါင်

ဗိုလ်ကျနေတာ တကယ်သတ္တိရှိတဲ့ကောင်မရှိဘူး၊ လက်ထဲသေ

လေးကိုင်ရပြီဆိုတာနဲ့ လက်သရမ်းတော့တာပဲ၊ ဒီနေရာမျိုးမှာ အစ်

တို့ စီးပွားသွားပြီးရှာချင်တယ်ဗျာ"

"ငါတို့က ဒီလိုနေရာမျိုးမှ အလုပ်လုပ်ချင်တာ၊ စော

မင်းငါတို့ကို ဘာကူညီပေးနိုင်မလဲ"

"အစ်ကိုတို့ လိုချင်တဲ့ အကူအညီကိုပြော"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နေထိုင်ဖို့နေရာကောင်းကောင်းတစ်နေရာရှာပေးနိုင်မလား"

"အစ်ကိုတို့မှာငွေပါတယ်မဟုတ်လား၊ ကျွန်တော်မေးတာမိရိုးသားသား သဘောနဲ့မေးတာနော်"

"အေးပါကွာ ပါသင့်သလောက်တော့ ပါပါတယ်၊ မင်းဘာသုပ်ချင်လို့လဲ"

"ဟိုဘက်ကမ်းမှာမြန်မာငွေကိုမသုံးဘူး၊ သူတို့နိုင်ငံငွေကိုပဲသုံးတာဆိုတော့အစ်ကိုတို့ငွေတော့လဲရမယ်"

"လဲဖို့လွယ်ကူပဲမလား"

"ကျွန်တော့်တာဝန်ထားပါ"

"စောထူးသာ"

"ပြောပါ အစ်ကို"

"မင်းကိုငါတို့(၃)ယောက်လုံးကရိုးသားစွာနဲ့ဆက်ဆံသလိုငါတို့ပေါ်မှာ မင်းရိုးသားစွာနဲ့ ဆက်ဆံစေချင်တယ်"

"ဒီအတွက် ကျွန်တော် အသက်နဲ့ထပ်တူ ကတိပေးပါတယ်အစ်ကိုတို့(၃)ယောက်ပေါ်မှာကိုယ့်သွေးသားရင်းလိုသဘောထားပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ကြားရတဲ့စကားကသိပ်ကိုကောင်းတဲ့စကားပါပဲကွာ၊မနေ

ခရီးစဉ်ကိုမင်းပဲစီစဉ်တော့ကွာ"

"အပေါ်လိုင်းက မဝင်နဲ့ အစ်ကို"

"အပေါ်လိုင်းကဝင်ရင်ဘာဖြစ်လို့လဲ"

"အပေါ်လိုင်းကဝင်ရင် ဟိုမှာရှိတဲ့ကောင်တွေက လူစိမ်း

ရင် ပစ်မှတ်ထားပြီး အန္တရာယ်ပေးတယ်၊ ယောကျ်ားလေးတွေရည်

ပဲဆို ကိစ္စမရှိဘူး၊ ဒီကမမ ပါနေတော့ အောက်လမ်းကဝင်ပြီးနောက်

အပြင်ကိုထွက်ပေါ့"

"ဟိုဘက်ကမ်းကိစ္စတွေမှာမင်းကငါတို့ရဲ့ဆရာပဲတော့ထူးသ

ဒါနဲ့ မင်းမှာမိသားစု မရှိဘူးလား"

"မရှိဘူးအစ်ကိုတစ်ယောက်တည်းအပေါင်းအသင်းတော

မထားဘူး၊ဟိုဘက်ကမ်းမှာက သစ္စာရှိတဲ့ကောင်မရှိဘူး အားလုံးက

သမားတွေချည်းပဲ အစ်ကို"

သုန်နဲ့ညီညီဒီကတော့ဟိုဘက်ကမ်းက အခြေအနေတွေ

နားထောင်ရင်း တကယ့် အန္တရာယ် နယ်ကြီးတစ်ခုသို့ မြင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

“စောထူးသာဟိုဘက်မှာဒါလွယ်လား”

မိုးယံဦးက လက်ကလေးကိုကွေးပြလိုက်ပြီး သေနတ်ရလား မေးခြင်းဖြစ်သည်။

“ကျွန်တော်ပြောသလိုပဲ အစ်ကို ငွေသာရှိရင် အားလုံးရ သယ်”

“အဲဒီဘက်ကမ်းမှာစိုးမိုးနေတာဘယ်သူလဲ”

“ပုလိပ်အရာရှိ ဂျင်ဇူဒါး .... သူက ထောင်ထွက် ကနူးဆိုတဲ့ ကောင်ကိုမွေးထားပြီး လုပ်စားနေတာ...ဖိုက်ခိုင်းတယ်၊ ရက်စက်တယ်၊ ကောက်ကျစ်တယ်၊ သူတို့နဲ့တော့လွတ်အောင်တော့နေရမယ် အစ်ကို သူတို့မှာက လက်နက်ရှိတယ်၊ လူအင်အားကောင်းတယ်၊ သတ္တိရှိတာ တော့မဟုတ်ဘူး”

“အင်းလေ ရောက်တော့မကြုံသလိုစီစဉ်ကြတာပေါ့ကွာ”

“ကဲ...အိပ်ကြတော့ညဉ့်နက်ပြီ”

သုန်တို့(၄)ယောက်တန်းစီပြီးအိပ်လိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

နှင်းကလေးတွေကတဖွဲဖွဲကျနေသည့်လမ်းကလေးပေါ်တွင် သုန်တို့လေးယောက် ဘုတာရုံကြီးကိုကျောခိုင်းပြီး ထွက်လာခဲ့ကြသည်။

"စောထူးသာမင်းဘယ်လိုကူးမယ်လို့စဉ်းစားထားလဲ"

"စက်လှေငှားပြီးကူးရင်တော့ရတယ်၊ဒါပေမဲ့စက်လှေသမား တွေကသစ္စာရှိတဲ့ကောင်တွေမဟုတ်ဘူး။လူစိမ်းလာတာကိုသိတာနဲ့ သူ့ပုဝေွးတွေကိုမျက်နှာလိုမျက်နှာရသွားပြီးသတင်းပေးမှာ"

"ဒါဆိုဘယ်လိုကူးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနဲ့အစ်မကဒီကစောင့်နေ၊ကိုဒီကကျွန်တော်နဲ့လိုက်ခဲ့"

"စောထူးသာမင်းငါတို့ကိုသေဖော်ညှိနေပြီလား"

"ဘာမှမဖြစ်ဘူးလိုက်သာလိုက်ခဲ့"

"ဒီမင်း သုန် နဲ့စနစ်ခဲ့လေ"

"ရပါတယ်မိုးယံရယ်ဒီကောင်ကိုတမင်စနေတာပါ၊သွားကြ ယ်စောထူးသာ"

ညီညီဒီ နှင့် စောထူးသာ ထွက်သွားပြီး မိုးယံဦးနှင့်သုန်တို့ ...င်းကလေးဘေးရှိသစ်ပင်ကြီး၏အမြစ်ပေါ်တွင်ထိုင်နေကြသည်။

"လူတွေရဲ့ကံကြမ္မာက အံ့ဩဖို့ကောင်းတယ်နော်"

"သုန်ကဘာကိုပြောချင်တာလဲ"

"တခြားမဟုတ်ပါဘူး သုန်တို့စုဆို (၄)ယောက်ဆုံခဲ့ကြတာ ...တွေးပြီးအံ့ဩမိလို့ပါ"

"ဟုတ်တယ်သုန် လူဆိုတာ ကံကြမ္မာရဲ့သားကောင်တွေပဲ ...သူစေညွှန်ရာအတိုင်း အားလုံးလိုက်နာရတာ၊ ဘယ်သူငြင်းနိုင် ...လဲသူကဆုံခွင့်ပေးရင်ဆုံရမယ်၊ သူကခွဲခွာခဲ့ရင်ခွဲခွာရတာပဲ"

"သုန်လေကိုမိုး၊ကိုဒီတို့နဲ့ခွဲခွာရမှာကိုတွေးမိတိုင်းအမြဲးကို



www.burmeseclassic.com

www.burmeseclassic.com


အားငယ်ပြီးကြောက်လည်းနေမိတယ်"

"ငါသုန်ကိုစကားလေးတစ်ခွန်းပြောထားချင်တယ်"

"ပြောပါ အစ်ကို"

"ငါခုပြောတဲ့စကားဟာသုန်နဲ့ခွဲခွာချင်လို့ပြောတဲ့စကားတော မဟုတ်ဘူး၊ကံကြမ္မာကြောင့်ခွဲခွာခဲ့ရရင်သုန်ကိုယ်တိုင်လောကကြီး ရင်ဆိုင်ရဲတဲ့ သတ္တိတွေ အားအင်တွေကိုမွေးထားဖို့ လိုအပ်တယ်၊ လောကကြီးမှာ ရက်စက်သင့်သူကို ရက်စက်ပြီး၊ သနားသင့် သူ သနား၊ ကယ်သင့်သူကိုကယ်ရမယ်သုန်"

"သုန် ကြိုးစားမှာပါ သုန့်ဘဝက ခုမှ အပြင်လောကကိုစပြီး ထွက်ခဲ့တဲ့သူဆိုတော့ တဖြည်းဖြည်းချင်းတော့ ကြိုးစားသွားရမှာပေ အစ်ကို"

"သုန်ကထက်မြက်တဲ့မိန်းကလေးတစ်ဦးပါ"

"မောင်နှမချင်း မြှောက်နေပြန်ပြီ"

"တကယ်ပြောတာ ညီမလေး ...မသွေးပဲပစ်ထားတဲ့ ဓါးတ ချောင်းလို ဖြစ်နေတာ.... သွေးလိုက်ရင် ငါတို့ထက်တောင် ထက်မယ့် ကောင်မလေးဖြစ်မှာ"


www.burmeseclassic.com

www.burmeseclassic.com



"ဟော့...မြန်မြန်လာကြ"

"ဟင်..."

စက်လှေတစ်စင်းကိုစောထူးသာနှင့်ညီညီဒီတို့လှော်ပြီးထွက်လာသည်ကိုတွေ့လိုက်ရပြီးသူတို့သစ်ပင်ကြီးနားသို့တိုးကပ်လိုက်ပြီးလှေပေါ်သို့အမြန်တက်ခိုင်းလေသည်။ချောင်းရိုးလေးအတိုင်းစက်ကိုနှိုးဘဲလှော်စတ်ကာထွက်လာခဲ့ကြပြီးချောင်းဝထိပ်ဆီသို့ရောက်မှ...

"ဒုတ်.....ဒူး....ဒူး...."

စက်ကိုနှိုးကာမောင်းထွက်ခဲ့ကြလေသည်။

"စောထူးသာ ဘယ်ကစက်လှေကြီးကိုမ,လာတာလဲကွ"

"တကယ့်ရှစ်တီးကောင်ရဲ့စက်လှေကိုမ,လာတာ ကိုမိုး၊ လူတွေကို မတရားအတိုးတွေနဲ့ အပေါင်ခံ၊ အရက်ပုန်းရောင်းပြီး ကြီးပွားနေတာ ...ဟိုဘက်ကမ်းကို ရောက်တာနဲ့ မြစ်ထဲမှာ တစ်ခါတည်း မြှုပ်ပစ်လိုက်မှာဒါမှလက်စပြတ်မှာ"

"နမြောစရာကြီး စောထူးသာရာ"

"နမြောမနေနဲ့ ကိုဒီကိုယ့်ပစ္စည်းမှမဟုတ်တာ"

သုန်ကတော့ ကိုယ်မရောက်ဘူးသော အရပ်ဒေသ၏ မြင်

www.burmeseclassic.com

www.burmeseclassic.com



ကွင်းများကိုငေးမောကြည့်ရင်းလိုက်ပါလာတော့သည်။သုန့်ဘဝတွင် နောက်ကြောင်းမရှိတော့တဲ့ လူတစ်ယောက်အတွက် ရှေ့ဆက်စရာ များသည်အနာဂတ်သစ်တွေပဲပင်။

စောထူးသာ တစ်နာရီနီးပါးလောက် မောင်းခဲ့ပြီး တစ်ဖက် ကမ်း၏ချောင်းလေးတစ်ခုထဲသို့မောင်းဝင်လာခဲ့သည်။

"ကိုဒီရေရှေ့ကမ်းပေါ်ကိုတက်ပြီးကြိုးတက်ချည်ဗျာ"

"အေး ..."

စက်လှေစက်ကို အရှိန်သတ်ပြီး ကမ်းနားသို့ တိုးကပ် လိုက် ကာကမ်းပေါ်သို့တက်ခဲ့ကြတော့သည်။

"စောထူးသာဒါတောလမ်းတစ်ခုနဲ့တူတယ်"

"ဟုတ်တယ်ကိုမိုး ဒါတောလမ်းပဲ၊ ဒီကောင်တွေကိုရှောင်လွှဲ ပြီး သွားလို့ရတဲ့ နေရာက ဒီနေရာပဲရှိတာ...သွားကြမယ် ... နာရီဝက် လောက်လျှောက်ရင်ရောက်ပါပြီ"

စောထူးသာဦးဆောင်သည့်နောက်ကိုသုန်တို့(၃) ယောက် လိုက်ခဲ့ကြ တော့၏၊ တောလမ်းကလေးဖြစ်၍ လူသွားလူလာ ပ်ပြီး မရှိသည့် နေရာလေးမှ စောထူးသာ သူမှာပါလာသော ဓားတိုလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



င်းလင်းပြီးသွားနေရသည်။

"သုန်...အောက်ကိုသတိထားပြီး နင်းနော်၊ ချော်တွေရှိတယ်"

"ဟုတ်ကဲ့ကိုမိုး...."

သုန်တို့ လျှောက်လာကြရင်း ဝါးတံတားလေး တစ်ခုကို

ကျော်ခဲ့ကြသည်။

ဝါးတံတားလေးမှာ ဝါးလုံးတစ်လုံးတည်း နင့်ပြုလုပ်ထား

သောဝါးတံတားဖြစ်သောကြောင့် သုန်ဘယ်လိုမှမကူးတတ်။

"သုန်...ဒါ့လက်မောင်းကိုမြဲမြဲဆုပ်ကိုင်ပြီးလိုက်ခဲ့"

"ဟုတ်ကဲ့"

မိုးယံဦး လက်မောင်းကို လက်တစ်ဖက်က ဆုပ်ကိုင်ပြီး

က်ဖက်က ဝါးတန်းလေးကိုဆုပ်ကိုင်လျက် ကူးခဲ့ကြသည်။

"ဟူး....."

တစ်ဖက်ကမ်းဆီသို့ရောက်မှသက်ပြင်းချနိုင်တော့သည်။

"တောထူးသာ.."

"ဘာများလဲမမ"

"နင့်ခရီးဆုံးဖို့နောက်ထပ်တံတားဘယ်နှခုဖြတ်ဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မများပါဘူး နောက်ထပ်တံတား(၁၀)ခုလောက်ပါပဲ"

"မြန်လှည့်လို့မရတဲ့ဘဝဆိုတော့ နင်ခေါ်တဲ့နောက်ကိုဆက်ပြီးလိုက်ရဦး မှာပေါ့"

"အလကားစတာပါ မမသုန်ရယ် ရေ့မှာကွေ့ဆိုရင် ရောက်ပါပြီ"

သုန့်ကို ကိုမိုးယံဦးက တွဲလိုက် ညီညီဒီက တွဲပြီးခေါ်လိုက်နေ ခြေတံရှည်အိမ်လေးဆီသို့ ရောက်ခဲ့ကြသည်။

"ဗဒူး ရေ.... ဟေ့...ဗဒူး"

"ဟော ...ဘယ်သူလဲ....."

"မိုးစောပါ....ဧည့်သည်တွေပါလာတယ်"

"ဝေး.....အိမ်ပေါ်ကိုတက်ကြ....တက်ကြ.."

အသက်(၅၀)ဝန်းကျင်လောက်ရှိတဲ့ ကရင်လူမျိုးကြီး ဗဒူးကို သုန်တို့(၃)ယောက်နှင့်မိတ်ဆက်ပေးပြီး လာခဲ့ရသည့်အကြောင်းကို ပြောပြလိုက်သည်။

"ဝေး... ခက်တာပဲကွာ ဒီနယ်မှာက စီးပွားရေးလုပ်ကိုင် စားသောက်လို့ရတဲ့နေရာမဟုတ်ဘူး ....ရိုးသားတဲ့သူဆိုတာ ရှိမရှိတာ ကောင်လေးတွေစဉ်းစားကြဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က တစ်သက်လုံးခြေရှုပ်ထိတော့မယ့်ပဲ ဘူး ကိုယ့်ဘက်ကလုပ်နိုင်သလောက်ထိ လုပ်ကိုင်ကြည့်မယ်၊ နောက်ဆုံး ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးဆိုရင် နောက်ကြောင်းပြန်ပြီးလှည့်မှာပါ"

"ရောက်လာပြီးမှတော့ ချက်ချင်းကြီးတော့ မပြန်ချင်ဘူး.... ဘူး"

"အေးပါကွာ... မင်းတို့ဆုံးဖြတ်ချက်နဲ့ မင်းတို့လာကြတာဆို တော့ ငါဆက်ပြီးမပြောချင်တော့ဘူး၊ ငါ့ဘက်က ကူညီလို့ရတာတွေကို ကူညီပေးမှာပါ။ ဒီဘက်မှာက ငါတို့မြန်မာတွေရှိပေမယ့် ကုလားကောင် တွေနဲ့ ပေါင်းပြီး အကျင့်ပျက်နေကြပြီ၊ ကိုယ့်လူမျိုး အချင်းချင်း ရိုင်းပင်း ကူညီမှု မရှိကြတော့ဘူး၊ မင်းတို့က ငါတို့လူမျိုးတွေဆိုတော့ သွေး နင်းသားရင်းတွေလို သဘောထားပြီး ကူညီပေးရမှာပေါ့.....မင်းတို့ ချက်ချင်းအပြင်ကိုမထွက်ကြနဲ့ဦး၊ အထူးသဖြင့် ဒီကကောင်မလေးကို အဓိတွေ့မခံနဲ့၊ ဒွေးမသားတွေက တကျာဘီလူးကောင်တွေ....စောထူးသာ ခင်းက နယ်ခံ ဆိုတော့ လိုအပ်တာတွေကို လုပ်ပေးထားလေ...."

"ဒီညကိုမိုးယံနဲ့ ကျွန်တော်ငွေထွက်ပြီးလဲမယ်....ပြီးရင်လိုအပ် တာတွေကိုဝယ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အိမ်မှာ ပျော်သလောက်နေကြ ငါက တောထဲ အမဲ
တာနဲ့ အချိန်ကုန်နေတာ၊ ခုတောင် တောထဲဝင်ခါနီး ဆဲဆဲ မင်း
ရောက်လာတာ၊ အခန်းထဲမှာ ကောင်မလေးအိပ်ပေါ့၊ မင်းတို့(
ယောက်အပြင်မှာအိပ်...စောင်တွေက ဟိုသေတ္တာထဲမှာရှိတယ်...
ရောက်ရင်ကျောက်ခွဲမတတ်ပဲ ချမ်းတာ၊ စောင်ထူထူကိုယူပြီး ခြုံကြ
"ဟုတ်ကဲ့"
ဦးဗဒူးဝါး သူမှာစရာရှိတာတွေကို မှာခဲ့ပြီး ဒူးလေးကိုတ
တွင်သိုင်းလွယ်ပြီး ထွက်သွားတော့သည်။
"စောထူးသာ.."
"ဗျာ....ကိုမိုး"
"ဗဒူးဝါးမှာ မိသားစု မရှိဘူးလား"
"ရှိတယ်ကိုမိုး....ဒီအကြောင်းတွေပြောရင်စိတ်မကောင်း
ပါဗျာ ... နောက်မှ ပြောပြမယ်၊ ဗဒူးဝါးကို သွားပြီးမမေးနဲ့နော်
အကြောင်းကိုပြန်ပြီး သတိရတိုင်း သူ့အရမ်းကို ခံစားရတယ်"
"မင်းခုလိုပြောထားတော့မမေးမိတော့ဘူးပေါ့ကွာ...ငါတို့
ညမှထွက်မှာဆိုတော့ ဒီနေ့စားသောက်ဖို့ကိစ္စကိုဘယ်လိုရှင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗဒူးမီးဖိုချောင်မှာ (၄)ယောက်စာလောက်တော့ ဖူဖူလုံလုံရှိပါတယ်ဗျာ...မပူပါနဲ့၊ ကျွန်တော်ခုပဲဝင်ပြီးစီစဉ်လိုက်မယ်"

"ငါပါလုပ်ပါ့မယ်စောထူးသာရယ်"

သုန်...စောထူးသာနှင့်အတူ မီးဖိုချောင်ထဲသို့ ဝင်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စောထူးသာနှင့်ငွေလဲပြီးပြန်ထွက်လာသောရွာကလေး

မီးစက်ကြီးဖြင့်ပေးသောမီးတွေကလင်းနေလေပြီ။ လျှပ်စစ်မီးမရ

ဖသော နယ်စပ်ဒေသတစ်ခုဖြစ်သဖြင့် မီးစက်ကြီးဖြင့်သာ လမ်းမီး

ထွန်းထားခြင်းဖြစ်သည်။

"စောထူးသာ…ဟိုဆိုင်တွေကလူတွေစည်လှချည်လား

"ဒါ…လောင်းကစားဝိုင်းတွေကိုလွတ်လွတ်လပ်လပ်လုပ်

နေကြတဲ့နေရာလေ"

"စောထူးသာ…တစ်ချက်လောက်ဝင်ကြည့်ရအောင်"

"ကိုမိုးကဝါသနာပါတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဝါသနာပါလို့မဟုတ်ဘူးနယ်မြေအခြေအနေကိုအကဲခတ်ကြည့်ချင်လို့"

"ဒါဆိုဝင်ကြမယ်"

နှစ်ယောက်သားဆိုင်ကလေးထဲသို့ ဝင်ခဲ့ကြပြီး စားပွဲလွတ်အစ်ရတွင်အရက်တစ်လုံးကိုမှာကာ ထိုင်ရင်းမိုးယံဦးအခြေအနေကိုလေ့လာနေမိ၏။ လောင်းကစားဝိုင်းတွေက (၃)ဝိုင်း၊ (၄)ဝိုင်း လောက်တွေ့ရပြီး (၆)ကောင်ဂျင်၊ ဖဲဝိုင်း၊ အန်စာဝိုင်းတွေကိုတွေ့မြင်နေရသည်။

"အောင်ဘ...မင်းမျက်နှာကြီးက ငိုမလိုပါလားကွ"

"စောထူးသာ"

မိုးယံဦးတို့ ဝိုင်းကလားထိုင်တွင် ဝင်ပြီးထိုင်ကာ အောင်ဘမျက်နှာတွင် ရွှေးစေးများပါကျနေသည်။

"မင်းဖဲရှုံးလာတာလား"

"အန်စာရှုံးလာတာ စောထူးသာ... ငါတော့ဒီနယ်က လစ်ရသယ့်ကိန်းဆိုက်နေပြီ"

"ဘာဖြစ်လို့လဲ"

"အလုပ်ရှင်က ငါ့ကိုငွေသွားပြီး ယူခိုင်းတဲ့ငွေတွေကို ဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစားလိုက်လို့"

"ဘယ်လောက်တောင်လဲ"

"သုံးသိန်းထဲပါ၊ပြန်ပြီးဆပ်ဖို့က မလွယ်ဘူး...ပြေးရင်လည်း

မိန်းမနဲ့ကလေးတွေကို ခေါ်သွားဖို့က သူ့ဒေးဖြဝန်းထဲမှာဆိုတော့

ဘယ်လိုမှ ခေါ်လို့မရဘူး....ကိုယ့်ကိုယ်ကိုသာ သတ်ပြီး သေလိုက်ရ

တယ်"

မိုးယံဦး နားထောင်နေပြီးတစ်ခွန်းမှ ဝင်မပြောဘဲ အောင်ဘ

ကိုသာကြည့်နေသည်။ပြီးမှ...

"ဒိုင်တွေက....ကုလားကောင်တွေလား"

"ဟုတ်တယ်ကိုမိုး"

"ကိုအောင်ဘ...စင်ဖျားနဲ့ကျုပ်က စုမှတွေ့ဘူးပေမယ့်ကိုယ်

လူမျိုးတစ်ဦးဒုက္ခဖြစ်နေတာကိုကူညီပါမယ်"

"ဗျာ"

"ဟင်"

မိုးယံဦးစကားကို စောထူးသာနှင့် အောင်ဘ အံ့ဩသွားကြ

သည်။



www.burmeseclassic.com

www.burmeseclassic.com



"စောထူးသာ… အောင်ဘုကို ငွေတစ်ထပ် ထုတ်ပေးလိုက်၊ ဒီငွေက တစ်သောင်းလောက်ပဲရှိမယ်၊ ကျုပ်ပြောတဲ့အတိုင်း ခင်ဗျားက ဆိုးဘယ်လိုလဲ…ဖြစ်နိုင်မလား"

"ဖြစ်…ဖြစ်ပါတယ်"

"ကဲ…လာ သွားကြမယ်"

စားပွဲဝိုင်းမှ ထလာပြီး အန်စာဝိုင်းဆီသို့ လာခဲ့ကြသည်။

"ကလောက်…ကလောက်…ကလောက်"

အန်စာဒိုင်သမားက သူ့အန်စာတုံးခွက်ကို (၃)ကြိမ်လှုပ်ပြီး စားပွဲပေါ်တွင် အုပ်ထားကာ…

"ထိုးလို့ရပြီ"

အောင်ဘု…မိုးယံဦးကို ကြည့်ပြီး…

"ဘယ်လိုင်းကို ထိုးရမလဲ"

"အလယ်လိုင်းကို ထိုးချလိုက်"

အောင်ဘု သူ့လက်ထဲမှ ငွေစက္ကူ တစ်ထပ်ကို ထိုးချလိုက်သည်။ ဘေးမှ ထိုးသူတွေက ကိုယ်စိတ်သန်ရာ လိုင်းတွေကို ထိုးကြလေသည်။

www.burmeseclassic.com



"ကဲ..အားလုံးလက်ရှောင်....ဖွင့်ပြီ"

"ဟင်...ဟာ...ဟိုက်.."

အန်စာတုံးက (၆)သုံးလုံး၊ (၂) နှစ်လုံးပေါ်နေသောကြော

အောင်ဘှ ထိုးသောလိုင်းပေါ်တွင် အဆ(၁၀)ဆ နှင့် ရလိုက်သည်

နောက်ထပ်တစ်ပွဲ၊ နှစ်ပွဲ၊ သုံးပွဲမြောက်ထိအောင်ဘှအလျော်စံရသဖြ

သူရှုံးထားသောငွေနှင့်တောင်ပိုပြီးရနေလေပြီ။

ဒိုင်လုပ်သူကအောင်ဘှနှင့်မိုးယံဦးတို့ကိုစူးရှသောမျက်

နှင့်ကြည့်နေသည်။

"အောင်ဘှ"

"ဘာလဲ...ဗျာ့"

"မင်းဒီတစ်ခါ မှန်အောင်ထိုးနိုင်ရင် အပြတ်ငွေနှစ်သိန်း ပေ

မယ်"

"မမှန်ဘူးဆိုရင်"

"မင်းလက်ထဲကပိုက်ဆံတွေထားခဲ့"

"ဘာကွ....ငါနိုင်လို့ငါယူတာ...မင်းတို့ပိုလ်မကျနဲ့နော်"

"ဒါဆို မှန်အောင်ထိုးလေ.."



www.burmeseclassic.com

www.burmeseclassic.com



ရော့တပည့်တွေက မိုးယံဦးတို့နောက်တွင် ပိတ်ဆို့ထား ကြသည်။

"လောင်းကစားလုပ်တယ်ဆိုတာ နိုင်ချင်လို့လုပ်ကြတာပဲ၊ ဒါတို့လည်းနိုင်ချင်လို့ဒိုင်လုပ်တာ သူတော်ချင်တဲ့အချိန်တော်မှာပေါ့"

"မင်းဘာကောင်မို့ဝင်ပြီးပြောတာလဲ"

"ငါက ဘာကောင်မှမဟုတ်ဘူး အောင်ဘုသူငယ်ချင်းပါ"

မိုးယံဦးက ခပ်အေးအေးပဲပြောနေသည်၊ ရော့အထိနာတာ က အောင်ဘု ထိုးသည့်လိုင်းပေါ်မှာ အခြားလူတွေပါ ဝင်ပြီးထိုးသဖြင့် ရှုံးပွဲများနေခြင်းကြောင့် အောင်ဘုကိုမဲနေခြင်းဖြစ်သည်။

"အပိုစကားတွေပြော မနေနဲ့ ထိုးမလား၊ မထိုးဘူးလား... ကွာ"

"ကောင်းပြီ မင်းဘက်ကသိပ်ပြီး ဆန္ဒရှိနေရင် ထိုးမယ် ဒါပေ ယ့် မင်းဘက်က ရှုံးခဲ့ရင် ဘာမှရန်မလုပ်ဘူးဆိုတာကို တာဝန်ယူ လား"

"မောင်ရင်ပြောတဲ့စကားကမှန်တယ်၊ ရော့...မင်းသူငယ်ချင်းသ ဲ့တာဝန်ယူနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ယူနိုင်တယ်"

"သေချာလားဗျာ၊ ငါ့အကြောင်းကိုမင်းသိတယ်နော်၊ မင်းလို အဆင့်မဆိုတာနဲ့ ဂျင်ရှူးဒါးတောင်ဂရုစိုက်တာ မဟုတ်ဘူးနော်၊ မောင်ရင်စိတ်ချပြီးကစား"

"မင်းနဲ့ ငါက တစ်ယောက်ချင်း ယှဉ်ကြမှာဆိုတော့ မင်းအနိုင်ကိုင်မလား ...ငါကိုင်ရမလား"

"မင်းကိုင်မယ်ဆိုသိပ်ပြီးကောင်းတာပေါ့"

"အောင်ဘုမင်းငွေတွေအားလုံးအောက်မှာပုံချလိုက်"

"ဟုတ်ကဲ့"

အောင်ဘု ငွေစက္ကူတွေကို တစ်ရွက်မကျန် အောက်တွင် ပုံချလိုက်တော့သည်။ ကျန်တဲ့လူတွေက စိတ်ဝင်စားစွာ ကြည့်နေကြသည်။

"မင်းထိုးကွက် မှန်တာနဲ့ ငါတို့ငွေတွေအားလုံးကို ယူသွား၊ မင်းမှားရင်အောက်မှာရှိသလောက်လျော်ရမယ်၊ ဘယ်လိုလဲ"

"သိပ်ပြီးကြိုက်တာပေါ့ကွာ"

"ကဲ...စပြီ"



www.burmeseclassic.com

www.burmeseclassic.com



မိုးယံဦးအန်စာတုံးတွေကိုသပ်သပ်ရပ်ရပ်ကလေးကိုင်တွယ်ပြီးခွက်ထဲမှာထည့်ကာ စလောက်ပြလိုက်သည်။ စားပွဲပေါ် ချလိုက်ပြီးသည်နှင့်...

"မင်းထိုးနိုင်ပြီ"

ဂျော့ အန်စာသံကို နားစွင့်ပြီး သူ့စိတ်တိုင်းကျ ပြုလုပ်ထားသောအန်စာတုံးအသံကိုကောင်းကောင်းမှတ်မိနေသောကြောင့်...

"ဒီလိုင်းက ထိုးတယ်"

"သေချာသွားပြီလား"

"သေချာတယ်....ဖွင့်ကွာ..."

မိုးယံဦးတစ်ချက်ပြုံးလိုက်ပြီးအန်စာခွက်ကိုဖွင့်ပြလိုက်တော့

"ဟာ..."

"ဟိုက်..."

ဂျော့ထိုးထားသည့်လိုင်းမဟုတ်ဘဲတခြားလိုင်းတွင်ဖြစ်နေသည်။

"ဒီလောက်ဆို....ရလောက်ပါပြီ"

"လျော်ပေးစမ်း......တောက်"



www.burmeseclassic.com

www.burmeseclassic.com



ရေကူးသူ့အနှစ်စာတုံးများကိုမကျေနပ်စွာကိုင်ကြည့်ပြီး ဘေး
ကိုပစ်ပေါက်လိုက်သည်။ မိုးယံဦးတို့က ငွေတွေကိုယူကာ ဆိုင်ထဲ
ထွက်လာခဲ့ကြတော့သည်။ သူတို့နောက်ကိုဘယ်သူမှလိုက်လာခြ
မရှိသည်မှာ ဆိုင်ထဲမှလူကြီးကြောင့်ပင်ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

သုန်တို့(၄)ယောက် အိပ်ရာထပြီး အဆာပြေစားနေကြ ည်၊ ကောက်ညှင်းပေါင်းနှင့်ပဒူးဝါး ဆတ်သားခြောက်ကိုစားနေကြ ဖြစ်သည်။

"စောထူးသာ ညက တို့ဘက်ကဝင်ပြီး ပြောတာဘယ်သူလဲ မြန်မာလူမျိုးတော့မဟုတ်ဘူး"

"ဘင်္ဂလားပေါက်ပါ၊ ဒီမှာရှိတဲ့ ဘင်္ဂလားကောင်တွေထဲမှာ စ်ယောက်ပဲ စိတ်ထားကောင်းတာရှိတယ်၊ သူ့နာမည်ကျော့သီး၊

www.burmeseclassic.com



ဘာသာရေးသမားတစ်ဦး၊ သူ့ဘာသာသူနေတယ်…ဂျင်ရှုးဒါးတို့ ကိ
တွေမှာ ဝင်လည်းမပါဘူး၊ ပြောလည်းမပြောဘူး ဒါပေမယ့် သူနဲ့ ထိ
တိုက်တွေ့ရမယ့်ကိစ္စတွေရှိလာရင် ဘာကိုမှ ဂရုမစိုက်ဘူး၊ သူ
ဂျင်ရှုးဒါးတို့ရှောင်းပြီးလုပ်ကြံဘူးတယ်၊ သေနတ်တွေနဲ့ဝိုင်းပြီးပစ်
တောင်တစ်ချက်လေးမှမထိဘဲ ဂျင်ရှုးဒါးကောင် (၅)ကောင်လော
ပွဲသိမ်းသွားတယ်၊ ဒီကတည်းက မှုသီးကိုကြောက်သွားပုံရတ
ဂျင်ရှုးဒါး တပည့် ကနူး ဆိုတဲ့ကောင်က မှုသီးကို သွေးတိုးသွားပြီး
တာ…သူ့ဆရာတောင်မှုသီးလက်ချက်နဲ့မသေတာ”

“အင်း… ခုလိုနယ်မြေ ဆိုးမှာ ဒီလိုလူတစ်ယောက်လော
ရှိဦးမှပဲ၊ မိုးယံမင်းဘာဆက်ပြီးလုပ်မယ်လို့စဉ်းစားထားလဲ”

“ငါတို့ဒီနယ်မြေမှာရေရှည်နေဖို့ဆိုတာ မလွယ်ဘူးနေ
ဆိုရင်တော့မဖြစ်မနေ လုပ်ရမှာတစ်ခုပဲရှိတယ်”

“ဘာလဲ….ဟင်”

“သူတို့ထက်ပိုပြီးမိုက်ရဲတဲ့ လူမိုက်ဖြစ်အောင် လုပ်
ဒီလိုမှမလုပ်ရင် ဒီကောင်တွေသေနတ်ကျည်ဆံက ရှေ့ဆို
လာမှာမဟုတ်ဘူးနောက်ကနေရောက်လာမှာ”



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်ကိုမိုး"

"ဒီမင်းဘယ်လိုသဘောရလဲ"

"မင်းဆုံးဖြတ်တာတွေကိုငြင်းစရာမရှိဘူး"

"ကိုမိုးတို့နဲ့ကျွန်တော်ပါလက်တွဲမယ်နော်"

"တွဲရမှာပေါ့စောထူးသာရယ်"

"စောထူးသာ....စောထူးသာ...."

"ဟင်"

မြဝမှခေါ်သံကြောင့်စောထူးသာထွက်ပြီးကြည့်တော့အောင်ဘု

တွေ့လိုက်ရသည်။

"အောင်ဘု...ဘာတွေဖြစ်လာတာလဲ...အိမ်ပေါ်တက်ခဲ့"

အောင်ဘုအိမ်ပေါ်သို့ခပ်သွက်သွက်လေးတက်ခဲ့ပြီး...

"ကနေ့ရဲ့ညီကဒူးကမင်းကိုလိုက်ရှာနေကြပြီ"

"ဟင်...ဘာလို့"

"ဂျော့လက်ချက်ပေါ့ မင်းနဲ့ ပါလာတဲ့ ကိုမိုးယံဦးကို တွေ့ချင်

ကြတာ၊ဝါ့ကိုလာပြီးရှာတာ ငါက နောက်ဖေးဘက်ကနေ သုတ်ခြေ

ပြီးထွက်လာတာ၊ဒီမှာနေတာတော့ သူတို့မသိကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးဘယ်လိုလုပ်မလဲ"

"စောထူးသာဒီနေရာထက်စိတ်ချရတဲ့နေရာမင်းရှာနိုင်လာ

"ဒီနေရာထက်စိတ်ချရတဲ့နေရာဆိုလို့စောတာထဲကတိုက်

ကြီးမှာသွားပြီးနေဖို့ပဲရှိတော့တယ်"

"ကိုမိုးကရှောင်မလို့လားဟင်"

"ရှောင်မလို့ မဟုတ်ဘူး သုန်... ငါစောစောက ပြောသ

ဒီကောင်တွေကိုစိန်ခေါ်တဲ့ပွဲလုပ်ပြီးလှုမိုက်နေရာကိုဝင်ပြီးယူမ

"သိပ်ပြီးကောင်းတယ် ကိုမိုးယံဦး၊ ဒီကောင်တွေကို ပြ

ဆော်ရျင်နေတာကြာပြီ၊ မယှဉ်နိုင်လို့ခေါင်းငုံ့နေရတာ"

"အောင်ဘုမင်း...ငါတို့နဲ့ ပေါင်းမယ်ပေါ့"

"သိပ်ပြီး ပေါင်းတာပေါ့"

"မင်းမိန်းမနဲ့ ကလေးတွေရော"

"သွားပြီးခေါ်ထားမယ်၊ ငါတို့အတွက်ထမင်းချက် ဟင်း

တော့ရမှာပေါ့"

"သုန်"

"ရှင်...ကိုမိုး"



www.burmeseclassic.com

www.burmeseclassic.com



"သုန်...သဘောတူလား"

"သဘောတူပါတယ်...သုန်တို့မှာကလက်နက်မရှိဘူးဘယ်လို ...ယ်မလဲ"

"ဘာမှမပူနဲ့ဂျင်ရူးဒါးတို့လက်နက်တွေသိမ်းတဲ့နေရာကိုကျွန် ...တ်ကောင်းကောင်းသိတယ်... လက်နက်မှောင်ခိုသမားတွေကို ...ဖြိုးရောင်းတယ်ဝယ်တယ်ပြီးရင်သူ့ပုန်တွေကိုရောင်းတယ်လေ... ...တောင်က ဒါနဲ့ ရျမ်းသာနေတာ ... လုပ်တော့ ပုလိပ်အရာရှိ လုပ်နေ ...အလုပ်တွေကဒုစရိုက်အလုပ်တွေချည်းပဲ"

"အောင်ဘုဘယ်အချိန်သွားရင်ကောင်းမလဲ"

"မိုးချုပ်လောက်ဆို အဆင်ပြေမယ် ဟိုမှာ စောင့်နေတဲ့ ...ကောင်တွေက ဆေးသမားတွေ၊ ဘယ်သူမှလာပြီးမယူရဲတာကို ...နေကြတော့သိပ်ပြီးတော့ဂရုမစိုက်ကြပါဘူး၊ ခပ်ပေါ့ပေါ့လေးစောင့် ...ကြတာ"

"သုန်...ဒီညပွဲမှာပါရမယ်"

"ပါရမှာပေါ့ကိုမိုးရယ်"

"အောင်ဘုမင်းဖနီးနဲ့ကလေးကိုသွားပြီး ခေါ်ရင် ဟိုကောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဘက်ပါ စုံစမ်းရဲ့... ငါတို့လက်ထဲကို လက်နက်ရောက်လာတာ
စိန့်ခေါ်ပွဲမယ်"

"ဒါဆို ကျုပ်ပြန်မယ်"

"အေး"

အောင်ဘုထွက်သွားပြီးသုန်တို့တစ်ယောက်ကိုတစ်ယော
ကြည့်လိုက်ကြပြီး....

"ငါတို့လာပြီးလုပ်တဲ့ စီးပွားရေးက လူဆိုး လုပ်ငန်းကြီးတစ်
ဖြစ်နေပါလားဟေ့...ဟား...ဟား...ဟား.."

ညီညီဒီအားရပါးရရယ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို.....အစ်ကိုတို့ရယ်ကျွန်မကိုကယ်ပါ"

သုန်...မိုးယံဦး သင်ပေးထားသည့်အတိုင်း အစောင့်(၃) ယောက်ဆီကို အပြေးကလေးသွားပြီး သူ့မနောက်ကို အမှေ့ကျင့်ဖို့ လိုက်နေကြောင်းကိုကြောက်ဟန်ပြုပြီးပြောပြလိုက်သည်။

"ဘယ်ခွေးမသားတွေလဲ....မသာပေါ်ချင်လား"

(၃)ယောက်ထဲမှ တစ်ယောက်က သေနတ်ကိုဆွဲ ပြီး သုန်ပြေးလာသည့် ဘက်သို့ ခါတ်မီးနှင့်ထိုးပြီး ကြည့်တော့ စောထူးသာ၊ အောင်ဘုတို့က အရိပ်အယောင်ပြုပြီးပြေးပေးလိုက်သည်။

"ခွေးတောင်တွေ ပြေးပြီ ညီမလေး ဘာမှအားမငယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးဆီကိုရောက်လာတာ အရမ်းကိုကံကောင်းတယ်လို့မှတ်

"ဟုတ်ကဲ့..."

အစောင့်(၃) ယောက်လုံးမျက်လုံးတွင် သုန် ကိုစားတော့ဝါးတော့မလိုကြည့်နေပြီး...

"ညီမလေးက ဘယ်ကိုပြန်ရမှာလဲ"

"မသိပါဘူးအစ်ကိုရယ် ဘယ်နေရာကိုမှမသွားတတ်ပါဘူး"

"ဘယ်မှသွားစရာမရှိရင်ဟဲဟဲ အစ်ကိုတို့နဲ့သာနေပေတော့"

သုန်က အိပ်ချင်သလို မျက်လုံးစင်း ပြလိုက်သောကြောင့်ခွေး(၃)ကောင်အတွက်အကွက်ဝင်သွားပြီ...

"ညီမလေးက အိပ်ချင်နေပြီကိုး ... ငါသွားပြီး သိပ်လိုက်မယ်မင်းတို့ အပြင်ကစောင့်ဦး"

"သွားပြီးသိပ်လိုက်ပါကွာ သူ့ခမျာ အိပ်ချင်နေပြီ"

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် ရိုတ်ဆက်လုပ်ပြီး သုန်ကိုအပေါ်ထပ်အိပ်ခန်းဆီသို့ခေါ်ဆောင်သွားသည်၊ မိုးယံနှင့် ညီညီဒီတို့က အစောင့်တွေ သုန် ဆီကိုအာရုံရောက်နေသည် ကိုအခွင့်ကောင်းယူပြီး တဲကြီးနားဆီသို့ကပ်လာခဲ့ကြသည်၊ တဲကြီးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



…တွင် သုန် ကိုမတရား ကြံဖို့ ကြိုးစားသော ကောင်ကတော့ သုန်
…တ်ချက်ကြောင့်အသံပင်မထွက်လိုက်ရဘဲ ပျောက်နေလေပြီ။

"ဟိုကောင်....ကြာတယ်ကွာ"

"နေပါစေ ငတိမဆီက ချော့မော့ပြီးတောင်းနေရလို့ ဖြစ်မှာ
…"

"ဘာမှချော့မော့စရာမလိုပါဘူးကွာ ကိုယ့်လက်ထဲရောက်နေ
…ကိုယ့်စိတ်တိုင်းကျပဲပေါ့...."

"မင်းဆိုတဲ့ကောင် ဒီလောက်ပဲတွေ့တတ်တဲ့ကောင်၊ ရက်စွက
…ည်ဆက်ဆံရေးကွ...ငတုံးရဲ့ ကိုယ့်အလှည့်မရောက်ခင်ဆေးတစ်
…်လောက်ဆွဲကြရအောင်ဆေးသွားယူကွာ"

"ဟုတ်တယ်...ချမ်းလည်းချမ်းလာပြီ"

နှစ်ယောက်မှ တစ်ယောက် ဆေးတွေထားသော နေရာကို
…ပြီး အယူညီညီဒိုက်နောက်မှလိုက်သွားပြီး မိုးယံဦးက ကျန်ခဲ့သည့်
…်ယောက်နားသို့ကပ်လိုက်သည်။

"မင်း...မင်း....ဘယ်....သူ....လဲ"

"ဖြောင်း.....အီး.."



www.burmeseclassic.com

www.burmeseclassic.com



မိုးယံဦး စကားကိုပင်ဆုံးအောင် မပြောစွင့်မပြုလိုက်တော့ဘဲ မြေပြင်တွင်သိပ်လိုက်တော့သည်။ ထို့အတူ ဆေးခြောက်ထုပ်တို့ မြေကြီးတွင် မြုပ်ထားရာမှ လာပြီး ယူသော တစ်ယောက်ကိုလည်း သစ်ပင်နှင့်ဆောင့်ပြီးသိပ်ထားလိုက်သည်။

"မိုး"

"သုန်...ဟူး...တော်သေးတာပေါ့ကွာ ငါ့ညီမကိုစိတ်ပူနေတာ"

"ဒီလောက်တော့ ဖြစ်ပါတယ်၊ သူ့သေနတ်နဲ့ သူ့ကိုရိုက်ပစ်လိုက်တာ"

ညီညီဒီ၊ စောထူးသာနှင့် အောင်ဘု တို့ရောက်လာကြသည်။ နှင့်လက်နက်များထားသောစခန်းကြီးမှသေနတ်နှင့် ကျည်ဆံများကို စိတ်တိုင်းကျယူစဉ်.... မိုးယံဦး စိတ်တိုင်းကျ အဝေးပစ်ပြောင်းရှည် သေနတ်တစ်လက်ကိုရလိုက်သည်။ မိုးယံဦးက ငယ်ငယ်ကတည်းက သေနတ်ပစ်ဝါသနာကြီး သလိုကြီးလာတော့လည်း တောထဲကမုဆိုး ဦးထီးကောနှင့် တောလိုက်ပြီး သေနတ်ပစ်ကို သင်ကြားလေ့ကျင့် ခဲ့သူတစ်ဦး... မိုးယံဦး တောပစ်တာကို စိတ်သန်ပြီး ကျွမ်းကျင်သူ တစ်ဦးပင်။



www.burmeseclassic.com

www.burmeseclassic.com



ညီညီဒီက ခြောက်လုံးပြူးနှင့်ပစ္စတိုပစ်တာကိုဝါသနာပါသူမို့ခြောက်လုံးပြူးနှင့်ပစ္စတိုတို့ကိုစိတ်တိုင်းကျယူနေတော့သည်။

"အားလုံးပြီးရင်သွားမယ်"

"ပြီးပြီ ကိုမိုး"

သုန်ကလွှဲပြီးကျန်လေးယောက်နောက်ကျောတွင် သေနတ်များနှင့် ကျည်ဆံ အပါအဝင် မိုင်းများ၊ ဓါးယမ်းမီးကျောက်များကို သယ်ယူလာခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ကဒူး ဦးဆောင်သော သေနတ်သမား(၁၀)ယောက် မြင်း(၁၀)စီးနှင့် တောင်ကြောတစ်ရ ကို ဖြတ်ပြီး လာနေကြသည်ကို တွေ့နေရသည်။

"သုန်နဲ့ဒီ....."

"ပြောလေ...မိုးယံ"

"ငါပြောထားသလိုသာလုပ်တော့"

"အင်း.."



www.burmeseclassic.com

www.burmeseclassic.com



သုန် နှင့် ဒီ တောင်ကြောပေါ်ကနေ ဆင်းပြီး ကဒူးတို့ရောက်လာမည့် ရှေ့ကနေပိတ်ပြီး ရပ်နေကြသည်၊ မိုးယံဦးကတော့ အဝေးအပေါ်မှစိတ်တိုင်းကျနေရာကောင်းကောင်းတွင်နေရာယူထားလိုက်သလို စောထူးသာ၊ အောင်ဘုတို့က ဘေးတွင်ထောင်ထားသော မိုင်းများကိုဖောက်ခွဲရန်အသင့်စောင့်နေကြသည်၊

"ဖောင်း..."

"ဟီး..... အီး.....အီး..."

ညီညီဒီ သေနတ်ကို မိုးပေါ်သို့ထောင်ပြီး ဖောက်လိုက်ခြင်းကြောင့် ကဒူးတို့တွေ မြင်းဇက်ကြိုးကိုဆွဲ ပြီး ရှပ်ပေွလိမ်သွားတော့သည်၊ ကဒူး သူ့မြင်းကို ပိုင်နိုင်စွာ ဇက်ကြိုးကိုင်ပြီး သုန်နှင့်ညီညီဒီ တို့ကိုရပ်ပြီးကြည့်ကာ.....

"မင်းတို့....ဒါဘာလုပ်တာလဲ"

"ဘာလုပ်တယ်လို့မင်းမြင်လို့လဲ"

"တောက်....ဘာမဟုတ်တဲ့ကောင်တွေကကဒူးဘာကောင်ဆိုတာကိုသဘောမပေါက်သေးဘူးနဲ့တူတယ်"

"မင်းဘာကောင်လဲဆိုတာကိုသိလို့မင်းတို့ကိုစောင့်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ....မင်းတို့က စောင့်နေတာ"

"ဒီပ်ပြီးဟုတ်တာပေါ့မင်းတို့အသက်တွေကိုနုတ်ယူချင်လို့

"ဟား.....ဟား.....ဟား..."

ကဒူးမြင်းပေါ်မှ အားပါးတရ ရယ်မောပြီး သူ့ခါးကြားက

ဓါးသနတ်ကိုထုတ်ပြီးပစ်မည်အပြု....

"ဖောင်း ....အား...."

ကဒူး ပရုံးကို ထိမှန်သွားပြီး မြင်းပေါ်မှ လွင့်ပြီး ကျသွားသည်

နှင့် နောက်မှ သူ့တပည့်များက သုန်နှင့်ညီညီဒီတို့ကိုပစ်ရန်ကြိုးစားနေ

မယ်မိုးယံဦးရဲ့သေနတ်ကျည်ဆံတွေက တစ်ယောက်ပြီးတစ်ယောက်

ထိမှန်ကာမြင်းပေါ်မှပြုတ်ကျသွားတော့သည်။

"ဝုန်း ...."

"ဟာ ....ဟင် .....ဟိုက်"

စောထူးသာ နှင့် အောင်ဘုတို့က မိုင်းများကိုဖောက်ခွဲလိုက်

သဖြင့် မြင်းပေါ်မှ ကဒူးတပည့်တွေ လွင့်စဉ်ပြုတ်ကျကုန်တော့သည်။

"ပြေး....ပြေး..."

အသံပြုပြီး ပြေးသည့်သူက ပြေးကုန်ပေမယ့် ပြေးနိုင်သ



www.burmeseclassic.com

www.burmeseclassic.com



အုန်းရစ်ခဲ့သူက ကဒူးနှင့်တပည့် (၅) ယောက် ဒဏ်ရာများနှင့် မြေပြင်ပေါ်တွင်လဲကျနေသည်။ မိုးယံဦးက ဒဏ်ရာရရုံလောက်သာ ပစ်ခတ်ခြင်းဖြစ်သည်။ သုန်နှင့် ညီညီဒီ... ကဒူးတို့အနားသို့သွားပြီး...

"ဘယ်လိုလဲလူမိုက်ကြီးရဲ့ညီဖြစ်တဲ့သူက ခပ်ညံ့ညံ့ပါလား.... အစမ်းပါဦး"

သုန်က ကဒူး ရင်ဘတ်မှ အကျီစကိုဆွဲပြီး ထူလိုက်သည်။

"မင်း.....မင်းဘာလုပ်မလို့လဲ"

"ရှင့်ကိုသတ်မလို့"

"ဟာ......မ....မလုပ်ပါနဲ့...မင်းနဲ့ငါက ဘာရန်ငြိုးတွေရှိလို့လဲ"

"ဘာရန်ငြိုးမှတော့မရှိဘူး၊ ရှင်ဒုက္ခပေးနေတဲ့သူတွေအတွက် အသိတားသတ်မလို့"

"တောင်း....တောင်းပန်ပါတယ်ကွာ....မသတ်ပါနဲ့"

"ဒါမျိုးကျတော့လည်း မျက်နှာငယ်လေးနဲ့ပါလား... မသတ်တော့ပါဘူး.... သနားလို့တော့ မဟုတ်ဘူး ရှင့်အစ်ကိုကနူးကို စိန်ခေါ်လိုက်တဲ့အနေနဲ့ရှင့်ကိုဒဏ်ရာနဲ့ပြန်ပြီးလွှတ်ပေးလိုက်တာလို့သဘောထား.... ဒါပေမယ့် ရှင်တို့မတရားယူလာတဲ့ပစ္စည်းတွေတော့ ယူသွား



www.burmeseclassic.com

www.burmeseclassic.com



ရမယ်။ ရှင်သွားလို့ရပြီ......ရှင့်ကောင်တွေကိုပါခေါ်သွား.....သေနိုင်
သူတစ်ဦးမှမရှိဘူး သွားကြတော့..."

"ဟုတ်......ဟုတ်ကဲ့"

ကဒူးတို့(၅)ယောက်နောက်ဘက်ဆီသို့ သုတ်ခြေတင်
ပြေးကြတော့သည်။

"အောင်ဘုနဲ့ စောထူးသာရေ ပစ္စည်းတွေသယ်ပြီး သွားမ
ဟိုကောင်တွေပြန်ရောက်လာမှာသေချာတယ်"

ကဒူးတို့ဆီမှ ရလိုက်သောပစ္စည်းတွေကို ယူပြီးတစ်
တောင်ကြောဆီမှတောထဲသို့ပြန်ဝင်ခဲ့ကြတော့သည်။ သူတို့စခန်း
ထားသည့် တောထဲက တိုက်ပျက်ကြီးဆီကို စပ်မြန်မြန်လေး ပြန်
ခြေရာဖျောက်လိုက်တော့သည်။

"ဟူး......ခုမှပဲ သက်ပြင်းချနိုင်တော့တယ်"

"ပထမပွဲကတော့ အောင်မြင်သွားပြီကိုမိုးရေ"

"နောက်ပွဲ တွေက ဒီထက်ပိုပြီး ကြမ်းမယ်၊ "ဒီ" ငါတို့ စုစ
အင်အားနဲ့ ရင်ဆိုင်ရတာ အန္တရာယ်ကြီးတယ် လူအင်အားတင်ပြီး
တော့လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူအင်အားရဖို့ဆိုရင်မိုးယံသစ္စာရှိပြီးစိတ်ချရတဲ့လူကိုရမှ ...မှာကွ၊ တော်ကြာ ကိုယ့်ကို ဒုက္ခပေးမယ့်ကောင်တွေ ဖြစ်နေရင် ...မယ်"

"ဒီအတွက်ကျွန်တော့်တာဝန်ထားကိုဒီ"

အောင်ဘုကပြောလိုက်ခြင်းကြောင့်...

"မင်းရှာမယ်ပေါ့......အောင်ဘု"

"ဒီကောင်တွေကြောင့်ဘဝပျက်ပြီးနာကြည်းနေတဲ့ကောင် ...ရှိတယ်၊ဒီကောင်တွေကိုမယှဉ်နိုင်လို့ကြိတ်မှိတ်ပြီးနေ့နေကြတာ"

"သေသေချာချာတော့လေ့လာပြီးမှတို့အဖွဲ့ထဲကိုခေါ်ပါကွာ"

"ကျွန်တော် ခေါ်ခဲ့တဲ့ သူတွေအတွက်ကျွန်တော် အသက်နဲ့ ...တာဝန်ကတိပေးပါတယ်"

"ဒီလောက်ထိမလိုပါဘူးအောင်ဘုရာ"

"ကိုအောင်ဘုရေ...ထမင်းစားလို့ရပြီ"

"အေး ... အေး...စားကြမယ်"

အောင်ဘုဇနီး မြလေးက သူတို့အတွက် ထမင်းဟင်းချက် ...ချိန်ကိုယူပြီးသူတို့သားလေးကိုအဘိုးတွေဆီမှာပို့ထားရဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုန်"ကပါ ထမင်းစားဖို့ ဝိုင်းဝန်းလုပ်ကိုင်ကာ ထမင်းဝိုင်းလေး

စတင်ခဲ့ကြသည်။

"အောင်ပွဲရဂုဏ်ပြုထမင်းဝိုင်းလေးလို့ သဘောထားပြီး

ကြစို့"

"မိုး"

"ဘာလဲ...သုန်"

"စလောက်ဆိုကနူးတစ်ယောက် သူ့ညီကိုဒုက္ခပေးခဲ့တဲ့

တို့ကိုမြေလှန်ရှာနေလောက်ပြီ"

"သေချာတာပေါ့ သုန်ရယ် ငါတို့ ခု စခန်းလုပ်ထားတဲ့

ကိုတော့ရောက်အောင်မလာနိုင်သေးပါဘူး...သူတို့မရောက်ခင်ဒီ

စိတ်ချယုံကြည်ရတဲ့စခန်းတစ်ခုကိုကြိုပြီးရှာဖွေထားကြရမယ်"

"စောထူးသာ...မင်းဘန်ဒါတောင်နားကိုရောက်ဖူးလား

"နာမည်တော့ကြားဖူးတယ် အောင်ဘ၊ တစ်ခါမှ

မရောက်ဖူးဘူး...ဘာဖြစ်လို့လဲ"

"ဘန်ဒါတောင်ကြောနားမှာရှိတဲ့ တောင်ရှေ့နေ

အရမ်းကိုစိတ်ချရတဲ့နေရာကွ၊ ရှာတွေ့ဖို့စက်တင် လမ်းပြ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမပါဘဲ ရှာမတွေ့နိုင်ဘူး"

"မင်းကရော သွားတတ်လို့လား"

"သွားတတ်တယ်၊ ဘာကြောင့်လဲဆိုတော့ ငါက ငယ်ငယ်လေးကတည်းက ဒီတောဘက်ကို အဖေနဲ့ ဆေးမြစ်သွားပြီး တူးနေတဲ့နေရာကွ"

"ဒီမှာအခြေအနေ မကောင်းရင်တော့ ရွှေ့ကြမယ်၊ တောထူးသာ င်းဆီကို ဟိုကောင်တွေလှုပ်ရှားမှုကို သတင်းပေးနေတဲ့ ရှာတိတ်ကို တော့ သူတို့နဲ့ ပတ်သက်ပြီး အဆက်မပြတ်စေဖို့ ပြောထား၊ သူ့အတွက် နိုးလေးဘာလေးလည်းပေး"

"ဒီကောင်လေးက ကျွန်တော့်ညီ အရင်းလိုပါပဲ ကိုမိုး၊ သူ့မိဘ တွေမရှိကတည်းက ကျွန်တော်ကပဲ စောင့်ရှောက်ပေးထားတာ ဉာဏ် ည်ထက်တယ်၊ ပါးနပ်တယ်ပြီးတော့ သစ္စာရှိတယ်"

"အောင်ဘု ... မနက်ဖြန် ငါတို့အားလုံး မင်းပြောတဲ့ ဘန်ဒါ ဘောင်တန်းဘက်ကို သွားပြီး ကြည့်ရအောင်"

"ရှပ်....ရှပ်....ရှပ်"

"ဟာင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲမိုးယံ"

"အပြင်ဘက်မှာ ခြေသံလိုလိုကြားလိုက်ရတယ်..."

"ဟာ"

မိုးယံဦး သေနတ်ကိုဆွဲ ပြီး အပြင်ဘက်သို့ နံရံခေါင်းမှ ကြည့်လိုက်သည်။

"ဗဒူးဝါး"

ဗဒူးဝါး တစ်ယောက် လက်တစ်ဖက်တွင် ယုန်(၃)ကောင်ကို ဆွဲပြီး ပခုံးထက်တွင် ဒူးလေးကို လွယ်ကာ လာနေသည်ကိုတွေ့လိုက်ရသည်။

"လာဟေ့..... ဗဒူးဝါး"

"မင်းသတင်းကိုကြားတယ် ဟိုကောင်ကနူးကတော့တစ်ရွာလုံးကို ခေါ်သူပုန်ထပြီး ရန်လုပ်နေတယ်၊ စောထူးသာ မင်းရှာတိုင်းဆီက သတင်းပါးလိုက်တယ်"

"ဘာတဲ့လဲ"

"မနက်ဖြန် ကနူးတို့ အဖွဲ့တွေ တောနင်းပြီး မင်းတို့ကိုရှာဖို့ ကုလားပုလိပ်တွေကိုတောင်ခေါ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့နေရာကိုသေချာပေါက်ရောက်မှာပဲ"

"ရောက်နိုင်တယ်တောကျွမ်းတဲ့မုဆိုး(၃)ဦးလောက်နဲ့တော

ထဲကို တိုးကြမှာ၊ မင်း ရရှိတဲ့ အင်အားနဲ့ ရင်ဆိုင်လို့တော့ မရဘူး၊

ဒီကောင်တွေကလူအင်အားလက်နက်အင်အားတောင့်တောင့်တင်း

တင်းနဲ့ လာကြမှာ၊ မင်းတို့ဘာလုပ်မလဲဆိုတာကိုစဉ်းစားကြတော့.....

ဆွေ...ဒီကောင်တွေကိုမီးကင်ပြီးစားကြရအောင်"

မိုးယံဦး လက်ရှိနေရာက ပြောင်းရွှေ့ဖို့ကိုစဉ်းစားနေသည်။

"မိုး ဘယ်လိုစဉ်းစားထားလဲ"

"အောင်ဘုပြောတဲ့နေရာကိုမနက်မိုးလင်းတာနဲ့ရွှေ့ကြမယ်

သန့်ရှေ့သဘောတူလား"

"တူပါတယ်မိုးရယ် လက်ရှိအင်အားနဲ့က သူတို့ကိုရင်ဆိုင်ဖို့

လွယ်သေးဘူး.....ရှောင်ပေးလိုက်တာပဲကောင်းတယ်"

"ကိုမိုး ပြောသလိုပဲ ကျွန်တော်တို့ နေရာရွှေ့တာ အကောင်း

ဆုံးပါ"

အားလုံးက သဘောတူသဖြင့် မနက်မိုးလင်းတာနဲ့ ဘုန်းဒါ

တောင်တန်းဆီသို့သွားရန် သိမ်းဆည်းစရာတွေကို သိမ်းဆည်းကြ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ဗဒူးဝါးက ရွာမပြန်တော့ဘူးလား"

"ဒီမှာတွေ့လား"

"ဘုတ်"

ဗဒူးဝါး သူကရင်လွယ်အိတ်ကြီးကိုပစ်ချလိုက်သည်။

"ဒီထဲမှာ ငုံ့အကျီတွေနဲ့ ဆေးဝါးတွေအားလုံးပါတယ် မင်းတို့

နဲ့အတူ ဒီရွေးမသားတွေကို ရှုရှင်နေတာကြာပြီ"

"ဗဒူးဝါးပါလာတာ ကျွန်တော်တို့အတွက် အားတစ်ရပ်ပါ။ ေ

ထဲမှာ အရေးကြီးတာ ဆေးဝါးကုသမှုပဲ"

"အေးပေါ့ ... ဒါတွေကိုငါက ကြိုပြီးတွေးထားလို့ ဆေးဝါးတွေ

စုံအောင်ရှာဖွေပြီး ယူလာတာ၊ ဘန်ဒါဘက်မှာ သဘာဝဆေးဥ ဆေးမြ

တွေသိပ်ကိုပေါတာကွ ဘာမှမပူနဲ့ပေ့ါ"

"မနက်သွားမှာဆိုတော့ ကင်းအလှည့်ကျစောင့်ပြီး အိပ်ြ

တာပေါ့"

အိပ်ဖို့နေရာလေးတွေ ပြင်ကြပေမယ့် အားလုံးအိပ်မျှော်နိ

ခြင်း မရှိကြပါ။ သူတို့၏ မနက်ဖြန်တွေကို သေနတ်ကျည်ဆံတွေနှ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြရတော့မှာဖြစ်သည်ကိုတွေးမိလျက်..... အောင်ဘုနှင့်ညီညီဒီ
တာ ကင်းစောင့်ရန် အတွက် တိုက်ပျက်ကြီး အပြင်အပေါက်ဝတွင်
နွေးအိုးတစ်လုံးနှင့်ထိုင်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ယံတွင် အလင်းရောင် လေးပေါက်ကာစ ထိ

တွေကပတ်ဝန်းကျင်တစ်ရလုံးကိုသဲသဲကွဲကွဲမမြင်ရသေးပေ၊ သူ

အားလုံးတိုက်ပျက်ကြီးကိုစွန့်ခွာ၍ထွက်လာခဲ့ကြပြီး....

"မင်းဘာတွေလက်ဆောင်ထားခဲ့လဲမိုးယံ"

"ဗဒူးဝါးရေ....ဒီကောင်တွေအတွက်နာနတ်သီး(၂)လုံး

ထားခဲ့တယ်ဘယ်ကောင်ထိမယ်တော့မသိဘူး"

"ကုလားပုလိပ်တွေထိမှကောင်းမယ်"

ဖအောင်ဘုက ရယ်လမ်းပြုပြီး သုန်နှင့် မြစေ့ေးက သူတို့



www.burmeseclassic.com

www.burmeseclassic.com



တနေ့လိုက်ပါလာခဲ့ကြသည်။

"သတိထားပြီး သွားကြပေ့ .... ရေ့တောင်ကြားလမ်းကို ကျော်တာနဲ့ အန္တရာယ်တွေများလာပြီ"

"ဘာအန္တရာယ်တွေလဲ ဗဒူးဝါး"

"ဒီနယ်မြေကရေင်းမဆိုးတွေသိပ်ပေါတာ သစ်ခြောက်နဲ့တူတဲ့ ရေင်းမသစ်ရွက်စိမ်းနဲ့တူတဲ့ရေင်းမ၊မြေသားနဲ့တူတဲ့ရေင်းမတွေအရမ်းပေါတာ၊ ထိမိလို့ကတော့ဆေးမမီဘူး....ဖအောင်ဘု"

"ဗျာ ...... ဗဒူးဝါး"

"မင်း ဒီနယ်မြေကို သွားဖူးတဲ့ကောင်ဆိုတော့ ရှေ့ကနေ မျက်လုံးရှင်ရှင်နဲ့ သွားနော်"

"စိတ်ချ... ဗဒူးဝါး ပြောတဲ့ကောင်တွေရဲ့အထာကို ကောင်း ကောင်းသိတယ်၊ သစ်ပင် ချုံပင်တွေကိုတော့ သွားပြီးမကိုင်ကြနဲ့နော်"

ဖအောင်ဘု အားလုံးကို သတိပေးပြီး ရှေ့ကနေ မျက်လုံးကို အနားမပေးဘဲ လာခဲ့ကြသည်။ ခုချိန်ထိတော့ ရေင်းမတွေကို မတွေ့ရ သေးပေ။

"တွေ့ပြီသစ်ခြောက်ရေင်းမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်......ဘုတ်"

အောင်ဘုလက်ထဲက ဝါးဆစ်ပိုင်းနှင့် ဆက်တိုက်ရိုက်ချဖ်လိုက်သည်။ တကယ်ပင် သစ်ခြောက်ရွက်အရောင်နှင့် တစ်ထပ်တည်း တွေ့လိုက်ရသည်။

"အောင်ဘု မင်းက ဘယ်လိုကြည့်တာလဲ"

"ဒီကောင်တွေမှာ အားနည်းချက်တစ်ခု ရှိတယ် ကိုဒီ"

"ဘာအားနည်းချက် လဲ"

"ဒီကောင်တွေအမြီးလေ... တစ်ကိုယ်လုံးသစ်ခြောက်ရွက်ရောင် ပေါက်နေပေမဲ့ ဒီကောင်တွေရဲ့အမြီးကျတော့ အဖြူရောင် စက်ကလေးပါနေတာ၊ ပြီးတော့တခြားရောင်းမတွေ့လို့ရွေ့ပြီးနေတဲ့ကောင်မျိုး မဟုတ်ဘူး၊ သစ်ရွက်ခြောက်တွေကြားမှာ ဆန့်ဆန့်ကြီးနေတာ ဒီကောင်တွေအထာကို သိလိုက်တော့ ကြောက်စရာမရှိပါဘူး၊ ဒီတစ်ကောင်ကိုရှင်းလိုက်ပြီ ဆိုရင် သိပ်ပြီးမဝေးတဲ့ နေရာမှာ မြေသားရောင် ငေင်းမကသေချာပေါက်ရှိနေပြီ"

"ဟင်..."

သုန်တို့အဖွဲ့တွေ ရှေ့ခရီးတော်တော်လေးကို ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးရပ်....ဒီကောင်က နည်းနည်းကြီးတယ် ဝါးသစ်ပိုင်း ...ရဘူး"

"အောင်ဘု.....ငါရှင်းမယ်"

ဗဒူးဝါး သူ့ဒူးလေးကိုပြင်ပြီး အောင်ဘုနားကို ကပ်သွားကာ..

"ဒီမှာ ....ဗဒူးဝါး"

"ဝိုး.....ခုတ်"

မြေပြင်ထဲသို့ ဗဒူးဝါး၏မြားတံ ရေင်းမကြီးနဲ့ အတူ စိုက်ဝင်သွား ...တော့သည်။

"အယ်.....နည်းတဲ့ကောင်ကြီး မဟုတ်ဘူး"

ဗဒူးဝါး ရေင်းမကြီးရဲ့အမြီးက နေကိုင်ပြီး အဝေးဆီသို့ လွှင့်ပစ် ...လိုက်သည်။

"ရေင်းမအန္တရာယ်ဖုံးကတော့ လွတ်ပါပြီ"

"ကျန်တဲ့ရေင်းမတွေမရှိတော့ဘူးလား"

"လူတွေသာ စည်းကမ်းပျက်ကြတာ ဒီရေင်းမတွေက စည်းကမ်း ...ပြီး ရှိကြတာ၊ ခု ဗဒူးဝါး လွှင့်ပစ်လိုက်တဲ့ ရေင်းမဟာ သူတို့ရဲ့ ရေင်း ...ကောင်ပဲ၊ သူ အစာထွက်ပြီး ရှာတဲ့နေ့ဆို တခြားရေင်းမတွေက အစာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မစားတော့ဘူး။ပထမရိုက်သတ်တဲ့သစ်ရွက်ခြောက်ငွေင်းမနဲ့တေ

ဘူးနယ်မြေအပိုင်တော့ခွဲထားတယ်"

"သူ့နယ်မြေကိုယ့်နယ်မြေပေါ့"

"ဟုတ်တယ် ဆက်ပြီးသွားကြမယ် စိတ်ချ လက်ချ

လျှောက်ကြတော့၊ရှေ့နားမှာ ကျောက်စရစ်ဖြူချောင်းကိုဖြတ်ကူးပြီး

စခန်းနားကြတာပေါ့"

လမ်းတွင်စားသောက်ဖို့ကိုသုန်နှင့်မြစေလးက ညဦးတည်း

ထပြီး ချက်ပြုတ်ထားခြင်းကြောင့် အဆင်သင့်စားရုံသာ ရှိသည်

ကျောက်စရစ်ဖြူချောင်းကလေးမှာရေကဒူးဆစ်သာသာလေးဖြစ်

ချောင်းက သိပ်ပြီးမကျယ်သောကြောင့် အခက်အခဲ မရှိဘဲ ကူးဖြ

နိုင်ခဲ့ကြသည်။ တစ်ဖက်ကမ်းဆီသို့ရောက်တော့ နှင်းတွေကျဲ

နေရောင်ကထွက်လာနေပြီ။

"ဘယ်နှစ်နာရီထိုးပြီလဲဒီ"

"(၁၀း၀၀)နာရီတောင်ထိုးနေပြီ"

"အားလုံးစခန်းနားပြီးရင်မနက်စာစားကြမယ်ဟေ့"

ချောင်းတစ်ဖက်ကမ်းတွင် ခရီးကိုမနားတမ်းဆက်လာ



www.burmeseclassic.com

www.burmeseclassic.com



သာကြောင့်မြေကုန်လက်ပန်းကျကာအနားယူကြတော့သည်၊ သုန်
င်ရင်မြလေးပေါင်ပေါ်တွင်ခေါင်းပြုပြီးတောင်မေးနေတော့၏။

"ငါတို့အတွက်သွားဖို့လာဖို့မြင်းတွေတော့လိုနေပြီ"

"မြင်းတွေကတော့ရမယ်မြင်းရိုင်းတွေ"

"ဟုတ်တယ် ကိုမိုးယံ၊ ဘန်ဒါတောင်ကြီး နားမှာမြင်းတွေရဲ့
အကျက်တွေရှိတယ်၊ ဖမ်းပြီး ယဉ်ပါးအောင်လုပ်တတ်ရင်တော့ မြင်း
ကောင်း ကောင်းစီးရမှာပဲ"

"မြင်းယဉ်အောင်လုပ်တဲ့တာဝန်ကိုကျွန်တော်ယူတယ်ဖမ်း
တာတော့မဖမ်းနိုင်ဘူး"

"မြင်းကိုဖမ်းဆီးတာကတော့ဝိုင်းပြီး လုပ်ရမှာပေါ့"

"ဒါဆိုရင်မြင်းကောင်းကောင်းစီးရပြီမှတ်၊ ကျွန်တော့် အဘိုး
မြင်းရိုင်းတွေကိုကိုင်တွယ်ပြီးမြင်းလိမ္မာဖြစ်အောင် လုပ်တဲ့သူလေ၊
ကျွန်တော်ကဒီအမွေကိုရထားတာ"ပေ့

"ထမင်းစားကြမယ်ဟေ့...... ပါတာလေးကို မျှတပြီးစား
သောက်ကြတာပေါ့"

သုန်တို့ အားလုံးဝိုင်းပြီး မနက်စာထမင်းဝိုင်းလေးကို စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြတော့သည်။ ထမင်းစားသောက်ပြီး ဇကာနားကာ ခရီးဆ

ခဲ့ကြသည်။

"သတိထားကြပေ့ ..... ဒီတောင်ကုန်းအဆင်း နည်းန

မတ်တယ်၊ အရှိန်နဲ့မဆင်းကြနဲ့"

သုန်တို့တစ်ယောက်ကိုတစ်ယောက်တွဲပြီး အောက်သို့ဖြ

ဖြည်းချင်း ဆင်းခဲ့ကြရသည်။

"ရှေ့တောင်ကြားကိုကျော်ပြီးရင်တော့ရောက်ပြီ"

အောင်ဘုပြောသောလမ်းကလေးမှာ လူတစ်ယောက်

လောက်ရှိသော လမ်းကလေးဖြစ်သည်။ တချို့နေရာများတွင် ချေ

တွေတက်နေသဖြင့်ခြေကိုရော်မထွက်အောင်သတိထားပြီး သွားနေ

၏။ သုန်နှင့်မြလေးကို ဒီနှင့်စောထူးသာ တို့က ရှေ့နောက် ကပ်

တွဲကာခေါ်လာခဲ့ကြသည်။ အတော်ကြာအောင် သွားပြီးကာ

တောင်ကြားလမ်းဆုံးတော့သည်။

"ဟင်...."

"ဟယ်....လှလိုက်တာ"

သုန်တို့ရင်ကိုအေးမြစေသောရှုခင်းကြီးတစ်ခုကိုတွေ့လို



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဖြစ်သည်။

တောင်ကြီး(၃)လုံးမှာ အကြီး၊ အလတ်၊ အငယ်များနှင့် ရေတံခွန်ကိုလည်း တွေ့နေရသေးသည်။ နောက်ခံ အစိမ်းရောင် တောအုပ်ကြီးကြောင့်လှပလွန်းသောပန်းချီကားတစ်ချပ်ပင် ဆိုရမည်။

"ဒါဘာနဲ့ဒါတောင်(၃)လုံးပဲ ကိုမိုးယံ"

"နေရာလေးကတော့ တကယ့်ကို နေချင်စရာလေးပဲ၊ ဒါပေမယ့်မြင်းနဲ့ ဒီလမ်းခရီးကို ဘယ်လိုမှ သွားလို့မရနိုင်ဘူးထင်တယ်"

"မြင်းနဲ့သွားရတဲ့လမ်းကရှိတယ် ကိုမိုးယံ"

"ဗဒူးဝါး"

"ဘာလဲအောင်ဘု"

"ကျွန်တော်တို့ ဘယ်တောင်ကို စခန်းလုပ်မယ်လို့ စဉ်းစားထားလဲ"

"ငါက တစ်ခါမှ ဒီတောင်ကိုရောက်ဖူးတာမှ မဟုတ်တာ၊ ဘယ်လိုလုပ်ပြီးရွေးချယ်ရမှာလဲ၊ မင်းက ဘယ်တောင်ကို ကြိုက်လဲ အောင်ဘု"

"ကျွန်တော်က အသေးဆုံးတောင်ကိုကြိုက်တယ် ဒီတောင်



www.burmeseclassic.com

www.burmeseclassic.com



မှာက ကျောက်ဂူတွေလည်းပေါ်တယ်၊ အဆင်းအတက် အတွက်လည်း အဆင်ပြေတယ်"

"ဒါဆို ဒီတောင်ကိုပဲ ရွေးကြတာပေါ့"

"သွားကြမယ်"

အောင်ဘ ရွေးချယ်လိုက်သော တောင်ခြေရင်းဆီသို့ သွားကြရာ ရေတံခွန်ဆီမှ စီးကျနေသော စမ်းချောင်းလေးကို ဖြတ်ကူးကာ ကျောက်တုံးတွေမှ တစ်ဆင့် တောင်ပေါ်သို့ တက်ခဲ့ကြတော့သည်။ အောင်ဘပြောသလိုပင် ကျောက်တုံးကလေးတွေမှာ နည်းနည်းလေး ချောနေသည်မှလွဲပြီး တက်ရတာ အခက်အခဲသိပ်ပြီးမရှိလှပေ။ တောင်ကြီး၏ အလယ်လောက်အရောက်တွင် ကျောက်ဂူပေါက်ကြီး များကို တွေ့လိုက်ရပြီး ဗဒူးဝါး၊ မိုးယံဦး နှင့်အောင်ဘတို့ အထဲဝင်ပြီး ရှင်းလင်းမှု တွေကိုလုပ်သည်။ ကျောက်ဂူကြီးထဲတွင် မည်သည့်အန္တရာယ်မှ မတွေ့ ရတော့မှ အားလုံးကို အထဲဝင်ရန် ခေါ်လိုက်သည်။

ကျောက်ဂူကြီးမှာ ရှေ့နောက်အပေါက်တွေ ရှိနေခြင်း ကြောင့် အလင်းရောင်ကို မိုးမချုပ်ခင်ထိ ရနိုင်သည်။

"ညဘက်အတွက် မီးရဖို့တော့ ကြံကြရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုးယံ ဘာမှမပူနဲ့ ငါမီးထွန်းဖို့ အတွက် တွေ့ထားတယ်၊ ...တလစ်ပင်တွေငါတို့လာတဲ့ ရေတံခွန်တောစပ်မှာ တွေ့ခဲ့တယ်၊ အပင်တွေကိုအကိုင်းဖြတ်ပြီးဂူနံရံမှာမီးညှိထားလို့ကတော့တစ်ည ...ကိုတစ်တိုင်တောင် မကုန်ဘူး၊ စောထူးသာ ... မစ္စည်းတွေထားပြီး ...ခင်းနဲ့ ငါသွားပြီး ခုတ်မယ်"

"ကျွန်တော်ပါလိုက်ခဲ့မယ်"

"နစ်ဖယောက်ဆိုရပါတယ် "ဒီ" ကဒီမှာလုပ်စရာတွေကိုလုပ် ...ကြပေါ့"

"ကဲ...ပြောနေတာကြာတယ်နေမဝင်ခင်သွားကြရအောင်"

ဗဒူးဝါးနှင့်စောထူးသာထွက်သွားပြီးနောက်သုန်တို့တတွေ ...ဂူထဲမှာ ရှင်းလင်းကြတော့၏၊ ရေရှည်နေဖို့အတွက် ဖြစ်သဖြင့် ...အသန့်ရှင်းဆုံးလုပ်ဆောင်ပြီးနေရာတကျစီစဉ်ရတော့သည်၊ မိုးယံဦး ...တော့ ဂူအပြင်ဘက်သို့ထွက်ပြီး ပတ်ဝန်းကျင်အခြေအနေကို ...လာနေသည်၊

"မိုးရ ..... ဂူထဲမှာတော့ရှင်းလင်း နေရာရပြီးပြီ ချက်ပြုတ်ဖို့ ...ခဲ့တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သုန် … ငါတို့မှာ ရိက္ခာ ဘယ်လောက်ကျန်သေးလဲ"

"ဟို … နောက်တစ်ရက်စာလောက်ပဲရှိတော့တယ်"

"ဒါဆိုရင် မနက်ဖြန်ကျရင် ရိက္ခာကိစ္စ အရင်ဆုံးလုပ်ရမယ် ညအားလုံးစုံမှ ဘာလုပ်ကြမယ်ဆိုတာကို တိုင်ပင်ကြတာပေါ့။ ဟင်း… အတွက်ကတော့ တောထဲမှာ ရှာလို့ရတယ် အရေးကြီးတာက ဆ… အဆင်ပြေအောင်တော့ လုပ်ကြရမှာပေါ့"

သုန်တို့ ကျောက်ဂူကြီး ဘေးတွင် ရေတံခွန်ကြီးက ရေ… တိုးပြီးကျဆင်း နေသောကြောင့် ရေစက်ရေမွှား လေးတွေက မျက်… ပေါ်သို့ကျနေလေသည်။

"မိုး ….. ဒီစတောင်ပေါ်ကနေ ထောင်ချောက်တွေ လုပ်ဦး… လား"

"လုပ်ရမယ်သုန် … ရန်သူတွေကို နောက်ဆုံးအဆင့် ရင်ဆ… ရတဲ့အခါကိုယ့်ဘက်က ခံစစ်အတွက် ပြင်ဆင်ထားကြရမယ်"

"သုန်နဲ့ မြလေးညစာအတွက်ရှိတာတွေကို ချက်ပြုတ်လို… ဦးမယ် ….. မိုး"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သုန်…မိုးယံဦးနှားမှနေ ထွက်လာပြီး ဂူအပေါက်ဝတွင်တွေ့သောထင်းခြောက်လေးတွေနှင့် ချက်ပြုတ်ဖို့ပြင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

ဒေါင်ဘု၊ စောထူးသာ၊ မိုးယံဦးနှင့် ဗဒူးဝါး တို့သည် ည
တည်းက ပြုလုပ်ထားသော ကျစ်ကြိုးတွေယူပြီး အရက်အလင်း
မရောက်ခင် မြင်းရိုင်းဖမ်းရန် ထွက်လာခဲ့ကြသည်။ ရေတံခွန်ကြီး
တောင်ဘက်ပိုင်းမြက်ခင်းစိမ်းနားသို့ရောက်တော့...မြင်းများ၏အ
အယောင်ကိုပင် မတွေ့ရသေး သဖြင့် သစ်ပင်ကွယ်ကြီးတွင် (
ယောက်သားထိုင်ရင်းစောင့်နေကြသည်။

"ခွပ်....ခွပ်....ခွပ်"

"ဟင်"

သိပ်မကြာ မြင်းခွာသံများကို ကြားလိုက်သဖြင့် နင်းကျ



www.burmeseclassic.com

www.burmeseclassic.com



သည့်မြက်ခင်းစိမ်းဘက်ကိုကြည့်လိုက်သောအခါမြင်းရိုင်းအုပ်ကြီးကို တွေ့လိုက်ရသည်။

"စိတ်ကြိုက်ကောင်ကို ကျော့ကွင်းနဲ့ ပစ်ပြီး ဖမ်းရမယ်၊ ကောင်တွေအားကိုတစ်ယောက်ချင်းထိန်းဖို့မလွယ်ဘူးနော် သစ်ပင်ကြီးတွေကို ခိုင်အောင်တုတ်ပြီးမှ ကျော့ကွင်းကိုပစ်လို့ရမယ်"

မိုးယံဦးတို့ကျော့ကွင်းတစ်ခုစီကိုကိုင်ဆောင်ထားပြီး အခြေအနေကိုစောင့်ကြည့်ကာစိတ်ကြိုက်ကောင်ကိုရွေးချယ်နေ၏။

"ကိုမိုး တွေ့ပြီလား"

"တွေ့ပြီအောင်ဘုဟိုဘက်အစွန်မှာမြက်စားနေတဲ့ကောင် သဘောကျတယ်"

"ကျွန်တော်ပစ်ပေးရမလား"

"ရတယ် ငါကိုယ်တိုင်ပဲ ပစ်မယ်၊ မင်းတို့ စိတ်ကြိုက်ကောင် သာပစ်ဖမ်းတော့"

မိုးယံဦး ကျော့ကွင်းကြိုးကို ကိုင်ပြီး သူသဘောကျသော မြင်းရိုင်းနားဆီသို့ချဉ်းကပ်ပေမယ့်မြင်းနှင့်သူ့ခနရာက အလှမ်းဝေးပြီး ကျော့ကွင်းပစ်ဖမ်းရန် မလွယ်လှပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟီး....ဟီး....ဟီး.."

"ဟာ"

အောင်ဘုတို့ဘက်မှ မြင်းတွေကိုကျော့ကွင်းဖြင့် ပစ်ပြီး ဖမ်း

နေ မြင်းကြောင့်မြင်းရိုင်းအုပ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားကာ မိုးယံဦး

သခေဘာကျသော မြင်းကြီးမှာ တစ်ဖက်ဆီသို့ပြေးထွက်သွားသည်။

မိုးယံဦးကျော့ကွင်းကို ဆုပ်ကိုင်ပြီးမြင်းကြီးဆီကိုအနီးကပ် ပြေးပြီး ဖ

ဖမ်းတော့သည်။

"ဖြောင်း....."

"ဟာ"

မြင်းရိုင်းကြီးမှာ မိုးယံဦးကိုခြေစုံကန်ပြီး ရန်မူလိုက်သော

ကြောင့် ဘေးသို့လှိမ့်ရှောင်လိုက်သည်။ မြင်းရိုင်းကြီး ကန်ချက်ကိုထိခဲ့လျှင်

မလွယ်လှပေ။

"ဟီး....ဟီး.....ဟီ....."

မြင်းရိုင်းကြီးမှာ သူ့မှာရှိသော ခွန်အားနှင့် ကျော့ကွင်း

အတင်းရုန်းကန်ပြီးနေသဖြင့်

"ထောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကျောကွင်းကြိုးပြတ်တောက်သွားတော့သည်။ မြင်းရိုင်းကြီး ကျောကွင်းကြိုးပြတ်သည်နှင့်ကဆုန်ပေါက်ပြီး ပြေးရန်ပြင်တော့သည်။

"ကဲကွာ"

မိုးယံဦး ကျောကွင်းကို ကိုင်၍မြင်းရိုင်းကြီးပေါ်သို့ ခုန်တက် မြင်းရိုင်းကြီး ပြေးတဲ့နောက်ကိုလိုက်ပါသွားသည်။

"ကိုမိုးယံ သတိထား"

"ပြုတ်ကျရင် မသက်သာဘူးနော်"

မိုးယံဦးကိုဝိုင်းပြီး အော်ဟစ်သတိပေးနေလေသည်။ မိုးယံဦး တော့ မြင်းရိုင်းကြီးကို ပိုင်ပိုင်နိုင်နိုင် ခွစီးပြီး ကျောကွင်းကြိုးနှင့် ထိန်း ထားလိုက်ပါပြီး လက်တစ်ဖက်မှ ပြတ်တောက်သွားသော ကြိုးစကို ကျောကွင်း၌ ချည်၍ ဝှေ့ယမ်းပြီး သစ်ကိုင်းတစ်ခုဆီသို့ ပစ်ပြီး ပတ်လိုက် သည်။ မြင်းရိုင်းကြီးမှာ သူ့ခကျာပေါ်မှ မိုးယံဦးကို ခါရမ်းချပြီး ပတတ် လိုက်သည်။ ဒါပေမယ့် မိုးယံဦး ပြုတ်ကျမသွားဘဲ မြင်းရိုင်းကြီးကို သစ်ကိုင်းတွင် ရစ်ပတ်ထားသော ကြိုးနှင့် ချုပ်ကိုင်ထားလိုက်တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .... မင်းဘာတတ်နိုင်သေးလဲ .... မင်းသခင်လုပ်မယ့်
ကောင်က မင်းထက်ညံ့လို့မရဘူးလေ..... ခုမင်းသိပြီမဟုတ်လား"

မြင်းရှိင်းကြီးမှာ မိုးယံဦး၏ထိန်းချုပ်မှုအောက်တွင် အရှုံး
လိုက်သလို ရုန်းကန်ခြင်းမရှိတော့ပေ....

အောင်ဘု၊ စောထူးသာ နှင့် ဗဒူးဝါး တို့လည်း မြင်းတစ်ကော
စီရလိုက်ပေမယ့် မိုးယံဦး မြင်းလောက် သန်မာထွားကြိုင်းမှု မရှိကြ

"ကိုမိုးယံရေ.... ငါတို့မြင်းတွေက စီးရုံသက်သက်ပဲဟေ့"

"ကိုမိုးယံမြင်းကတော့ တကယ့်ကိုကောင်းတဲ့ မြင်းကြီးဗျာ"

"မိုးယံ...."

"ဗျာ ... ဗဒူးဝါး"

"မင်းမြင်းက အရိုင်းကောင်ဆိုပေမယ့် အရမ်းပါးနပ်ပြီး လျ
မြန်မယ့် မြင်းအမျိုးအစားထဲမှာပါတယ်၊ ကောင်းကောင်း သင်လိုက်
ရင် တန်ဖိုး ရှိတဲ့မြင်းတစ်ကောင်ပဲကွ.... ငါတို့ကောင်တွေက နပ်
ကောင်တွေဖြစ်မှာပါ။ ကြိမ်တို့မှ သွားမယ့်သဘောရှိတယ်......"

မြင်း(၄)ကောင်ကိုဆွဲပြီးပြန်လာခဲ့ကြတော့သည်။

"ဒီကောင်တွေကို တစ်ပတ်လောက် ယဉ်ပါးအောင် လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နင်တော့စီးလို့ရပါပြီ"

"အောင်ဘုရေငါတို့အတွက်အရေးကြီးတဲ့ကိစ္စတစ်ခုလုပ်ရဦးမယ်"

"ဘာများလဲကိုမိုးယံ"

"ရိက္ခာအတွက်ဆန်လိုနေပြီ"

"ဆန်ရှာမယ်ဆိုရင်ရွာဘက်ကိုတက်မှပဲရမယ်"

"ဝယ်မှာလား....."

"ရွာရောက်မှအခြေအနေကိုကြည့်ပြီးလုပ်ရမှာကြတာပေါ့"

"ငါကဒီနေ့တောင်သွားချင်နေတာ.....ရိက္ခာကမနက်ဆိုရင်ပြတ်ပြီ"

"ဆန်တွေသယ်ဖို့ကဒီစရိုးနဲ့ဆိုရင်မလွယ်ဘူး"

"ဒီလိုလုပ်ကွာ ငါတို့အတွက်အဆင်ပြေမယ့် နည်းတစ်ခုတော့ရှိတယ်၊ကုလားပုလိပ်တွေဆီက ဆိုင်ကယ်ကိုရိုးပြီးတင်ရင်ရောကောင်းဘူးလား"

"ရွာရောက်မှပဲ အခြေအနေကို ကြည့်ပြီး ဘာနဲ့သယ်ရမှာရမယ်ဆိုတာကိုဆုံးဖြတ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေမြက်ခင်းစိမ်းပေါ်တွင်မြင်း(၄)ကောင်ကိုငုတ်စိုက်ပြီးလွှတ်ထားလိုက်သည်။

"မိုးတို့မြင်းဖမ်းကြတာ ဟုတ်လှရှည်လား"

"ဟုတ်မနေနဲ့ ငါတို့မြင်းတွေက ပျော့တွေ ဖမ်းရတာ ဘာမှမခက်ဘူး၊ ကိုမိုးယံမြင်းကမှ မလွယ်ကြောသန်ရေ..."

"ဘယ်မြင်းလဲ"

"ဟိုမြင်းလေ..."

အညိုရောင်ရင့်ရင့်သန်းပြီး စိုနေသောမြင်းကြီးကို "သုန်" ကြည့်ပြီး ....

"ဟယ်.....လှလိုက်တဲ့မြင်းကြီး"

"သူ့သခင်နဲ့သူ့မြင်းကတော့ လိုက်ဖက်တယ်၊ ငါတို့မြင်းနဲ့ငါတို့ကတော့ကွာ ပြောကိုမပြောချင်ဘူး"

"မင်းပြောချင်တာနောက်ထားစရီးဆက်ဖို့လုပ်ရဦးမယ်"

"မိုးတို့က ဘယ်ကိုခရီးဆက်မှာလဲ"

"ရိက္ခာအတွက် ရွာဘက်ကိုသွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com

ရွာသို့မရောက်ခင် ရွာ၏မြောက်ဘက်တောလမ်းနားတွင် အောင်ဘု၏ရှာတိတ်ကလေးကနစ်တူးနှင့်သွားပြီးဆုံလေသည်။

"ကိုအောင်ဘုနဲ့တွေ့တာအတော်ပဲဗျာ ကျွန်တော်ကဘယ်ကို တ်သွယ်ရမှန်းမသိဖြစ်နေတာ"

"ဘာတွေဖြစ်နေပြီလဲကနစ်တူး"

"ကန္နူးဆိုတဲ့ကောင်ရွာမှာသိပ်စိတ်ထဲမသက်သာတဲ့သူတွေကို ပြီး ကိုအောင်ဘုတို့ ဘယ်မှာရှိသလဲ ဆိုတာကို ရိုက်နှက်ပြီးမေး တယ် တိုက်ပျက်ကြီးမှာ သူတို့ကုလားပုလိပ်တွေ (၅)ယောက် ာက်ပုံးဆန့်ထိပြီးသေသွားကြတယ်၊ ဒါကိုမကျေနပ်ဖြစ်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ဘယ်နှစ်ယောက်တောင်ဖမ်းထားလဲ"

"(၅)ယောက် ကိုအောင်ဘုဒီညနေသတ်ပစ်မယ်လို့တော
ကြားနေရတယ်၊ ဒုက္ခပါပဲဗျာ.... ကယ်ပါဦး .....ကျွန်တော့် အစ်
မောင်ရှေးလည်းပါနေတယ်ကိုအောင်ဘု"

"ကနစ်တူး...သူတို့ကိုဘယ်မှာဖမ်းထားလဲ"

"ရွာနောက်ဘက်ဇရပ်မှာကန်းတပည့်(၅)ယောက်တည်း
စောင့်နေတာ...."

"ကိုမိုးယံ.....ဘယ်လိုလုပ်မလဲ"

"သူတို့ကို အရင်သွားပြီးကယ်မယ်၊ ပြီးမှ ရိက္ခာကိစ္စကို လု
မယ်ကွာ၊ လူ့အသက်က အရေးကြီးတယ်"

ရွာနောက်ဘက်ဇရပ်ဆီသို့တောလမ်းဘက်မှထွက်လာခဲ့
တော့သည်။

"သေနတ်နဲ့ရှင်းလို့မရဘူး...အောင်ဘု....သေနတ်သံထွ
တာနဲ့ငါတို့အတွက်ထွက်လမ်းကျပ်သွားမယ်"

"အနီးကပ် ရှင်းကြတာပေါ့"

ဇရပ်ကြီးနှင့်သိပ်ပြီးမဝေးသောနေရာမှလှမ်းပြီးကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဇရပ်ပေါ်တွင် ရှိသောတိုင်လုံးများတွင် ဖမ်းထားသူများကို ကြိုးများဖြင့်တုပ်နှောင်ထားသည်ကိုတွေ့နေရသလိုကနူးတပည့်တွေ ဇရပ်အောက်တွင်ဝိုင်းဖွဲ့ပြီးအရက်သောက်၊ ဆေးခြောက်ရှူနေကြ သည်။

"ဒီကောင်တွေ အုပ်စုကွဲမှ ဖြစ်မယ်၊ ခကာတော့ စောင့်ကြည့် ကြတာပေါ့"

ဇရပ်ကြီးနားသို့ ချဉ်းကပ်ပြီး အခြေအနေကို စောင့်ကြည့် သည်။ သိပ်မကြာ (၅)ယောက်အုပ်စုထဲမှ (၂)ယောက်က ဇရပ်ပေါ် တက်သွားပြီး တစ်ယောက်က ဘေးဘက်ချုံဘက်ကို အပေါ့အပါး ထလာသည်။

"ဒီမင်းဟိုကောင့်ကိုရှင်းလိုက်ငါနဲ့အောင်ဘုကအောက်က ၂ကောင်ကိုရှင်းမယ်၊ ဗဒူးဝါးနဲ့စောထူးသာကဇရပ်ပေါ်ကနှစ်ကောင် ကိုရှင်းပေတော့"

"စိတ်ချ..."

ကိုယ်လုပ်ဆောင်ရမည့် ကိစ္စတွေကို တာဝန်ကိုယ်စီခွဲပြီး ကောင်အထည်ဖော်ရန် လှုပ်ခဲ့လိုက်ကြသည်။ ပထမဦးဆုံးရှင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သူကညီညီဒီ၊ ချုံထဲကကောင်ကိုအသံကလေးပင်မထွက်လိုက်

ဒုတိယရှင်းလင်းသူကတော့ မိုးယံဦးနှင့် အောင်ဘု၊ ဆေးခြောက်မှုန်

ဖိမ်စံနေသော နစ်ကောင်ကို ပြင်းပြင်းထန်ထန် မလှုပ်ရှား လိုက်ရေ

မြေပြင်မှာသိပ်လိုက်သည်။

တတိယ အဖွဲ့ဖြစ်သည့် ဗဒူးဝါး နှင့် စောထူးသာတို့က ပြီး

အဆင်ပြေသွားသည်။ ဖရပ်ပေါ်မှာ မှုးပြီးအိပ်နေသည့် (၂)ကောင်

ခပ်သာသာလေးပဲ သိပ်လိုက်တော့သည်။ မိုးယံဦးတို့ ပွဲစဉ်က ပြီး

သွားပြီဖြစ်သောကြောင့် စောရူ၊ စံထူး ၊ နဂါး၊ မောင်ဆုံးနှင့်အံ့ထူး

(၅)ယောက်ကိုကယ်တင်နိုင်ခဲ့၏။

"ကဲမင်းတို့လွတ်ရာကျွတ်ရာကိုသွားကြတော့"

"ကိုအောင်ဘုကျွန်တော်တို့မှာသွားစရာမြေကမရှိတော့

ပြီးတော့ဒီကောင်တွေကိုပြန်ပြီးရှုချင်တယ်"

ဗဒူးဝါးမှ (၅)ယောက်လုံးကို သေသေချာချာကြည့်လိုက်

ပြီးနောက်...

"မင်းတို့တကယ်ဆုံးဖြတ်ပြီးပြီလား"

"ပြီးပါပြီ ဗဒူးဝါး"



www.burmeseclassic.com

www.burmeseclassic.com



"မိုးယံဘယ်လိုသဘောရလဲ"

"ကျွန်တော်တို့အတွက် စိတ်ချရမယ်ဆိုရင် အင်အား တစ်ခုပါဗျာ"

"မင်းတို့(၅)ယောက်လုံးငါတို့နဲ့လိုက်ခဲ့ကြတော့"

"တ.....တကယ်ပြောတာလားဗဒူးဝါး"

"ဒီစကားကမင်းတို့ကိုနှောက်ရမယ့်စကားမဟုတ်ဘူး၊ ငါတို့ကိစ္စတစ်ခုအတွက်ရွာထဲကို ဝင်ရမယ်၊ မင်းတို့ တစ်ခါတည်း လိုက် ခဲ့၊ သွားမယ့်ကိစ္စကရိက္ခာအတွက်ဆန်ဝယ်မလို့"

"ဟား.....ဒါဆိုရင်ဒီလိုလုပ်ပါလားဗဒူးဝါး"

"ဘာလဲစောရူး"

"ဂျင်ရူးဒါးတို့ဒီနေ့ဆန်နဲ့ရိက္ခာတချို့ကိုသူပုန်ကောင်တွေဆီ ပို့မှာ"

"ဟင်.....မင်းပြောတာသေချာလား"

"ကျောက်နီတောင်ကြားလမ်းကနေသူပုန်တွေဆီကိုပို့မှာလူ အင်အားကသိပ်မများဘူးဒီလမ်းမှာကသူတို့ကိုရန်မူမယ့်သူရှိမှမရှိဘဲ ရိုးသက်သက်လောက်ပဲလူပါလာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးယံရေ…ကြိုပြီးဟိုမှာစောင့်ကြရအောင်"

"သွားရမယ့်နေရာက သိပ်ပြီးဝေးလား"

"မဝေးဘူး ဒီကနေ တို့စခန်းကို ရေလမ်းကနေ သွားရင်ရ

တယ်"

"ဒါဆိုသွားကြရအောင်"

စောရူးတို့က ဇရပ်ပေါ်မှ ကန့်တပည့်များ၏လက်နက်များ

ကိုပါ ယူခဲ့ကြပြီး ကျောက်နီတောင်ကြားလမ်းဆီသို့ ထွက်လာခဲ့ကြ

တော့သည်။ ကျောက်နီတောင်ကြားလမ်းကိုရောက်တော့ညနေ နေဝင်

လုလု၊ကျောက်တုံးကြီးများတွင်နေရာကိုယ်စီယူပြီး စောင့်နေကြသည်။

"ဝူး…… ဝူး……"

"ဟား…ကားသံကြားတယ်ဒီကောင်တွေကားနဲ့လာကြတာ"

"ဟုတ်တယ် ဂျင်ရူးဒါး စီးနေတဲ့ ဒေါ်ဂျစ်ကားနဲ့ လာကြ

သေချာတယ်ကိုမိုးယံ"

"မင်းတို့ ဘေးကနေ အသင့်စောင့်နေကြ၊ ငါကားကို

အောင်လုပ်ပစ်လိုက်မယ်၊ ကားရပ်တာနဲ့တစ်ခါတည်းဝင်စီး"

"စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



မိုးယံဦး ကားလာနေသည့် လမ်းရှိနေရာကောင်းတစ်ခု ရွေးချယ်ပြီး ပစ်ခတ်ရန် အသင့် စောင့်နေလိုက်သည်။ ဂျစ်ကားလေးမှာ ကုန်းမြင့်လေး ပေါ်သို့ မောင်းတက်လာပြီး ..... မိုးယံဦး၏ပစ်မှတ်ထဲကို ဝင်လာသည်နှင့်...

"ဒိုင်း..."

"ဝုန်း ..."

မိုးယံဦး ကားမောင်းလာသူကို ချိန်ရွယ်ပြီးပစ်ချလိုက် သောကြောင့် ကားမှာ ဘေးကျောက်တုံးကြီးကို ဝင်ပြီးတိုက်သွားသည်။ ကားပေါ်မှ လွင့်စဉ်ကျသူများနှင့်ပါသွားသူများကို ဗဒူးဝါးတို့ အဖွဲ့က ဝိုင်းရံထားပြီး......

"ခေါင်းငုံ့ပြီးလက်တွေခေါင်းပေါ်တင်ထား"

"ခွေးမသားတွေ ခေါင်းမော့တာနဲ့အသေပဲမှတ်"

"မသတ်ပါနဲ့ ဆရာတို့ရယ်မမော့ပါဘူး"

ဂျစ်ကားပေါ်တွင် ပါလာသူ (၄)ယောက်ကိုကျောက်တုံးကြီး ဘေးတွင် ကြိုးတုပ်ထားခဲ့ပြီး မိုးယံဦး ဒေါ်ဂျစ်ကားပေါ်သို့ တက်ကာ ကားစက်ကိုကြည့်ပြီး နှိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်... ဝူး"

"ရပြီ... ကားပေါ်တက်ကြတော့"

"ဟိုခွေးမသားတွေဆီက လက်နက်တွေပါယူခဲ့ကြ"

ဒေါ်ဂျစ်ကားပေါ်သို့ အားလုံးတက်ပြီးသည်နှင့် မောင်းထွက်လာခဲ့ကြ

တော့သည်။

"ဗဒူးဝါး ကျုပ်ကလမ်းမသိဘူး"

"ဒီလမ်းအတိုင်းမောင်း ရှေ့နားကျရင် လမ်းခွဲတစ်ခုရှိတယ်

အဲဒီကျရင် ညာကိုမောင်းကွေ့လိုက်"

"အင်း..."

ဗဒူးဝါးပြောသည့်အတိုင်းမောင်းခဲ့ရင်းချောင်းရိုးတစ်ခုဆီ

ရောက်ခဲ့ကြသည်။

"စောထူးသာ"

"ပြောလေ ဗဒူးဝါး"

"ငါတို့ဖောင်တစ်ခု ရအောင်လုပ်ရမယ်"

"ကိုစောထူးသာ ကျွန်တော်နဲ့လိုက်ခဲ့ ဖောင်ရနိုင်တဲ့နေရာ

တွေ့ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



နဂါးမှ စောထူးသာကိုခေါ်ဆောင်သွားပြီး ချောင်းရိုးတစ်နေရာတွင် သစ်ဖောင်ကြီးတစ်ခုကိုတွေ့လိုက်ရသည်။

"ဘယ်သူ့ဖောင်လဲနဂါး"

"သစ်ခုတ်ဝါးခုတ်တဲ့ကောင်တွေအသုံးပြုတဲ့ဖောင်"

ဖောင်ပေါ်သို့ တက်ပြီး ချည်နှောင်ထားတဲ့ ကြိုးတွေကိုဖြတ်ကာရေစီးကြောင်းအတိုင်း မျောလာခဲ့ကြသည်။

"ဟော.....ဖောင်ရပြီ"

ဖောင်ကိုကမ်းနားသို့ ရေစီးနှင့် တိုးကပ်ပြီး ခေါ်ဂျစ်ကားထဲမှ ...နှင့်ရိက္ခာတွေကိုဖောင်ပေါ်သို့ပြောင်းရွှေ့တင်ခဲ့ကြသည်။

"အတော်ပဲရေကျနဲ့မျောပြီးထွက်မယ်ဟေ့....."

ဖောင်ကြီးမှာကမ်းနံဘေးမှစတင်ပြီးမျောလာခဲ့တော့သည်။

"ဗဒူးဝါး ကျုပ်တို့စခန်း ထိကိုတော့ ထမ်းပြီးတင်ရမှာပေါ့"

"တင်ရမယ် သိပ်ပြီးတော့မဝေးပါဘူးနည်းနည်းတော့အပင်...ရမှာပဲဟေ့ဒီဆန်အိတ်နဲ့ရိက္ခာတွေကငါတို့အင်အားစုအတွက်...လလောက်တော့အေးအေးဆေးဆေးစားလို့ရပြီ"

"ဟိုကောင်ဂျင်ရူးဒါးကတော့မိုးမီးလောင်နေရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီးသေရာတဲ့စကားပေါ့ကွာဒီကောင်တွေကိုစုလို

တွေ့ပြီးတိုက်နိုက်ရတာသိပ်ကိုအရသာရှိတာ"

မိုးယံဦးကတော့ ဖောင်ကြီးပေါ်တင်ထားသော ဆန်အိ

တွေပေါ်မှာကျောခင်းပြီးလိုက်ပါလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

တိတ်ဆိတ်နေသော ညကလေးအောက်တွင် မီးပုံကလေး
ကိုတာ ဝိုင်းဖွဲ့ပြီး စကားပြောနေကြသည်။ ကောင်းကင်ယံထက်တွင်
အရောင်အပိုင်းအစ လေးက တိုးထွက်လျက်...

"ဗဒ္ဒးဝါးရဲ့ရင်နာစရာ အကြောင်းလေးကို ပြောပြမယ်ဆို ...."

"ပြောပြရမှာပေါ့ကွာ၊ ငါ့ဘဝမှာဘယ်လိုမှ မမေ့နိုင်တဲ့ အဖြစ်
အပျက်လေး တစ်ခုပေါ့"

ဗဒ္ဒးဝါး မျက်နှာပေါ်တွင် နာကျင်မှုလေးတစ်ခု ကပ်တွယ်သွား
ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဂျင်ရှူးဒါး ဆိုတဲ့ကောင်ကြောင့် ငါ့ဖနီးနဲ့ ငါ့သမီးဟာ သေဆုံး ခဲ့ရတယ်"

"ဟင်...သူက သတ်လိုက်တာလား"

"သူသတ်လိုက်တယ်ဆိုတာကို ခုထိတော့ တိတိကျကျ မသိရသေးပါဘူး၊ ဒါပေမယ့် ငါစုံစမ်းရသလောက်က ဂျင်ရှူးဒါးနဲ့ က လက်ချက်ဆိုတာတော့ သိထားတယ်"

"ဘယ်လိုလုပ်ပြီး သေဆုံးခဲ့တာလဲ ဖဒူးဝါး"

"ဒီလိုကွာ တစ်နေ့ ငါတောပစ်ထွက်တုန်း ငါ့ဖနီးနဲ့ သမီးဟာ မှိုတွေကိုတောစပ်မှာရှူးရင်း ကျန်ရစ်ခဲ့ကြတယ်လေ၊ ငါတောထဲ ဝင်ပြီး ဘာမှမကြာဘူး သေနတ်သံကြားတာနဲ့ ငါစိုးရိမ်ပြီး တောထဲ ပြန်ထွက်လာတော့ ငါ့ဖနီးရော ငါ့သမီးပါ သေဆုံးနေတာကို တွေ့ လိုက်တယ်၊ သတ်သွားတဲ့ကောင်တွေတော့ မတွေ့လိုက်ရဘူး ငါ့သမီး အင်္ကျီတွေစုတ်ပြဲပြီး လက်ထဲမှာ ဓါးမြှောင်ကိုဆုပ်ကိုင်ထားတာ တွေ့ခဲ့ရတယ်၊ ငါ့ဖနီးကတော့ ကျောပြင်မှာ သေနတ်မှန်ပြီး မှောက်လျက် သေဆုံးနေတယ်"

"ဖဒူးဝါး ဘယ်လိုထင်ထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ငါထင်တာကတော့ ဟိုရွှေမသားတွေ ငါ့သမီးကိုမတောင်းကြဖို့ကြိုးစားတာ ငါ့သမီးက ဓါးနဲ့ ထိုးလိုက်လို့ သတ်ပစ်လိုက် ဘာဖြစ်မယ်၊ ငါ့ဇနီးကတော့ သမီးအတွက်သေ ခဲ့ရတာပဲဖြစ်မယ်၊ ငါနောက်ပိုင်း စုံစမ်းကြည့်တော့ ကန္နားဗိုက်မှာ ဓါးဒဏ်ရာရှိနေတာကို သိရတယ်၊ ကိုယ့်ဘက်က ဒီထက်ခိုင်လုံတဲ့ သက်သေမရသေးလို့ စောင့်ကြည့်နေတာ။ ဒီကောင်တွေလက်ချက်ဆိုတာတော့ သိနေတယ်၊ ရွာမှာ ဒေသနတ်ကိုင်နိုင်တာ ဒီကောင်တွေပဲ ရှိတာ။ သူတို့မဖြစ်ရင် ဘယ်သူဖြစ်မလဲ... ဒီကောင်တွေကို ရှောင်းပြီး လုပ်ကြံခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး၊ ဒတော့ မိုးယံတို့နဲ့ပေါင်းပြီး ရွှေမသားတွေကို အမှန်ဖြစ်အောင်ကို လုပ်ရမယ်....တစ်သက်မကျေဘူး”

ဗဒူးဝါးအံကိုကြိတ်ပြီး ပြောနေလေသည်။

“ခုဆို ကျုပ်တို့မှာ အင်အားက (၁၀) ယောက်ဆိုပေမယ့် အရည်အချင်းရှိမယ် ဆိုရင် ဒီကောင်တွေကို စိန်ခေါ်လို့ရပါပြီ”

“တစ်ခုတော့ ပြောချင်တယ်”

“ဘာများလဲ အောင်ဘ”

“ကျွန်တော်တို့ အဖွဲ့မှာ ခေါင်းဆောင်ကောင်း တစ် ယောက်



www.burmeseclassic.com

www.burmeseclassic.com


တော့လိုအပ်တယ်နော်"

"ဟုတ်တယ် ခေါင်းဆောင်တစ်ဦးကတော့ ရွေးချယ်ရမှာ

ခေါင်းဆောင်ရှိမှအစီစဉ်ရှိမှာ"

မိုးယံဦးဘာမှမပြောဘဲ "သုန်" လုပ်ပြီးပေးသည့်ရေခွေးခွက်

လေးကိုယူပြီးသောက်နေလိုက်သည်။

"မင်းတို့ခေါင်းဆောင်တစ်ဦးကိုရွေးကြလေ"

"ဗဒူးဝါးက ကျွန်တော်တို့ ထဲမှာအသက်ကြီးဆုံး ဆိုတော့

ခေါင်းဆောင်လုပ်ပါလား"

"ဟာ ...... ငါ့အရည်အချင်းက ခေါင်းဆောင်တစ်ယောက်ရဲ့

အရည်အချင်းမျိုးမရှိဘူး .... မင်းတို့အားလုံး သဘောတူမယ်ဆိုရင်

မိုးယံဦးကိုခေါင်းဆောင်တင်ချင်တယ်"

"သဘောတူတယ်ဗျို့...."

"သဘောတူတယ်"

"ကိုမိုးယံဟာ ခေါင်းဆောင်ပီသတဲ့ လူတော်တစ်ယောက်

ဆိုတာကိုကောင်းကောင်းကြီးသဘောပေါက်တယ်"

"အားလုံးသဘောတူပြီဆိုရင်ဒီနေ့ကစပြီးမိုးယံဦးက ခေါင်းဆောင်


www.burmeseclassic.com

www.burmeseclassic.com



ခြစ်တင်ပြောက်လိုက်ပြီ"

"ရှိုး.....ဖြောင်း.....ဖြောင်း......ဖြောင်း"

မိုးယံဦးက ထိုင်နေရာမှ ထပြီး...

"စုလို ခေါင်းဆောင်တစ်ဦးရဲ့ တာဝန်ကို ပေးတဲ့အတွက် ကျေးဇူးပါတယ်၊ ပေးအပ်တဲ့ခေါင်းဆောင်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါ့မယ်။ တစ်ခုတော့ပြောထားချင်တယ် ကျွန်တော်တို့(၃) ယောက်ဟာ ဒီနယ်မြေမှာ စုလိုလက်နက်ကိုင်ပြီး တိုက်ခိုက်ဖို့လာခဲ့ကြ သူတွေ မဟုတ်ပါဘူး။ အကြောင်းတစ်ခုနဲ့ လာကြတဲ့သူတွေပါ .... ဒါကြောင့် ဂျင်ရူးအဲ့ တို့ကို ချေမှုန်းပြီးတာနဲ့ ကျွန်တော်တို့ ဌာနေကို ပြန်ကြမှာပါ.....ဒါကိုတော့ ခွင့်ပြုကြပါ"

"ခွင့်ပြုပါတယ် မိုးယံ၊ ငါတို့ နယ်မြေမှာ ဂျင်ရူဒါးနဲ့ ကနူးလို ကောင် မျိုးတွေ မရှိတော့ရင် အေးချမ်းသွားမှာပါ"

"သူတို့ကိုရင်ဆိုင်ဖို့အတွက် ပြောက်ကျားစနစ်နဲ့တိုက်ခိုက်ပြီး အမှည့်ခွေတဲ့နည်းကို ကျင့်သုံးရမယ်... ဘာကြောင့်ဒီနည်းကို သုံးရ သလဲ ဆိုရင် သူတို့က လက်နက်ရောလူအင်အားပါ သာတယ်၊ ထိုးစစ် တိုက်ဝင်ပြီးတိုက်ရင် ကိုယ့်ဘက်က အောင်နိုင်ဖို့မလွယ်ကူနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးယံကောင်းသလိုစီစဉ်ပါ"

"ဟုတ်ပါတယ် ကိုမိုးယံ စီစဉ်တဲ့ အတိုင်းပဲ ကျွန်တော်တို့ လိုက်နာမှာပါ"

"ကိုအောင်ဘုနဲ့စောထူးသာ...မင်းတို့ရွာက အမာခံတွေထံက သတင်းကိုတော့ရအောင်ယူကြရမယ်"

"ဒီတာဝန်ကိုစိတ်ချပြီးတော့နေပါကိုမိုးယံ"

"မိုးယံ ...မိုးယံ"

"ဘာလဲ...ဒီ"

"ဟိုတောင်ခြေကိုကြည့်စမ်း....."

"ဟင်"

တောင်ခြေနှင့်ခပ်လှမ်းလှမ်းတွင်မီးရောင်တဝင်းဝင်းကိုလှမ်းတွေ့လိုက်ကြရသည်။...

"အောင်ဘု...ဘယ်လိုကောင်တွေဖြစ်နိုင်မလဲ"

"ဒီလမ်းကြောင်းက ဖြစ်နိုင်တာဆိုလို့ ဘိန်းမှောင်ခို ကောင်တွေနဲ့လက်နက်မှောင်ခိုကောင်တွေပဲဖြစ်ဖို့များတယ်"

"ဘိန်းမှောင်ခိုကောင်တွေတော့ စိတ်ဝင်စားစရာ မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



လက်နက်မှောင်ခိုသမားတွေဆိုရင်တော့စိတ်ဝင်စားတယ်"

"တောင်အောက်ကိုဆင်းပြီးကြည့်ကြမလား"

"ဒီ .... မင်းနဲ့ စောရူးတို့(၃)ယောက် "သုန်"တို့နဲ့ နေခဲ့ ငါတို့အောက်ကိုဆင်းပြီးကြည့်မယ်"

"အေး ..."

ညီညီဒီကို ထားခဲ့ပြီး တောင်အောက်သို့ ဆင်းခဲ့ကြတော့သည်၊ မိုးယံဦးတို့ စခန်းချထားသော တောင်ခြေနှင့် တစ်ဖက်တောင်တမ်းတွင်မြင်းတွေကိုဆွဲပြီးသွားနေသောလူများကိုတွေ့လိုက်ရသည်၊

"ကိုမိုးယံ... မြင်းတွေပေါ်မှာ တင်ထားတာ သေတ္တာတွေနဲ့ တူတယ်"

"ဖြစ်နိုင်တယ်အောင်ဘု"

"ဒါဆိုရင် သေချာသွားပြီ လက်နက်မှောင်ခို အုပ်စုတွေပဲ ဖြစ်မယ်"

မိုးယံဦးလရောင်အလင်းနှင့်လက်နက်မှောင်ခိုသမားများကို ရေတွက်ကြည့်တော့...အားလုံး(၇)ဦးမြင်းတစ်ကောင်စီကိုဆွဲလာသာ...

"နားကြမယ်ဟေ့..."



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးမှမြင်းကိုဆွဲလာသူက အသံပြုလိုက်သည်နှင့် နောက်မှလိုက်ပါလာကြသူများမှာ မြင်းတွေကို သစ်ပင်များတွင် ချည်ပြီး ခြေလက်ပစ်နားကြလေသည်။

"ဒီကောင်တွေ စရီးပန်းလာတဲ့ပုံပဲ"

"ဟုတ်တယ် ကိုမိုးယံ"

သစ်ပင်ခြေရင်းတွင် တစ်ယောက်တကွဲစီ နားနေခြင်းကြောင့် မိုးယံဦးတို့ လူစုခွဲပြီး သစ်ပင်ခြေရင်းနားတိုးကပ်ကာ ....

"ရှောက်"

"ဟာ"

"တစ်ယောက်မှ မလှုပ်နဲ့ မင်းတို့အသက်တွေကိုနမြောတယ်ဆိုရင် သေနတ်တွေ ဘေးချပြီး နောက်ကြောင်းကို ပြန်ပြီးလှည့်ဖို့ သဘောပြင်ကြ"

"ကျုပ်.... ကျုပ်တို့ကို မသတ်ပါနဲ့ ဆရာတို့ရယ်..... ကျွန်တော်တို့က သယ်ယူရေးသမားတွေပါ"

"မင်းတို့ကို ရန်မမူဘူး..... အန္တရာယ်မရှိဘူး.... ကိုယ့်လမ်းအတိုင်းသာ ပြန်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်....ဟုတ်ကဲ့"

လက်နက်မှောင်ခိုကူးနေသူများထဲတွင် အငှားလုပ်ကိုင်ကြရသော သယ်ယူရေးသမားများမှာ သူတို့ နောက်ကြောင်းခရီးကို ဆက်သွက်သွက်ပဲထွက်သွားကြတော့သည်။

မိုးယံ ဓါတ်မီးရောင်နှင့် သေတ္တာတွေကို ဖွင့်ပြီးကြည့်တော့ သေနတ်တွေက အနည်းငယ်သာပါပြီး လက်ပစ်ဗုံးနှင့်မိုင်းများ၊ ကျည်ဆံများကိုများပြားစွာတွေ့လိုက်ရသည်။

"ငါတို့အတွက်အဆင်ပြေတဲ့ပစ္စည်းတွေပဲ"

"ဒီထက်အဆင်ပြေတာမြင်းတွေကိုရလိုက်တာပဲ"

"ဟုတ်တယ်ဟေ့"

"တောင်ခြေမှာမြင်းတွေကိုထားခဲ့ပြီးခဲယမ်းသေတ္တာတွေကို အပေါ်ကိုသယ်ကြဟေ့"

မြင်းတွေကို ကိုယ်စီ ဆွဲခဲ့ကြပြီး တောင်ခြေတွင်မြင်းတွေကို ထားကာမိုးယံဦးတို့ရရှိလိုက်သော လက်နက်၊ခဲယမ်း၊ မီးကျောက်များ ကိုသယ်ယူကြတော့သည်။

"မိုးယံသေနတ်သံတောင်မကြားလိုက်ရပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တွေတွေ့ခဲ့ကောင်တွေကကြားခံသယ်ယူရေးသမားတွေ ဆိုတော့ ခပ်လွယ်လွယ်ကလေးနဲ့ ရလိုက်တာပေါ့ကွာ၊ သုန် ရော အိပ် ပြီလား"

"မအိပ်သေးပါဘူး .... မင်းတို့ အတွက်အိပ်ရာ ခင်းကျင်း ပေး နေတယ်"

တစ်ဦးနှင့်တစ်ဦး အခက်အခဲ အန္တရာယ်များကို ဖြတ်ကျော် လာခဲ့ကြသူတွေဖြစ်ခဲ့သဖြင့်တစ်ဦးပေါ်တစ်ဦးထားရှိသော သံယောဇဉ် မှာ တခြားသံယောဇဉ်များနှင့် မတူဘဲ သံမဏိကြိုးတွေလို ခိုင်မာ နေ လေသည်။

"ဒီ"

"မင်းဘာပြောချင်လဲပြောလေ"

"ငါတို့ရဲ့ခရီးစဉ်ဆုံးသွားရင်မင်း "သုန်" အတွက်ဘယ်လိုစဉ်း စားထားလဲ"

"သုန်ဟာ ငါတို့ညီမလေးတစ်ယောက်လိုခင်တွယ်နေပြီဆို တော့ငါတို့အသက်ရှင်နေသရွေ့သူ့ကိုစောင့်ရှောက်ရမှာပေါ့ကွယ်"

"မင်းကိုငါတစ်ခုပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ…"

"ငါတို့စလုပ်နေတဲ့အလုပ်တွေက အသက်နဲ့ရင်းပြီးလုပ်ကိုင်နေကြရတာ ဆိုတော့ မင်းနဲ့ငါဟာ သုန်အတွက် အသက်ရှင်ဖို့တော့လိုတယ်"

"ဟုတ်တယ်မိုးယံ….ငါလည်းဒါကိုတွေးမိတယ်၊ ငါ့ထက်မင်းက သုန့် ဘဝကိုပိုပြီးစောင့်ရှောက်နိုင်မှာဆိုတော့ မင်းအသက်ရှင်ဖို့က အရေးကြီးတယ်"

"ဒီ….. ငါက မင်းတို့ရဲ့ခေါင်းဆောင်လုပ်နေတာလေ၊ မင်းတို့ အဆုံးပြီး ငါမကျဆုံးရင် ငါဟာ ဘာမှ အဓိပ္ပါယ်မရှိတဲ့ ခေါင်းဆောင် ပဲဖြစ်မယ်၊ ဒီနေ့ကစပြီးမင်းဟာ "သုန့်" အတွက်အသက်ရှင်ပြီး ကျန်ရစ်ခဲ့မယ့်သူဖြစ်ရမယ်…ဒီ"



www.burmeseclassic.com

www.burmeseclassic.com

သုန်တို့နေ့လည်စာ စားပြီး ဂူကြီးအပြင်ဘက်တွင် ထိုင်နေ

အောင်ဘုနှင့်စောထူးသာ မြင်းကိုယ်စီနှင့် ပြန်ရောက်လာပြီး မြင်း

ကိုတောင်အောက်မှာထားရစ်ကာ တောင်ပေါ်သို့တက်လာခဲ့ကြသည်

"ကိုမိုးယံ"

"လာပေါ့...အောင်ဘုနဲ့စောထူးသာ ဘာတွေသတင်းထူး

"သတင်းထူးတာတော့ ဟိုကောင်ကနူး ဒီနေ့ည သူ့မင်္ဂလာ

ပြုလုပ်မယ်"

"ဒီကောင်မှာ မိန်းမရှိတယ်မဟုတ်လား"

"ခွေးမသားက ခုလိုပဲ သူသဘောကျတဲ့မိန်းကလေးဆို

ဖက်က ဘာပဲဖြစ်ဖြစ် အတင်းအဓမ္မလက်ထပ်ယူလေ့ပဲ။ ခုကော



www.burmeseclassic.com

www.burmeseclassic.com



...လေးက သူ့မှာချစ်သူရှိတာကို သိလျက်နဲ့ သက်သက်အနိုင်ကျင့် ပြီး ...ူတာ၊ နောက်သတင်းကိုစောထူးသာ...မင်းပြောပြလိုက်"

"နောင်သတင်းတစ်ခုက ဂျင်ရူးဒါးတို့မြန်မာပြည်ထဲကိုဘိန်း ...တွေ စက်လှေကြီးတွေနဲ့ သွင်းဖို့ လုပ်နေကြပြီ၊ ဒီညလောက် သွင်းနိုင် ...ယ်"

မိုးယံဦး...အောင်ဘုနှင့်စောထူးသာတို့စကားကိုသေချာစွာ ...ားပြီးနေစဉ်...

"မိုးယံ မင်းဘာလုပ်ဖို့စဉ်းစားမိလဲ"

"နစ်ပွဲလုံးကိုဒီညနွှဲမယ်"

"သိပ်ကောင်းတာပေါ့... မြင်းတွေကအဆင်သင့် ဆိုတော့ ...ရတာ စရိုးမကြမ်နိုင်ကြတော့ဘူး"

"အားလုံးပြင်ဆင်စရာ ရှိတာ ပြင်ဆင်ကြတော့၊ မိုင်းတွေကို ...တ်နဲ့ထည့်ယူလာခဲ့ကြ"

"မိုးယံ"

"မင်းနေခဲ့ပါ...ဒီရာ ဝါတို့စခန်းကြီးကိုကာကွယ်ဖို့တာဝန်က ...ရှုကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ညီညီဒီ....မိုးယံဦး စကားကို ဘာမှ ဆက်ပြီးမပြောဖြေမယ် မိုးယံဦးဘာကြောင့် သူ့ကိုထားခဲ့ ရသလဲဆိုတာ ကို သဘောပေါက် သည်။ "သုန္ဒ" အတွက်အသက် ရှင်ဖို့ သူ့ကိုထားခဲ့ ခြင်းပင်မဟုတ် လား....

မိုးယံဦးတို့မြင်းကိုယ်စီနှင့်ထွက်လာခဲ့ကြတော့သည်။ ရှေ့ တွင် လမ်းကြောင်းကျွမ်းကျင်သော အောင်ဘုနှင့် ဗဒူးဝါး တို့သွားပြီး နောက်တွင်မိုးယံဦးတို့လိုက်ပါလာခဲ့ကြသည်။ မိုးယံဦး ဖမ်းဆီးခဲ့သော မြင်းရိုင်းကြီးမှာ မိုးယံဦး အတွက်အကောင်းဆုံး မြင်းကြီးတစ်ကောင် ဖြစ်နေလေပြီ။

"ခွပ်.....ခွပ်.....ခွပ်"

တောလမ်းသွယ်ဆီမှမြင်းခွာသံတွေကပဲ့တင်ရိုက်ပြီး ထွက် နေဆဲ... မိုးယံဦးတို့အင်အားစု လမ်းတွင်မနားဘဲ ခုန်းစိုင်းပြီး လာခဲ့ကြ သောကြောင့်ရွာစပ်နားသို့မှောင်စပျိုးလောက်တွင်ရောက်ခဲ့ကြ၏။

"ဟိုမှာ ထိန်ထိန်လင်းနေတဲ့အိမ်က ကန္နမင်္ဂလာပွဲ လုပ်မယ့် အိမ်ဖြစ်မယ်"

"သိပ်ပြီး သေရှာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးယံဦးတစ်ချက်စဉ်းစားလိုက်ပြီး....

"အုပ်စု (၂)စု ခွဲပြီး လှုပ်ရှားမယ်၊ အောင်ဘုမင်းဦးဆောင်ပြီး မြစ်ဆိပ်က စက်လှေကြီးတွေ ဆီကိုသွားပြီး ဖျက်ဆီးလို့ဖြစ်မလား"

"သိပ်ဖြစ်တာပေါ့ဒီကောင်တွေ စုမင်္ဂလာဆောင်မှာ မူးရူးနေလောက်ပြီ...ဟိုမှာရှိရင် လေးငါးယောက်ပဲရှိမယ်"

"ဒါဆို လမ်းခွဲမယ်ပြီးရင် ဒီမှာပဲပြန်ဆုံကြမယ်"

"အင်း"

အောင်ဘုတို့ အုပ်စု မြစ်ဆိပ်ဘက်ကို ထွက်သွားသည်နှင့် မိုးယံဦးတို့ (၄) ယောက် မြင်းဖက်ကြိုးတွေကိုကျစ်ကျစ်ပါအောင် ဆုပ်တိုင်လိုက်ပြီး လက်တစ်ဖက်တွင် မီးနိုးပုံးတွေကိုကိုင်ဆောင်ကာ...

"တစ်ရှိန်ထိုး ပြေးဝင်ပြီး ပုံးတွေကိုပစ်မယ်...ပြီးတာနဲ့ နေရာတောင်းကနေရှင်းမယ် ကဲ သွားမယ်.....လာ"

"ခွပ်...ခွပ်...ခွပ်....ခွပ်"

မိုးယံဦးတို့ ရွာထဲသို့ မြင်းတွေကို ဒုန်းစိုင်းပြီး ဝင်ခဲ့ကြတော့သည်၊ ကနေးတို့အဖွဲ့တွေ မထင်မှတ်ဘဲ မြင်းခွာသံတွေကိုကြားလိုက်ရပြီး အံ့အားသင့် ရှိန်တွင် မိုးယံဦးတို့ မီးစိုးပုံးများကို မင်္ဂလာမြိန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ပစ်သွင်းလိုက်ကြသည်။

"ဝုန်း.....ဝုန်း.....ဝုန်း"

မီးခိုးပုံးများပေါက်ကွဲသံနှင့်အတူမီးခိုးလုံးကြီးတွေကလွှမ်းခြုံ

သွားပြီးဘာကိုမှမမြင်ရတော့ပေ။

"ဒိုင်း.....ဒိုင်း.....ဒိုင်း"

ကနူး၏ကောင်များမှာ အမှောင်ထဲတွင် စိတ်ထင်ရာကို ပစ်

ခတ်နေခြင်းကြောင့်...

"ခွေးမသားတွေရမ်းပြီးပစ်မနေနဲ့ ငါတို့ကိုထိမယ်ကွ"

ကနူးအသံနက်ကြီးဖြင့်လှမ်းပြီးအော်လိုက်တော့မှသေနတ်

သံရပ်သွားတော့သည်။ ထိုအချိန် တွင်မိုးယံဦး တို့(၄)ယောက်က

ကနူးလူတွေကိုပစ်ခက်ရန်အသင့်စောင့်နေကြသည်။

"ဟူး...မွှန်းလိုက်တာ"

မီးခိုးလုံးတွေကြားမှ ထွက်လာသူများကို တစ်ယောက်ချင်း

ပစ်ခတ်လိုက်ကြသည်။

"ဒိုင်း.....အား.....ဒိုင်း.....အီး"

"ဟင်...ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကနူးအပါအဝင် ကျန်လူတွေအားလုံး အံ့အားသင့်စွာဖြင့် ကြည့်နေ ရှိန်တွင်...

"အိုင်း ...... အား"

မိုးယံဦးပစ်လိုက်သူကကနူးကိုဖြစ်ပေမယ့်ကနူးတပည့်တစ်ယောက်က ရှေ့ကနေ ကာပေးသလို ဖြစ်သွားသောကြောင့် ကနူး သေနတ်ကျည်ဆံဘေးမှလွတ်မြောက်သွားသည်။

"ဝူး ---- ဝူး"

"ဟင်"

"မိုးယံ...ကုလားပုလိပ်ကားကွ မောင်းဝင်လာနေပြီ"

"မြင်းပေါ်တက်ပြီး ဆုတ်မယ်"

မိုးယံဦး တို့ မြင်းပေါ်သို့ ပြန်တက်ခဲ့ ပြီး ရွာနောက်ဘက်ဆီမှ ဆောက်ထွက်ခဲ့ကြတော့သည်။

"ဝုန်း...."

မြစ်ကမ်းနံဘေးကပေါက်ကွဲသံစပ်သွဲ့သွဲ့ကိုပါကြားလိုက်ရတော့သည်။

"အောင်ဘုတို့လက်ရုက်ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်ပါစေလို့ဆုတောင်းရမှာပဲ"

"ဟိုမှာလာနေကြပြီ"

"ခွပ်.... ခွပ်.... ခွပ်"

အောင်ဘုတို့ အဖွဲ့နှင့် ပြန်ဆုံကြပြီး နောက်ကြောင်းကို ပြန်ဆုတ်ခဲ့ကြတော့သည်။

"ဟား......ဟား......ဟား...."

စောထူးသာ အားပါးတရရယ်မောပြီး....

"တကယ်အရသာရှိတဲ့ပွဲပဲဟေ့..."



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

သုန်နှင့် ကျန်သူများမှာ မိုးယံတို့ ရင်ဆိုင်ခဲ့ရသော အဖြစ်အပျက်လေးကိုနားထောင်နေကြသည်။ အချိန်က အနောက်အာကာသီမှ နေဝန်းကြီးက တောင်တန်းကြီးကွယ်လုလု...

"ကိုမိုးရယ် ဟိုကောင်ကနူးမသာပေါ်ရမှာ....ဗျ"

"ဒီကောင် ကံကကောင်းတာ ငါလည်းသေချာပေါက်ဆိုပြီး ပစ်လိုက်တာပဲ....သေရင်တဲ့ကောင်က အမှတ်မထင် ရောက်လာခဲ့တာ ကွာ"

"ဒီပွဲကတော့ ဂျင်ရှူးဒါးရော၊ ကနူးတို့ ညီအစ်ကိုပါရော



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကိုခံစားရမှာတော့သေချာတယ်၊ ကျွန်တော်နဲ့ စောထူးသ
ကစက်လှေ (၂) စီးကိုပိုင်ပိုင်နိုင်နိုင် မိုင်းတွေထောင်ပေးခဲ့တာ…"

"ကြားရတဲ့အသံကြီးက အားရစရာကြီးပေါ့"

မိုးယံဦးတို့ အောင်ပွဲခံခဲ့သောအကြောင်းလေးတွေကို ပြ
ပြောင်းပြောရင်း ကျေနပ်မှုပီတိလေးတွေလွှမ်းလျှက်…

"ဟာင်…"

"ဘာဖြစ်တာလဲ ….ဗဒူးဝါး"

ဗဒူးဝါး အနောက်ဘက်တောင်တန်းကြီးပေါ်က တိမ်တိုက်
တွေကိုလက်ညှိုးထိုးပြကာ…

"ဒီတိမ်တွေလာပြီဆိုရင် မိုးသေချာပေါက်ရွာပြီ"

"ဟာင်"

"လူတွေကဂူထဲမှာနေလို့ကိစ္စမရှိဘူး တောင်ခြေကမြင်း
အတွက်ဒီမိုးနဲ့ဆိုမလွယ်ဘူး"

"ဒီမိုးက တစ်ခါရွာရင် သုံးရက်လောက် ဆက်တိုက်ရွာ
ဆိုဟုတ်လား"

"သိပ်ပြီးဟုတ်တာပေါ့စောထူးသာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြင်းခွာတွေကိုရေထဲမှာပစ်ထားလို့ကောင်းပါ့မလား"

"မကောင်းဘူးမိုးလုံတဲ့နေရာမှာထားစေချင်တယ်.....ဟုတ်ပြီ ရေတံခွန်နောက်က ဂူကြီးထဲကို ဆွဲပြီး သွင်းထားရင်ကောင်းမယ်"

"ဗဒူးဝါး ကောင်းမယ်ဆိုရင် ခုတစ်ခါတည်းသွားပြီးလုပ် ကြမယ်"

"အေး"

မိုးယံဦးဆင်းမည်အပြု....

"မင်းနေခဲ့ပါကွာ ငါဆင်းပြီးလုပ်လိုက်ပါ့မယ်"

မိုးယံဦး ဘာမှမပြောတော့ဘဲ ညီညီဒီကို ပြုံးပြပြီး နေရစ်ခဲ့တော့သည်။ ညီညီဒီတို့တောင်ခြေကိုဆင်းသွားပြီး သိပ်မကြာ မိုးစက်ကလေးတွေကပ်ပါလာတဲ့ လေကြမ်းကလေးက စတင်ပြီး တိုက် ခတ်နေလေပြီ။

"သုန်"

"ရှင်"

"ဂူထဲကိုပြန်ဝင်ကြတော့ ခုတိုက်တဲ့လေက ချမ်းစိမ့်စိမ့်ကြီး"

"ဟုတ်တယ်နော်...မြလေးရေ အဝတ်တွေမြန်မြန်ရုပ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး အေး..."

မိုးယံဦးတို့တစ္စေ ဂူထဲကို ရောက်သည်နှင့် မိုးစက်ပေါက်ကြီးတွေစတင်ပြီး ကျရောက်လေသည်။

"ဒီတို့တော့.....မိုးမိပါပြီ"

"တကယ်ကိုအေးစိမ့်တဲ့မိုးပဲနော်"

"စောရူး"

"ဗျာ....ကိုမိုးယံ"

"ဂူထဲမှာ မီးဖို ခပ်ကြီးကြီးလုပ်ကွာ .... တောင်ခြေကလူတွေ ပြန်ရောက်ရင် ခပ်နွေးနွေး လေးဖြစ်သွားအောင်"

သုန်နှင့်မြလေးတို့က ရေနွေးတွေကိုအဆင်သင့်သောက်ဖို့ အတွက်ပြင်ဆင်ထားလေသည်။

"ဝေါ.....ဝုန်း"

"ဟင်"

"ဟယ်"

လေရောမိုးပါ သည်းထန်စွာ ရွာသွန်းနေလေတော့သည်။ "သုန်" ညီညီဒီနှင့်တောင်ခြေကိုဆင်းသွားသူများအတွက်စိုးရိမ်မှုလေး



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်ပြီးဂူအပြင်သို့မျှော်နေမိသည်။

"မြန်မြန်လာကြပေါ့ .....ဒီမိုးရေက ကြာကြာအထိစံလို့ မရဘူး"

ဗဒူးဝါးတစ်ယောက်အော်ဟစ်ပြီးဂူထဲသို့ဝင်လာခဲ့သည်။

"ဒီ.... အဝတ်အစားတွေ အမြန်လဲလိုက်"

"ဟီး......ဟီး"

ညီညီဒီတစ်ယောက် ရှမ်းသဖြင့်တုန်ယင်နေလေပြီ။ "သုန်" ထိုအဝတ်အစားတွေကိုယူပေးလိုက်ရသည်။

"မြန်မြန်ဝတ်ပြီးရေနွေးလေးသောက်လိုက်နော်"

"အင်း"

ညီညီဒီခေါင်းကိုသာ ညိတ်လိုက်ပေမဲ့တစ်ကိုယ်လုံးမှာတုန်နေတာကပြယ်မသွားပေ။

"ဒီတော့ဖျားပြီထင်တယ်"

"ဟုတ်တယ်ဗျာ...တစ်ကိုယ်လုံးကိုခိုက်ခိုက်တုန်နေတယ်"

သုန် စောင်တစ်ထပ်ကို ညီညီဒီ ကိုယ်ပေါ်တွင် ခြုံပေးကာ ဘေးတွင်ဝင်ထိုင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ဒီ..... ဒီဆေးခါးလေးကို သောက်လိုက် ပြီးတာနဲ့ အ

တော့"

"ဟုတ်ကဲ့"

ဗဒူးဝါးပေးသော ဆေးခါးလေးကို ရေနွေးနှင့် သောက်ပြ

အိပ်ဖို့ပြင် လိုက်သည်။ "သုန်"က ခြေရုံးခေါင်းရုံး စောင်ကိုခြုံပေးထ

သေးတွင်ထိုင်နေပေးလိုက်သည်။

ညီညီဒီကတော့ အဖျားရှိန်ကြောင့် ညည်းညူသံလေးထ

ထွက်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သုန်တို့ အဖွဲ့တွေ အပြင်မှာ ရွာနေသောမိုးကြောင့် ဘယ်မှသွားနိုင်တော့ဘဲ ဂူကြီးထဲတွင် စောင်ကိုယ်စီနှင့် ကွေးနေကြသည်။

"သုန်"

"နင်ဘာပြောမလို့လဲ ဒီ"

"ငါ့ကို ခုလိုပြုစုပေးတာကို ကျေးဇူးတင်ပါတယ်ဟာ"

"ဒီနင်အဲ့လိုစကားတွေပြောမနေနဲ့၊ နင်နဲ့ငါက မောင်နှမတွေ

www.burmeseclassic.com

www.burmeseclassic.com



တစ်တွေယောက်ဖြစ်ရင် တစ်ယောက်က ခုလိုပဲ ပြုစုပေးရမှာပေါ့ နောက်ဒီစကားမျိုးဘယ်တော့မှမပြောနဲ့"

"ဟုတ်ကဲ့ပါခင်ဗျာ ဒါနဲ့မိုးယံတစ်ယောက်ရော"

"ဗဒ္ဒးဝါးနဲ့တောင်အောက်ကိုစကားဆင်းသွားတယ်"

"မိုးရေထဲဟာ တော်ကြောင့်ါလို ဖျားနေဦးမယ်"

"မဖျားနိုင်ပါဘူးဘာလို့လဲဆိုတော့ နင်ကစပ်နနလေးလေ"

"သုန်ရေ.....နင်ပြောသလိုပါပဲဟာ ငါ့ဘဝ တစ်သက်တာ နေထိုင်ခဲ့ရတဲ့ ဘဝဟာ လူပျော့ လူညံ့ တစ်ယောက်လို ဖြစ်လို့လေ ဒီဒဏ်တွေကို နောက်ဆိုရင် ငါ ခံနိုင်ရည်ရှိအောင်လုပ်ရမယ်... ဟော ဒီကညီမလေးကိုကာကွယ်ပေးနိုင်မှာပေါ့"

"သုန်"ကြားလိုက်သော စကားလေးကြောင့်ရင်မှာ ပီတိလှိုင်း ကလေးတွေထသွားတော့သည်။

"ဒီ ရယ် ငါတို့ဘဝတွေရဲ့ခရီးအဆုံးကို အတူမခွဲဘဲ သွားရမှာ တယ် သိလား"

"ငါတို့ရင်ထဲမှာလည်း ဒီလိုဆန္ဒတွေနဲ့ ပါဟာ..... နေတို့ နေတာဟာ သာမန်ကိုစွလေးတစ်ခုမဟုတ်တော့ဘူး ပြဒေမဲ့ရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့သူတွေကိုတိုက်ခိုက်နေတဲ့အဖွဲ့ကလေးဖြစ်နေပြီ"

"ဟုတ်တယ်နော် ... ဂျင်ရှူးဒါးတို့လို ကနူးတို့လို လူတွေရဲ့အောက်မှာနေ နေရတဲ့လူတွေအတွက်ငါတို့ကောင်တွေကကိုယ်ကျိုးမဲ့ဝင်ပြီး လုပ်နေရတာ၊ ငါတို့ထွက်လာခဲ့တဲ့ရည်ရွယ်ချက်တွေက တစ်မျိုးခုလုပ်ဆောင်နေရတဲ့အလုပ်တွေကတစ်မျိုးဖြစ်နေပြီနော်၊ ဂုဏ်ယူဖို့တော့ကောင်းပါတယ်"

"မိုးယံဟာ တကယ်လေးစားဖို့ကောင်းတဲ့ အစ်ကို တစ်ယောက်ပါဟာ၊ သူဟာအရည်အချင်းပြည့်ဝတဲ့ ယောကျ်ားတစ်ယောက် ဆိုတာကို ကောင်းကောင်းသဘောပေါက်ခဲ့ပြီ"

"ငါတို့အစ်ကိုရကံကောင်းတာပေါ့"

"ဟေ့...မောင်နှမနှစ်ယောက်ဘာတွေတွတ်ထိုးနေတာလဲ"

"မိုး...အဝတ်အစားတွေလဲဦးလေ"

သုန်ကမျက်နှာသုတ်ပဝါလေးကိုယူပေးလိုက်သည်၊ ညီညီဒီအတွင် မိုးယံဦး ဝင်ပြီးထိုင်ကာ...

"ဒီသက်သာရဲ့လား"

"ကောင်းကောင်းကြီးကိုလန်းသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးကတော့ တဖြည်းဖြည်းစဲသွားပါပြီ၊ မနက်ဖြန် လောက်ဆို အပြင်ကိုထွက်လို့ရပြီ"

"မိုးတို့ ဘာတွေစီစဉ်ထားသေးလဲ"

"အခုပွဲက ခပ်ကြမ်းကြမ်း နွှဲရမယ့်ပွဲပဲ ဆုန်ရေ"

"ဟင်......ဘယ်လိုပွဲလဲ"

"ဂျင်ရူးဒါးတို့နဲ့ ပတ်သက်တဲ့ သူပုန်တစ်ဖွဲ့ကို ကြားကနေ ဖြတ်ပြီး တိုက်ရမယ့်ပွဲတစ်ခု၊ ဒီသူပုန်အဖွဲ့က အနောက်ဘက်ရွာက လူငယ်တွေကို ဝင်ပြီး ဖမ်းမယ်၊ ပြီးရင်မိန်းကလေးတွေကို တစ်ဖက်နိုင်ငံကို ရောင်းစားဖို့ဝင်ဖမ်းကြမှာကို သတင်းနိုင်နိုင်လုံလုံ ရခဲ့ပြီး သူတို့လာမယ့် လမ်းကြောင်းကို ကြားကနေ ငါတို့က ဖြတ်ပြီး တိုက်ကြရမှာ"

"အင်အားကောင်းမှာပေါ့ မိုးယံ"

"ရွာကိုဝင်ပြီး စီးကြမှာဆိုတော့ အင်အားတော့ ကောင်းမှာပဲ ကိုယ့်ဘက်က ပိပိရိရိ သေသေသပ်သပ် လုပ်ဆောင်ရမှာပေါ့"

"ငါလိုက်ချင်တယ် မိုးယံ"

"ငါတို့အတွက် ရှေ့ထွက်ပြီး တိုက်တဲ့ တာဝန်ကြီး သူတို့နောက် တန်းကနေ စခန်းကို ကာကွယ်ပေးတဲ့ တာဝန်ပိုင်းကလည်း သိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတယ်၊မင်းဖနောက်တန်းကိုလုံခြုံအောင်ကာကွယ်ပါဒီရာ...”

“ကိုမိုးယံ......ကိုမိုးယံ”

“ဘာဖြစ်တာလဲမောင်ရေး”

“ကျွန်...ကျွန်တော်တို့ဂူဘက်ကိုမျောက်အုပ်ကြီးတက်လာ

နေတယ်”

“ဘာ”

“ဟင်”

ဗဒူးဝါး ဂူဝဆီသို့ ထွက်ပြီး အခြေအနေကို အကဲခတ်လိုက်

သောအခါ...

“မိုးယံရေ သေနတ်တွေပြင်ကြတော့”

ဂူထဲမှာရှိကြသော အဖွဲ့သားအားလုံး သေနတ်ကိုယ်စီ ဆွဲပြီး

ဂူဆီသို့ထွက်ခဲ့ကြတော့သည်။

“အမေ့...”

သုန်မျက်လုံးတွေပင် မယုံနိုင်အောင်ဖြစ်သွားတော့သည်။

“ပစ်.....ပစ်”

“ဒိုင်း ... ဒိုင်း ....ဒိုင်း ....ဒိုင်း”



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်များကြားတွင် သေနတ်သံတွေက ရှုည်ပွက်လော ရိုက်ခတ်သွားတော့သည်။ ကျည်ဆံတွေကြားမှာ မျောက်များ တစ် ကောင်ပြီးတစ်ကောင်ကျဆုံးပေမယ့်ဂူပေါက်ဆီသို့ဆက်ပြီး တက်လာ ဆဲဖြစ်သည်။

"မိုးယံ"

"ပြော ...ပဒ္မဝါး"

"ဒီအတိုင်းဆက်ပြီးဖြစ်နေရင်ကျည်ဆံသာကုန်သွားမယ်"

"လက်ပစ်ဗုံး သုံးမလား"

"ဟာ စောထူးသာ မလုပ်နဲ့ လက်ပစ်ဗုံး ပေါက်ကွဲမှု အရှိန် ငါတို့ဂူကြီးကိုရိုက်ခတ်သွားမယ်မလုပ်လိုက်ကြနဲ့"

မိုးယံဦး ဘာလုပ်ရမလဲဆိုတာ သေသေချာချာ စဉ်းစား တရိပ်ရိပ် တက်လာသောမျောက်အုပ်ကြီးကို သေချာစွာ ကြည့်လိုက် တော့...

"ဟုတ်ပြီ"

မျောက်အုပ်၏အလယ်တွင်ထီးထီးမားမားကြီး ရပ်နေသော မျောက်ကြီးတစ်ကောင်ကိုတွေ့လိုက်ရသည်။ထိုမျောက်ကြီးသော



www.burmeseclassic.com

www.burmeseclassic.com



တခြားမျောက်များနှင့် မတူသောမျောက်(၃) ကောင်ကိုပါတွေ့လိုက်သဖြင့်တစ်ကောင်ချင်းကိုချိန်ပြီးပစ်ချလိုက်တော့သည်။

"ဒိုင်း ..... ဂိး..."

ပထမဦးဆုံးအကောင်ကိုထိမှန်သွားပြီးရှေ့သို့တက်နေသောမျောက်အုပ်ကြီးတန့်သလိုဖြစ်သွားပေမယ့်ဆက်ပြီးတက်နေဆဲ...

"ဒိုင်း.... ဒိုင်း ..."

မိုးယံဦးသည်ထိသွားသောအကောင်၏နောက်မှမျောက်(၂)ကောင်ကိုပါ ဆက်တိုက် ပစ်ချလိုက်သဖြင့် ကျန်မျောက်များ အားလုံးတောင်အောက်ကိုဆင်းပြေးကုန်တော့သည်။

"ဟူး....မိုးယံရေမင်းစိတ်ကူးကောင်းသွားလို့ပေါ့"

"ဟုတ်တယ် ကိုမိုးယံသာ စိတ်ကူးမကောင်းရင် ဒီမျောက်အုပ်ကြီးကိုဘယ်လိုမှပစ်လို့ကုန်မှာမဟုတ်တော့ဘူး"

"ကျုပ်လည်းအရဲစွန့်ပြီး ဆုံးဖြတ်ချက် ချလိုက်ရတာပဲ"

"မျောက်သားတော့တဝကြီးစားရမယ်ပေါ့"

သုန်တို့အားလုံး စုမှ သက်ပြင်းချနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

မိုးယံဦးတို့သူပုန်အဖွဲ့ကိုတိုက်ခိုက်ရန် နေရာရွေးလိုက်သည့် နေရာမှာ ချောက်ကမ်းပါးကြီး (၂)ခုကိုဖြတ်ပြီးဆောက်ထားသော သံ တံတားကြီးတစ်ခုပင်....သံတံတားကြီး၏တစ်ဖက်တွင် နေရာယူထား ကြဖေမယ့် မိုးယံဦး၊ အောင်ဘု နှင့် စောထူးသာတို့က တံတားကြီး အောက်တွင်မိုင်းများကိုတပ်ဆင်နေလေသည်။

"ဝှီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ.....ကိုမိုးယံ ကားသံတွေကြားတယ်"

"ဒီကောင်တွေ လာပြီနဲ့တူတယ် မင်းတို့ဘက်ကာပြင်ပြီးပြီလား"

"ပြီးသွားပြီ"

"ဒါဆို မြန်မြန်ပြန် ပြီးတက်ကြ"

တံတားအောက်မှ အပေါ်သို့ပြန်တက်ခဲ့ကြကာ တစ်ဖက်တွင်နေရာယူလိုက်ကြသည်။ အဝေးဆီမှ ဒုတိယကမ္ဘာစစ်သုံး ကားကြီး (၂) စီးနှင့် သူပုန်အဖွဲ့တွေ အပြည့်ပါလာသည်ကို တွေ့လိုက်ရသည်။

"အောင်ဘုသ တီတော့ရှိဟော့"

"ဟုတ်ကဲ့"

"ငါတို့က ဒီမိုင်းအားကိုးပြီး ဒီကောင်တွေကို တိုက်ခိုက်ရမှာ"

"စိတ်ချပါ ကိုမိုးယံ"

သူပုန်များ၏ ကား (၂) စီးမှာ တံတားကြီးကို စတင်ပြီးဖြတ်တော့စဉ်...

"ဖောင်း...."

"ဟာ"

ရှေ့မှာ လာနေသော ကားမှာ ဘီးပေါက်သွားပြီး တံတားကြီး

www.burmeseclassic.com

www.burmeseclassic.com



အလယ်တွင်ရပ်တန့်သွားသည်။

"အောင်ဘ...မိုင်းစလုတ်ကိုနှိပ်တော့လေ"

"ချောက်.....ချောက်"

"ဟင်"

"ဟာ"

မိုင်းမှာပေါက်ကွဲခြင်းမရှိသည်ကိုတွေ့လိုက်ရသည်။

"တစ်ခုခုလွတ်နေပြီ"

"ကျွန်တော်သွားမယ်"

"အောင်ဘ...သတိနဲ့သွား"

"ဟုတ်ကဲ့"

အောင်ဘကျောက်တုံးကြားမှ ဘေးသို့ကပ်ပြီးဆင်းကာမိုင်း

ကြိုးများကိုသေချာစွာစစ်ဆေးရင်းတံတားအောက်ဆီသို့ရောက်သွား

တော့သည်။

"ဝူး...ဝူး"

"ဟင်"

သူပုန်တပ်ဖွဲ့၏ ကားများ ဘီးပြန်ပြီးတပ်ဆင်ပြီး ၍မော

www.burmeseclassic.com



ထွက်လာခဲ့နေလေပြီ၊ အောင်ဘုရထိထွက်မလာသေးပေ၊ မိုးယံဦးတို့ဘာလုပ်ရမည်ကိုစဉ်းစား၍မရနိုင်အောင် ဖြစ်နေသည်၊

"ကိုမိုးယံ"

နဂါးခေါ်သံကို မိုးယံဦး သဘောပေါက်သည်၊ လက်ကိုသာတာပြုပြီး သေနတ်ကိုတင်းကျပ်စွာ ဆုပ်ကိုင်ထားသည်၊

"ဟို.....ဟိုမှာအောင်ဘု.....ဟာ...သူတို့မြင်သွားပြီ"

"ဒိုင်း ... အား"

အောင်ဘုကို လှမ်းပြီးမြင်လိုက်ပေမယ့် ထိုသူပုန်ကို မိုးယံဦးက ဦးအောင် ပစ်ချလိုက်သည်နှင့် သူပုန်တွေကားပေါ်မှ ဆင်းကာ မိုးယံဦးတို့ကိုပစ်ခတ်တော့သည်၊

"အောင်ဘု....ဒီဘက်ကိုလာ"

အောင်ဘုကိုလက်ဆွဲပြီး ဘေးသို့ကာပ်ထားလိုက်သည်၊

"ကိုမိုးယံပြုတ်နေတာကိုတပ်ပြီးသွားပြီ"

"စောထူးသာ...မိုင်းလေလှလ်တွေကိုဖြုတ်လိုက်တော့"

"ဟုတ်"

"ဝုန်း......ဝုန်း.....ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသံကြီးမှာ ကြောက်စမန်းလိလိ ထွက်ပေါ်လာပြီး တံတားကြီးပေါ်မှ သူ့ပုန်များမှာအဝှားအရှုံးကျကုန်တော့သည်။

"ပစ်....."

မိုးယံဦးတို့ဘက်မှ တစ်ဖက်တွင်အားနည်းနေ ရှိန်၌ဆက် တိုက်ပစ်စတ် ထိုက်မိုက်သောကြောင့်သူ့ပုန်တပ်ဖွဲ့ဝင်တချို့တံတား နောက်ဘက်ဆီသို့ ပြန်ပြီးရုတ်စွာသွားကြသည်။ တံတားပေါ်တွင် သူ့ပုန်တပ်ဖွဲ့ဝင်တွေမြင်၍မကောင်းအောင်တွေ့နေရလေသည်။

"အောင်ပြီဟေ့.... အောင်ပြီ"

တိုက်ပွဲ က ပြီးဆုံးသွားပြီ ဖြစ်သဖြင့် ကျောက်တုံးကြီးများ အကွယ်မှအားလုံးထွက်ခဲ့ကြတော့သည်။

"ဂျိုင်း"

"ဝုန်း... ဟာ.... ဟင်"

လက်နက်ကြီးကျည်များမိုးယံဦးတို့အနီးနားတွင်ကျရောက် ပေါက်ကွဲသွားသည်။

"ဟင်"

အနောက်ဘက်ဆီမှ ခေတ်မီတင့်ကားတစ်စီးပေါ်ပါတွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ..မိုးယံဦးတို့ ဘယ်နည်းနဲ့ မှ စုစုရန်မဖြစ်နိုင်တော့သည်ကို သဘောပေါက်လိုက်သည်။

"ဂျိုင်း .... ဝုန်း"

"အား ...."

"နဂါး ..., မောင်ရှူး"

နဂါးနှင့်မောင်ရှူးတို့ကို လက်နက်ကြီး ကျည်ဆန်မှ ယမ်းစများမှန်သွားသဖြင့်ကျန်တဲ့သူတွေက တွဲပြီးခေါ်ရကြရသည်။ လက်နက်ကြီးကျည်တွေကအဆက်မပြတ်ကျရောက်ပေါက်ကွဲနေသည်။

"မိုးယံရေ ဆက်ပြီးပြေးလို့မလွတ်နိုင်ဘူး"

"ဗဒူးဝါး ကျုပ်ဒီကနေ လက်နက်ကြီးကားကိုရှင်းမယ်"

"မိုးယံ ...."

"သူတို့ကို ရအောင်ခေါ်ပြီးသာ သွားပါ"

"ငါတို့သေတူရှင်တူပဲကွာ"

"ကျုပ်က ခေါင်းဆောင် ကျုပ်ပြောတာကို မှစင်ဗျားတို့ နားထောင်ဘူးဆိုရင်တော့ ကျုပ်ကိုခေါင်းဆောင်လို့မသတ်မှတ်နဲ့"

ဗဒူးဝါး ဘာမှ ဆက်ပြီး မပြောနိုင်တော့ဘဲ ဒဏ်ရာရနေသော



www.burmeseclassic.com

www.burmeseclassic.com



နစ်ယောက်ကိုတွဲပြီးဆုတ်သွားတော့သည်။ မိုးယံဦးသေနတ်ကိုကိုင်ပြီး တင့်ကားကိုလှေ့လာလိုက်သည်။

"ကျွတ် ..... ဖြောင်း ... ဝုန်း"

တင့်ကားကြီးက တံတားပေါ်မှ ကားတွေကိုတိုက်ပြီး မောင်း ထွက်လာနေသည်။

"ဟင်"

တင့်ကားကြီးနှင့် မလှမ်းမကမ်းတွင် အောင်ဘုကျန်ရစ် သော မိုင်းအိတ်ကြီးကိုတွေ့လိုက်ရသည်။

မိုးယံဦးမိုင်းအိတ်ကြီးကိုသေချာစွာချိန်ထားပြီး တင့်ကားကြီး မိုင်းအိတ်အနားသို့ရောက်လာချိန်ကိုစောင့်နေသည်။

ရောက်သည်နှင့်...

"ဒိုင်း ..."

"ဝုန်း ...."

တင့်ကားကြီး ပေါက်ကွဲသံကြောင့် ရပ်တန့်သွားပေ ပျက်စီးခြင်းတော့မရှိပေ။ တင့်ကားကြီးထဲမှပစ်ခတ်သူခေါင်းထွက်လာ သည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း.....အား"

မိုးယံဦးသေနတ်ကျည်ဆန်ကြောင့်နောက်ပြန်ကျသွားတော့သည်။

"ဟူး....."

မိုးယံဦး ခုမှပဲ သက်ပြင်းချနိုင်လေတော့သည်။ ခုမှပင် ပွဲက အကယ်ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

သေနတ်ကိုပခုံးပေါ်သို့တင်ပြီးတစ်လှမ်းချင်းလှမ်းထွက်လာခဲ့တော့သည်။

"သုန်" မိုးယံဦးတို့ပြန်လမ်းကိုညီညီဒီနှင့်အတူစောင့်နေစဉ် ဗဒူးဝါးတို့နဂါးနှင့်မောင်ရှေးကိုတွဲပြီးတောင်ပေါ်သို့တက်လာသည်ကို တွေ့လိုက်ရပေမယ့်မိုးယံဦးကိုမတွေ့ရပေ။

"ဗဒူးဝါး......မိုးရောဟင်"

"သူ.....သူ...."

ဗဒူးဝါးဆက်ပြောရန်စကားလုံးကိုမတွေ့သဖြင့်"သုန်"ရင်ထဲ အကြီးမားဆုံးတုန်လှုပ်သွားတော့သည်။

ညီညီဒီကပါ...

"ဗဒူးဝါးပြောမှာသာပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူနောက်ကနေ ခံပစ်ရင်းကျန်ခဲ့တယ်၊ ဘယ်လိုဆိုတာ တော့မသိဘူး၊ ငါတို့က အတူပြန်ရခံဖို့ပြောတာကို သူက လက်မခံဘူး ငါတို့ကို အတင်းရောက်နိုင်းပြီး သူနေခဲ့တယ်"

"ဟင်"

"ဟာ"

သုန်ရင်ထဲတွင် ကြေကွဲဝမ်းနည်းမှုတွေ ဝင်ရောက်လာ တော့သည်။

မျှော်လင့်ခြင်းများစွာနှင့် လှမ်းပြီးကြည့်တော့ သုန့်မျက်ဝန်း အိမ်ထဲတွင် မျက်ရည်စတွေကြောင့်ဝေဝါးနေသည်။

"သုန်…"

"ဒီ…"

"သုန့်"လက်မောင်းလေးကိုညီညီဒီဆုပ်ကိုင်ပြီး နှစ်သိမ့်အား ပေးမှုပြုလုပ်လိုက်သည်။

"ကို….ကို….ကိုမိုးယံ ပြန်လာပြီ"

"ဟယ်…"

သေနတ်လေးကို ထမ်းပြီး တောင်ပေါ်သို့ တက်လာသော မိုးယံဦး



www.burmeseclassic.com

www.burmeseclassic.com



ခြင်မှ ရစ်ဝဲနေသော မျက်ရည်တွေက ပါးပြင်ပေါ်သို့ကျတော့သည်၊ တြကွဲခြင်းမှကြည်နူးခြင်းအသွင်ပြောင်းသွားသော မျက်ရည်တွေပင် ဖြစ်သည်။

"မိုး"

"သုန်...

သုန်သည်ကလေးငယ်တစ်ယောက်လိုမိုးယံဦးရင်ခွင်ထဲတိုး င်ပြီးငိုချလိုက်သည်၊

"ဟီး...ဟီး...ဟီး..."

"သုန်ကတော့ကလေးလေးကျနေတာပဲ၊ကဲ...တိတ်တိတ်"

သုန်မျက်ဝန်းစပ်မှ မျက်ရည်လေးတွေကို သုတ်ပေးရင်း က်ရာရခဲ့ကြသောနဂါးနှင့်မောင်ရေးတို့ထံကိုသွားသည်၊

"ဗဒ္ဒုးဝါး ...ဘယ်လိုလဲ"

"ပေါင်နဲ့ ခြေထောက်ကို ထိသွားတာပါ စိုးရိမ်စရာ မရှိပါဘူး ယံ..."

"ဟူး ...တော်သေးတာပေါ့ဗျာ ..... ကျုပ်က ဒီကောင်တွေကို းမိနေတာ"



www.burmeseclassic.com

www.burmeseclassic.com


"တစ်ပတ်လောက်ဆေးကုလိုက်ရင်သက်သာသွားမှာပါ"

"ဗဒူးဝါးရေ... ကျုပ်တို့အတွက် ပြင်းထန်တဲ့ တိုက်ပွဲကို ရင်ဆိုင်ရတော့မယ်"

"ဖြစ်နိုင်တယ် မိုးယံ ဒီကောင်တွေ ဒီလောက်အထိနာ သွားပြီဆိုရင် ငါတို့ကိုအမဲဖျက်သလိုဖျက်ကြတော့မှာ မိုးယံ... ဘယ်လိုစီစဉ်ရင်လဲ"

"ကျုပ်တို့အတက်လမ်းနဲ့ အဆင်းလမ်းက တစ်ခုတည်းဖြစ်နေတယ်။ ဒါကြောင့် အဆင်းလမ်းတစ်ခုကို ကြိုတင်ပြီး လုပ်ထားရင်တယ်၊ ဂျင်ရှူးဒါး၊ ကနူးနဲ့ သူ့ပုန်အဖွဲ့တွေကပေါင်းပြီးတိုက်ကြမှာကသေချာနေပြီ"

"မနက်က စပြီး နောက်ကျောကနေ အဆင်းလမ်းတစ်ခုကိုဖောက်ကြတာပေါ့"

"အမြန်ဆုံး လုပ်ကြမယ် ဗဒူးဝါးရေ"

သုန်နှင့်ညီညီဒီတို့၏ပခုံးတစ်ဖက်စီကိုမိုးယံဦး ဖက်ပြီးဂူတြားရှေ့မှရေတံခွန်စီးဆင်းနေတဲ့နေရာလေးဆီသို့ထွက်လာခဲ့ကြသည်။

"သုန်"


www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ငါဟာ မင်းတို့အတွက်အသက်ရှင်နေဦးမှာပါကွာ"

"ခရီးဆုံးတဲ့ထိ အတူတူ အသက်ရှင်ချင်တယ်မိုး"

"ငါ့ရင်ထဲမှာလည်း သုန့်လို ဆန္ဒတွေ ရှိပါတယ် ဒါပေမယ့် ကံ တရားဆိုတာ ပြောရခက်တယ်လေ၊ ငါတစ်ခုခုကြောင့် ကျဆုံးသွားပြီ ဆိုရင် "ဒီ" မင်းဒီနယ်မြေကနေ အမြန်ဆုံးစွန့်ခွာပြီး ငါတို့ မြေပေါ်ဆီကို ပြန်ပါကွာ၊ သုန်အတွက် ငါပိုင်ဆိုင်တဲ့ အိမ်နဲ့ ခြံတွေအားလုံးကို လွှဲပေး လိုက်မယ်၊ ဒီအတွက်ငါ စာတစ်စောင်ရေးပေးထားတယ်၊ ဒီလူဆီကို သွားပြီးပေးလိုက်ရင် မင်းတို့နှစ်ယောက်ဘဝ တစ်သက်လုံး အေးအေး ဆေးဆေး နေနိုင်မယ်"

"မိုးရယ် ... ဝမ်းနည်းစရာ စကားတွေကို မပြောပါနဲ့လား"

"မင်းတို့ ရင်ထဲမှာ ကြေကွဲစရာတွေကို ကြိုတင်ပြီး ခံစားနိုင် အောင်လို့ပါ"

"မိုးယံ ... သုန့်စိတ်မကောင်းဖြစ်နေပါမယ်ကွာ ပြောမနေပါနဲ့ တော့၊ မင်းလည်းပင်ပန်းနေပြီ ဂူထဲမှာ သွားပြီးနားလိုက်တော့၊ ငါ အဆင်းလမ်းအတွက် သွားပြီး ဗဒူးဝါး နဲ့ ကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

မချော်လံင့်ပဲ ရှုံခဲ့ကြသော သံယောဇဉ် ပန်းပွင့်လေးတွေ နွမ်းကြွေသွားမှာကို (၃) ယောက်လုံးစိုးထိတ်နေကြတာအမှန်ပင်...



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းခန်း

သုန်တို့တောင်၏ အနောက်ဘက်မှ ဆင်းလမ်းကြီးကို (၃) ရက်တိုင်တိုင် ဖောက်လုပ်ပြီးစီးသွားခဲ့လေပြီ။ မကြာခင်သူတို့ ဆီသို့ ရောက်ရှိလာမည့်အန္တရာယ်တစ်ခုကိုရင်ဆိုင်ဖို့အတွက်လည်းပြင်ဆင် ထားကြသည်။

"ဒတ်...ဒတ်...ဒတ်"

"ဟာ...ဟင်...ဟိုက်"

ရဟတ်ယာဉ်တစ်စီး ပျံသန်းလာသည်ကိုတွေ့လိုက်ရသည်။

"အားလုံး နေရာယူထားကြ"

www.burmeseclassic.com

www.burmeseclassic.com



မိုးယံဦးနေရာယူဖို့ အော်ပြောလိုက်ပြီး ရဟတ်ယာဉ်ကြီး

အခြေအနေကိုစောင့်ကြည့်နေသည်။

"ရှိုး ...."

"ဝုန်း ...."

ရဟတ်ယာဉ်ကြီးဆီမှ စတင်ပြီးပစ်ခတ်နေလေပြီ။

"ရွှေမသား ဂျင်ရူးအိုး နဲ့ ကနေ"

ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူက မိုးယံဦးတို့၏ ရန်သူ

တော်ကြီး နှစ်ဦးပင်ဖြစ်သည်။ မိုးယံဦး အောက်ခြေမှ ခုခံပေမယ့် ထိ

ရောက်မှုမရှိလှပေ။

"တောင်ခြေမှာ သူပုန်တွေတက်လာနေပြီဟေ့"

"ဂျိုင်း ... ဝုန်း"

"ဒိုင်း .... ဒိုင်း.... ဒတ် ....ဒတ်"

ရဟတ်ယာဉ်ကြီးမှာ အပေါ်မှ စီးပြီး ပစ်သလို တောင်ခြေမှ

လည်း လူအင်အားအလုံးအရင်း နှင့် ပစ်ခတ်တက်လာသည်။

မိုးယံဦးတို့ ဂူကြီးထဲမှထွက်ပြီး နောက်ဆုတ်ဖို့မှာလည်း

မလွယ်လှပေ။ ရဟတ်ယာဉ်ကြီးမှ ပျံဝဲပြီး ပစ်ခတ်မှုကြောင့် ခေါင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ဖော်လို့မရအောင်ဖြစ်နေသည်။

"သုန် နဲ့ ဒီ"

"ဘာလဲ မိုးယံ"

"ဒီတိုက်ပွဲ ဟာ ငါတို့အတွက် နောက်ဆုံးတိုက်ပွဲပဲ မင်းနဲ့ သုန် ဒီနယ်မြေကနေ လွတ်အောင်ပြေးကြ"

"မိုး"

မိုးယံဦး သေနတ်ကိုကိုင်ပြီး ပြေးထွက်သွားသည်။ ကျည်ဆန်များမိုးရွာသွန်းနေသလို ပစ်ခတ်နေသည့်ကြားက မိုးယံဦး ရဟတ်ယာဉ်ကြီးနှင့် အနီးဆုံးနေရာကို ရအောင်သွားသည်။

"ဒိုင်း ....အား"

"မိုး...."

"မိုးယံ...."

ရဟတ်ယာဉ်ပေါ်မှ ကျည်ဆန်များ မိုးယံဦးကိုထိမှန်ပြီး နောက်ပြန်ကျသွား သည်နှင့် "သုန်" ပြေးထွက်မည် အပြု...

"သုန်..."

ညီညီဒီမှ သုန့်လက်မောင်းကို ဆွဲထားလိုက်သည်။

www.burmeseclassic.com



"နင်သွားလို့ မရဘူး ...ဓရှထွက်တာနဲ့ ကျည်ဆန်က နင့်ဆီရောက်လာလိမ့်မယ်....သုန်"

"ဟို....ဟိုမှာ....မိုးကိုကာယ်ပါဦး"

"သုန်" ပြောနေစဉ်မှာပဲမိုးယံဦး လဲကျနေရာမှပြန်ပြီးထကာ သူ့ဓသနတ်ကိုကောက်ယူလိုက်သည်။

"ရှောက်..."

ဓသနတ်မောင်းကို တင်လိုက်ပြီး သွေးတွေစီးကျနေသော လက်ဖြင့်ရပာတ်ယာဉ်ကြီး၏ပေါက်ကွဲနိုင်သောနေရာကို ချိန်ပြီးပစ်ချလိုက်တော့သည်။

"ဒိုင်း .."

"ဝုန်း ...."

"ဟာ.."

ရပာတ်ယာဉ်ကြီးမှာ ပေါက်ကွဲမှုကြီးနှင့်အတူ တောင်ခြေဆီသို့ ပျက်ကျသွားစဉ် ဂျင်ရှူးဒါး ၏တပ်ဖွဲ့ကြီးဆီသို့ ပြုတ်ကျသွားကာ အကြီးမားဆုံးပေါက်ကွဲထွက်သွားသည်။

"ဝုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

တောင်ကြီးတစ်ခုလုံးသိမ့်သိမ့်တုန်လှုပ်သွားတော့သည်။

"မိုးယံရေ တောင်ကြီး အခြေအနေ မကောင်းတော့ဘူး"

"ဟုတ်တယ် ဗဒူးဝါး ရှေ့ကနေ ဆင်းဖို့တော့ မရတော့ဘူး။ နောက်လမ်းကပဲ ဆင်းကြမယ်။ အားလုံးအပြင်ကို ထွက်ခဲ့ ကြတော့ ဟော့..."

ညီညီဒီနှင့်သုန်က မိုးယံဦးကိုတွဲပြီးတောင်ကြီးနောက်ဘက် ဆီမှဆင်းခဲ့ကြတော့သည်။

"ဝုန်း ... ဒုန်း"

ကျောက်တုံးတွေက ပြိုကျနေလေပြီ။ တောင်ကြီး အောက် ခြေသို့ မရောက်ခင် ပြိုကျမှုတွေက အရှိန်အဟုန်ပြင်းစွာ ဖြစ်ပေါ်နေ သည်။

"ဒီနဲ့ သုန် ငါ့လက်ကို ဆုပ်ကိုင်ထား ခုန်ချမှ ရတော့မယ်"

"အင်း"

တစ်ယောက်လက်ကိုတစ်ယောက်ဆုပ်ကိုင်ပြီးတောင်ကြီးရှိ ချောင်းကြီးထဲသို့ခုန်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း..."

"သုန်...."

"ဒီ...."

"မိုး...."

တစ်ယောက်နာမည်ကိုတစ်ယောက်ခေါ်ရင်းချောင်းကြီးထဲ မျောပါလျက်...

"ဟော့...ကြိုးကိုဆွဲထားကြ..."

ဗဒူးဝါးက ကြိုးတစ်ချောင်းကို လှမ်းပြီး ပစ်ပေးလိုက်သဖြင့် ညီညီဒီ ကြိုးစကိုဆွဲကာ ဗဒူးဝါး တို့ရောက်နေသော ဖောင်ကြီးဆီသို့ သုန်နှင့်မိုးယံဦးကိုဆွဲခေါ်ကာတက်ခဲ့ကြတော့သည်။

"မိုး....ဘယ်လိုနေသေးလဲဟင်"

"ငါဘာမှမဖြစ်ပါဘူး....ရုပ်ပြီးထိသွားတာပါငါတို့လူတွေရော စုံကြရဲ့လား"

"စုံတယ်မိုးယံ တစ်ယောက်မှ မကျန်ခဲ့ဘူး၊ အောင်ဘုနဲ့ စောထူးသာဖောင်ကိုဝါးလုံးနဲ့ထောက်ပြီးရေလယ်ဘက်ကိုအမြန်ဆုံး ရွှေ့ပေါ့..... ဖောင်ပေါ်က ကျောက်တုံးတွေ ဖောင်ပေါ်ကျရင် အားလုံး



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူး"

ဗဒူးဝါး အော်သံကြောင့် ဖောင်ကြီးကို အားစိုက်ပြီးတွန်းကာ ရေစီးသန်သော ရေလယ်ပိုင်းကိုရောက်မှ အမြန်ဆုံးမျောပါသွားတော့သည်။

"ဗဒူးဝါးရေ ပွဲက ပြီးသွားပြီနော်"

"ပြီးသွားပြီ မိုးယံ မင်းတို့ရဲ့ကျေးဇူးကြောင့် ဒီနယ်မြေမှာ မတရား အနိုင်ကျင့် အုပ်ချုပ်နေတဲ့ မိစ္ဆာကောင်တွေ နိဂုံးချုပ်သွားပြီ လေ...အားလုံးကိုယ်စား မင်းတို့ (၃) ယောက်ကို ကျေးဇူး အထူးတင် ပါတယ်"

"ရပါတယ် ဗဒူးဝါး ရယ်"

"မင်းတို့တို့ရွာမှာနေဦးမှာလား"

"မနေတော့ဘူးဗဒူးဝါး၊ ဒီခရီးဆုံးတာနဲ့ ကျုပ်တို့ပြည်ဘက်ကို ပြန်ပြီး ကူးကြတော့မယ်"

"ငါတို့ဆီကိုတစ်နေ့နေ့ တော့ပြန်လာခဲ့ပါကွာ"

"ပြန်လာနိုင်အောင်ကြိုးစားပါ့မယ်"

ဖောင်ကြီးမှာ သာယာလှပသော တောကြီးနှင့် တောင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေကိုကျော်ဖြတ်ရင်းမျောနေတော့သည်။

"မိုး....သုန်...ဆုတောင်းပြည့်ခဲ့ပြီနော်"

"အင်း..."

"ငါတို့(၃) ယောက်ဟာ စရီးဆုံးထိ မခွဲမခွာဘဲ သွားခဲ့နိုင်ပြီ မဟုတ်လား"

"ဒီ .... ဒီစရီးဆုံးကနေ နောက်စရီးများမှာလည်း မခွဲကြေး နော်...."

တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ပြီးလက်ကလေး သုံးဖက်တို့တင်းကျပ်စွာဆုပ်ကိုင်လိုက်လေတော့သည်။

ပရိသတ်များကိုအစဥ်လေးစားလျက်
ရွှေအခင်



www.burmeseclassic.com